ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ်၌ မီးသတ်ယာဉ်ခြောက်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၀၄]

ဒါနဥ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။ (box)

**ဒါနဥ္စ တေ်မင်္ဂလ မုတ္တမံ**
**စွန့်ကြဲပေးကမ်း**
**လှူဒါန်းခြင်းသည်**
**မြတ်သောမင်္ဂလာ မည်၏။**



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ်၌ မီးသတ်ယာဉ်ခြောက်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်

မီးသတ်ယာဉ်များကို လားရှိုးမြို့ အမှတ်(၃)၊ (၄)၊ (၇)၊ (၈) ရပ်ကွက်များနှင့် ဟိုပိတ် ကျေးရွာ၊ နမ့်ပေါင်ကျေးရွာများသို့ ပေးအပ်သွားမည်

စာမျက်နှာ ➢ ၃

# ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေ လိမ္မော်ရောင်အဆင့်သတ်မှတ်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ညောင်တုန်း ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေသည် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီအချိန် တိုင်းထွာချက်အရ ၂၅ ဒသမ ၅ ပေအထိ ရောက်ရှိနေပြီး မြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၅ ပေကို ကျော်လွန်လျက်ရှိရာ လိမ္မော်ရောင်အန္တရာယ်အဆင့် သတ်မှတ်ထားပြီး ရေဘေးကယ်ဆယ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၁၄ ကော်လံ ၁ ◆



## စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ

မြန်မာနိုင်ငံတစ်ဝန်း ယခင်တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံနှင့်အဝန်းဆည်တမံကြီးများ တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သောရေကို ရေလှောင်တမံကြီးများမှ ဖြန့်ဖြူးပေးနိုင်ရန် ဟူသော ရည်မှန်းချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ဒေသအတော်များများ မိုးစပါးသာမက နွေစပါးတို့အပြင် သီးနှံစုံစိုက်ပျိုးရေးကို များစွာအထောက်အကူပြုနိုင်ခဲ့ပါသည်။ ဒေသခံပြည်သူများ စိုက်ပျိုးရေးကောင်း၍ ဝင်ငွေစီးပွားတိုးတက်ခဲ့ပါသည်။ လူမှုဘဝများမြင့်မားလာပါသည်။

သို့ရာတွင် ယခုနှစ်အတွင်း မကြာသေးမီက ထူးကဲမိုးရွာသွန်းမှုကြောင့် ဆည်မြောင်းကန်ချောင်းများ၌ ရေများပြည့်လျှံခဲ့ပါသည်။ ရေပိုလွှဲများမှတစ်ဆင့် ရေများ အလိုအလျောက်ကျော်ဆင်းခဲ့ပါသည်။ ဩဂုတ် ၃ ရက်အထိ နိုင်ငံတစ်ဝန်း ရေပိုလွှဲများမှတစ်ဆင့်ရေကျော်ဆင်းခဲ့သော ရေလှောင်တမံ ၄၁ ခု အထိရှိခဲ့ပါသည်။ ရေပိုလွှဲများမှတစ်ဆင့် ရေကျော်ဆင်းမှုသည် အချို့ရေလှောင်တမံကြီးများတွင် ပမာဏအလွန်များ ပြားခဲ့ပါသည်။ ဤသို့ ရေကျော်ဆင်းမှုအလွန်များပြားရခြင်းမှာ အခြားကြောင့်မဟုတ်ပါ။ ထိုဒေသများ၌ မိုးရေချိန်လက်မ စံချိန်တင်ရွာသွန်းခဲ့သောကြောင့် ဖြစ်ပါသည်။ ရေပိုလွှဲများမှရေများအဆမတန် စီးဆင်းနေသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာများဖြစ်ခဲ့ရပါသည်။ ရေလှောင်တမံကြီးများမှတစ်ဆင့် ဖောက်ချနေသလားဟု ထင်မှတ်ရလောက်အောင် ဒေသခံများအဖို့ သံသယဖြစ်ခဲ့ရပါသည်။ စိုးရိမ်မှုများဖြစ်ခဲ့ရပါသည်။ အမှန်စင်စစ်စံချိန်သစ်တင်အောင်ရွာသွန်းခဲ့သောမိုးကြောင့်ပင် ရေကြီးရေလျှံမှုများဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။

ရေပိုလွှဲဟူသည်မှာ ဆည်တမံများစတင်တည်ဆောက်စဉ်ကပင် ဆည်တမံ၏ ခံနိုင်ဝန်အားပေါ်မူတည်၍ သူ့အလိုအလျောက် ရေများစီးဆင်းနိုင်ရန် တိတိကျကျတွက်ချက်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ကန်ရေပြည့်ပမာဏအလွန်များပြားလာ၍ ရေပိုလွှဲမှတစ်ဆင့်ဖောက်ချရန်အကြောင်းမရှိပါ။ သူ့အလိုအလျောက်သာ ရေများစီးဆင်းမည်ဖြစ်ပါသည်။

ယခုအခါ ကန်ရေပြည့်ပမာဏကို ကျော်လွန်၍ ရေများကျော်ဆင်းနေသောရေလှောင်တမံကြီးများတွင် ဆည်မြောင်းဦးစီးဌာနက ၂၄ နာရီစောင့်ကြပ်ကြည့်ရှုသောရေကင်းများချထားလျက်ရှိပါသည်။ သို့ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာမရှိနိုင်ပါ။ ဆည်တမံများကို အခိုင်အမာ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ပြည်သူများအနေဖြင့် ဆည်တမံများကြောင့် စိုးရိမ်ခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## နိုင်ငံအချင်းချင်း ဘာသာစကားအခက်အခဲကို ဖယ်ရှားမည့် စက်နှင့်ဘာသာပြန်ခြင်းစနစ် စီမံကိန်းကို အကောင်အထည်ဖော်

**ရန်ကုန် ဩဂုတ် ၄**



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ အမျိုးသားသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာအဖွဲ့(National Institute of Information and Communications Technology) တို့ ပူးပေါင်းဆောင်ရွက်မည့် စက်ဖြင့်ဘာသာပြန်ခြင်းစနစ် စီမံကိန်း ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ဘာသာစကား အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ကွန်ရက်ကို အခြေခံသည့် နှုတ်ထွက်စကားအချင်းချင်း ဘာသာပြန်သည့်စနစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ NICT သည် တတိယမြောက် စီမံချက်ကာလဖြစ်သည့် ၂၀၁၁-၂၀၁၅ ကာလအတွင်း ယင်း MoU ကို သုံးနှစ်တာကာလ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံနှင့် ၁၀ ခု မြောက် ချုပ်ဆိုသော နိုင်ငံဖြစ်သည်။

သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် သုံးနှစ်တာကာလအတွင်း သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ဝန်ထမ်းများနှင့် သုတေသနပြုမှုများ ဖလှယ်ခြင်း၊ ပူးပေါင်းသုတေသနပြုမှုကို မြှင့်တင်ခြင်း၊ နည်းပညာဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် စက်ဖြင့်ဘာသာပြန်ခြင်းစနစ် စီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း နားလည်မှုများ ပိုမိုတိုးပွားကာ ဘာသာစကား အခက်အခဲကို ဖယ်ရှားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ငဝန်ရေကာတာ ရေယိုစိမ့်ပေါက် စုပေါင်းအင်အားဖြင့် ထိန်းသိမ်းနိုင်

**ပုသိမ် ဩဂုတ် ၄**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာ မိုင်တိုင်အမှတ် ၄၅/၅ နှင့် ၄၅/၆ ကြားတွင် ဩဂုတ် ၃ ရက်က ရေယိုစိမ့်ပေါက်သုံးခု တွေ့ရှိရသဖြင့် ဌာနဆိုင်ရာများ ဖွဲ့/ထောက် ကော်မတီများ၊ မီးသတ်တပ်ဖွဲ့နှင့် မြို့ပေါ်ရပ်ကွက်များမှ ပရဟိတလူမှုရေး အသင်းလူငယ်များ၊ ပြည်သူများ စုစုပေါင်း ၁၀၀ ကျော်ဖြင့် ကတုတ်ရိုက် ရေပြွန်ထုတ်၊ ကျားကန်နည်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ရာ ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ တာရေယိုစိမ့်ရာသို့ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိ စစ်ဆေးခဲ့ပြီး လိုအပ်သော ကယ်ဆယ်ရေးသုံး ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အရေးပေါ်အခြေ အနေဖြစ်ပေါ်လာပါက ပရဟိတအဖွဲ့ အစည်းများကလည်း စုစည်းပါဝင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းနေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ ၃၀ ဒသမ ၀၅ပေသို့ရောက်ရှိနေသော်လည်း တာ၏ ကြံ့ခိုင်မှုမှာ ငါးသိုင်းချောင်းမြို့တွင် များစွာစိုးရိမ်ရသော အခြေအနေတွင် မရှိသေးကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။

# ပြည်သူ့ဆေးရုံများ၏အဆောက်အအုံ၊ ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာနှင့် ဝန်ထမ်းလိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်း

**နေပြည်တော် ဩဂုတ် ၄**



လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက လားရှိုးမြို့ရှိ ဇမ္ဗူအေး အေတီတပ်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ရွှေပြည်အေးဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ကမ္ဘဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ(၂၅၀၀) ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ (၄၁) တပ်ဦး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်း၍ သာဓုအနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ သူနာပြုသားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၏ နောက်ခံသမိုင်း ဖြစ်စဉ်အကျဉ်း၊ လက်ရှိရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအခြေအနေ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ တိုးချဲ့တည်ဆောက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူနှင့် အများဆုံးထိတွေ့ ဆက်ဆံဆောင်ရွက်နေရသည့် ပြည်သူ့ဆေးရုံများ၏ အဆောက်အအုံလိုအပ်ချက်၊ ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာလိုအပ်ချက်၊ ဝန်ထမ်းအင်အားလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဦးစားပေးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ယခုဆိုလျှင် လားရှိုးပြည်သူ့ဆေးရုံကြီး၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာလိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တိုးချဲ့တည်ဆောက်ရာတွင် မိမိတို့ရုံး၏ ဧရိယာအကျယ်အဝန်း၊ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာမည့် အခြေအနေများနှင့်ကိုက်ညီအောင် ဝိုင်းဝန်းစဉ်းစားပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားပြီး **(အပေါ်ပုံ)** တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် မြို့တော်ခန်းမ၌ကျင်းပသည့် လားရှိုးမြို့နယ်သို့ မီးသတ်ယာဉ် ခြောက်စီးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ရှမ်းပြည်နယ်လားရှိုးမြို့နယ်မှ မီးသတ်စခန်းများနှင့် မီးသတ်ယာဉ်များ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက မီးဘေးအန္တရာယ်နှင့် ရေးကြီးရေလျှံမှုအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရန် နည်းလမ်းများနှင့် မီးသတ်ယာဉ်များလှူဒါန်းရခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကိုကျင်းပရာ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်းနှင့် ဇနီးတို့က မီးသတ်ယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မီးသတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးသည်။

ယနေ့ ပေးအပ်လှူဒါန်းသည့် မီးသတ်ယာဉ်ခြောက်စီးသည် နယူးစတားလိုက်ကုမ္ပဏီနှင့် စေတနာရှင်ပြည်သူများက စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး အဆိုပါမီးသတ်ယာဉ်များအား လားရှိုးမြို့ အမှတ်(၃)၊ (၄)၊ (၇)၊ (၈) ရပ်ကွက်များနှင့် ဟိုပိတ်ကျေးရွာ၊ နမ့်ပေါင်ကျေးရွာများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## IATSS Forum အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာသည် ဂျပန်နိုင်ငံ၊ ဆူဇူကာမြို့ရှိ IATSS (International Association of Traffic and Safety Sciences) Secretariat ရုံးမှ General Manager Mr.Seiji KURAFUJI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီခွဲက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ Alumni Association of IATSS forum Myanmar မှ ဥက္ကဋ္ဌ ဦးကျော်ဒေဝလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် IATSS Forum သို့ လွှတ်တော်ရုံးများမှ အရာထမ်းများ တက်ရောက်နိုင်ရေးကိစ္စရပ်များနှင့် IATSS Forum အနေဖြင့် လက်ရှိမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဗန်ကောက်မြို့အခြေစိုက် ကင်ညာသံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၄**

ဗန်ကောက်မြို့အခြေစိုက်သည့် ကင်ညာနိုင်ငံသံအမတ်ကြီး မစ္စတာ ပက်ထရစ်ခ် ဆီမိယု ဝါမိုတိုအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကင်ညာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ကင်ညာသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ သဘောတူပြီးဖြစ်သည်။

မစ္စတာ ပက်ထရစ်ခ် ဆီမိယု ဝါမိုတိုအား ၁၉၆၁ ခုနှစ် ဇန်နဝါရီလတွင် မွေးဖွားသည်။ နိုင်ရိုဘီတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဆိုင်ရာဘွဲ့ကို အထူးအောင်အထက်တန်းအဆင့်(၂)ဖြင့် အောင်မြင်ခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံ အောက်စ်ဖို့တက္ကသိုလ်မှ သံတမန်ရေးရာဒီပလိုမာဘွဲ့ကိုလည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ နိုင်ငံအများနှင့် သံတမန်ဆက်ဆံရေး ဒီပလိုမာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် လက်ထောက်အတွင်းဝန်(၃)အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် နိုင်ငံရေးနှင့်သံတမန်ရေးရာ အတွင်းဝန်အဆင့်သို့ ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် ကင်ညာနိုင်ငံဌာနချုပ်များနှင့် နိုင်ငံခြားအဖွဲ့ရုံးများတွင် အမြဲတမ်းအတွင်းဝန်၊ ပထမအတွင်းဝန်၊ ဒုတိယအကြီးအကဲနှင့် ညွှန်ကြားရေးမှူးစသည့် ရာထူးတာဝန်အသီးသီးဖြင့် ထမ်းဆောင်ခဲ့သည်။ ကင်ညာနိုင်ငံကိုယ်စားလှယ်အဖြစ် နိုင်ငံတကာအစည်းအဝေးများနှင့် တွေ့ဆုံဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကင်ညာနိုင်ငံသမ္မတမှ ၎င်းအား ကင်ညာနိုင်ငံသံတမန်ဆက်ဆံရေး၏ စံပြုထိုက်သူ The Order of the Burning Spear, 2nd Class (Elder of the Burning Spear -EBS) ဘွဲ့ကို ပေးအပ်ခဲ့သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။ ၂၀၁၃ ခုနှစ် မေလတွင် တောင်အာဖရိကနိုင်ငံဆိုင်ရာ မဟာမင်းကြီးအဖြစ် ခန့်အပ်ခြင်းခံရပြီး လီဆိုသိုဘုရင်နိုင်ငံနှင့် ဆွာဇီလန်နိုင်ငံတို့တွင် ပူးတွဲသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

ဗန်ကောက်မြို့အခြေစိုက်သည့် ကင်ညာနိုင်ငံသံအမတ်ကြီး မစ္စတာ ပက်ထရစ်ခ် ဆီမိယု ဝါမိုတိုသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကင်ညာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

**(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၄ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၄ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃ ဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၄ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၆၁ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၅ ဦး စုစုပေါင်း ၂၀၇၃ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၅၆ ပါတီနှင့် တစ်သီးပုဂ္ဂလ ၆၇ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးကြီးမည့် တိုင်းဒေသကြီး/ပြည်နယ်များ

**နေပြည်တော် ဩဂုတ် ၄**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတော်နှင့် တပ်မတော်၏သဘောထားသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးပါဝင်သည့် နိုင်ငံတော်၏အကျိုးကိုဆောင်ရွက်နေခြင်းဖြစ်





**နေပြည်တော် ဩဂုတ် ၄**

တစ်ဦးနှင့်တစ်ဦး မကြာခဏ ထိတွေ့ပြောဆိုခြင်းဖြင့် တစ်ယောက်သဘော တစ်ယောက်သိပြီး ယုံကြည်မှုပိုမိုရရှိသည်ကို နှစ်ဦးနှစ်ဖက် လက်ခံထားပြီးဖြစ်ကြောင်း၊ ယင်းသို့ တွေ့ဆုံ၍ အမြင်ချင်းဖလှယ်နိုင်ခြင်းအားဖြင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးကိစ္စရပ်များ ခိုင်ခိုင်မာမာနှင့် ရှေ့ဆက်တိုးလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် မိမိအနေဖြင့် ငြိမ်းချမ်းရေးအောင်မြင်ရမည်ဟု ယုံကြည်ထားပါကြောင်းဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့လေးဖွဲ့အားတွေ့ဆုံရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှ‌ဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များ၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) မှ စောရင်နုနှင့် အဖွဲ့ဝင်များ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(KKO)မှ စောမူရှေးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်နယ်တပ်မတော် (RCSS/SSA) မှ စိုင်းလနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် အမှန်တကယ် ငြိမ်းချမ်းရေးလိုလားပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နိုင်မည်ဟု ခိုင်ခိုင်မာမာ ရပ်တည်ပြောဆိုခဲ့ကြောင်း၊ ယခုသွားနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို အားလုံးကလက်ခံပြီးဖြစ်ကြောင်း၊ မိမိသဘောဆန္ဒနှင့် မကိုက်ညီသည့် နိုင်ငံရေးအရ လိုအပ်ချက်များရှိကောင်းရှိနိုင်သော်လည်း ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေရှာသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံ၏ ရှေ့ရေးပေါ်တွင်မူတည်၍ ရပ်တည်နေခြင်းဖြစ်ပြီး အမြတ်ထုတ်ရန်မရှိပါကြောင်း၊ နိုင်ငံ၏ရှေ့ရေးကိုကြည့်ရာတွင်လည်း အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနှင့် ယှဉ်ပြီးကြည့်ရန်လိုကြောင်း၊ မိမိနိုင်ငံသမိုင်းကြောင်းနှင့် တည်ရှိမှုအနေအထားအပေါ်မူတည်ပြီး နိုင်ငံတကာနှင့်ချိန်ထိုး၍ တိုးတက်အောင် ခံယူလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံမှုသည် Step တစ်ခုအတွက် ခိုင်မာသည့် ခြေလှမ်းတစ်ခုရမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူ အားလုံးပါဝင်သည့် နိုင်ငံတော်၏ အကျိုးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းရင်းသားငယ်၊ တိုင်းရင်းသားကြီး၊ လူများစု၊ လူနည်းစု၊ ဆင်းရဲချမ်းသာ လူနေမှုအဆင့်အတန်းမြင့်မားမှု၊ အားနည်းမှု စသည့်ခွဲခြားမှုများ လုံးဝမရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြတ်မထုတ်ကြဘဲ ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းကြောင့် ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် လမ်းကြောင်း ဖြောင့်ဖြူးနေပါကြောင်း၊ မိမိတို့အားလုံး မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည်ကို ရဲရဲပြောနိုင်ကြောင်း၊ KNU ၏ သဘောထားမှာ NCA လက်မှတ်ထိုးပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် KNU မှ အတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောတာဒိုမူး၊ ဥက္ကဋ္ဌ၏နိုင်ငံရေးနှင့် စစ်ရေးအကြံပေး စောထူးထူးလေး၊ KNU/KNLA(PC) အဖွဲ့မှ စောရင်နု၊ KKO အဖွဲ့မှ စောမူရှေး၊ RCSS/SSA အဖွဲ့မှ စိုင်းလတို့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းဆဲဖြစ်သည့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်၊ ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုခြင်းနှင့် သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (EITI) လုပ်ငန်းစဉ်များ၊ နိုင်ငံရေးအာမခံချက်၊ စစ်ရေးအာမခံချက်နှင့် လူမှုရေးအာမခံချက်ဆိုင်ရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲစတင်ရေးဆိုင်ရာ အချိန်ဇယားတို့အား ဆွေးနွေးတင်ပြကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံရေးအာမခံချက်နှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေချိန်တွင် အဓိကမှာ တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအကြား လုံးဝခွဲခြားမှုမရှိ၍ နိုင်ငံရေးအာမခံချက်ပေးလို့ရသည်ဟု ပြောနိုင်ကြောင်း၊ စစ်ရေးအာမခံချက်နှင့်ပတ်သက်၍ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသည့် အဖွဲ့များနှင့်ပတ်သက်ပြီး အာမခံနိုင်ကြောင်း၊ လက်မှတ်မထိုးသေးသည့် ကျန်ရှိအဖွဲ့များအနေဖြင့်လည်း တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒပါအချက်များကို အလေးထားလိုက်နာပါက ပြဿနာမရှိနိုင်ကြောင်း၊ ယင်းအဖွဲ့အစည်းများ မှန်ကန်စွာရပ်တည်နေထိုင်မှုအပေါ်တွင်သာ မူတည်ကြောင်း၊ လူမှုရေး အာမခံချက်ဖြစ်သည့် စားဝတ်နေရေးကိစ္စ၊ စီးပွားရေးကိစ္စများသည်လည်း မဖြစ်မနေလုပ်ဆောင်ပေးရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ အဓိကမှာ ယုံယုံကြည်ကြည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ယုံကြည်မှု၊ ရိုးသားမှု၊ ကတိတည်မှု စသည့်အချက်သုံးချက်မှာ အရေးကြီးပါကြောင်း၊ အမှန်တကယ် ရိုးရိုးသားသားနှင့် ငြိမ်းချမ်းအောင်လုပ်ဆောင်ပါက လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အကောင်းဆုံးဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(မြဝတီ)**

# ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ဒေါ်လာ ၁၂၀၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျံသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများထံ အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ သံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြောက်ဦးမြို့သို့ရောက်ရှိပြီး သျှစ်သောင်းပုထိုးတော်ကြီးရှိ ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် အဝတ်အထည်များကို လက်ရောက်လှူဒါန်းသည်။

ယခုခရီးစဉ်တွင် သံအမတ်ကြီး မစ္စတာဟုန်လျံက "မနက်ဖြန် (ဩဂုတ်လ ၅ ရက်) မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရခိုင်ပြည်နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များကို ကယ်ဆယ်ရေးသင်တန်းတွေ ပို့ချပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

လက်ရှိကာလတွင် ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို တပ်မတော်(လေ)မှ ရဟတ်ယာဉ်သုံးစင်း၊ Y-8 အမျိုးအစား လေယာဉ် နှစ်စင်းနှင့် တပ်မတော်(ရေ)မှ ရေယာဉ်ငါးစင်းတို့ဖြင့် ကူညီထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပြောသည်။

သံအမတ်ကြီး မစ္စတာဟုန်လျံ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် သီဟ ၉၁ အရာရှိများ မိသားစုနှင့် Yangon Media Group မိတ်ဆွေများအဖွဲ့တို့ကလည်း ငွေကျပ် သိန်း ၅၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျံ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပစ္စည်း ပေးအပ်စဉ်။**




## နိုင်ငံတကာသတင်း

အိန္ဒိယအရှေ့ပိုင်းပြည်နယ် အနောက်ဘင်ဂေါတွင် ရေကြီးမှုကြောင့် သေဆုံးမှုနှုန်း ၇၀ ထိ ရှိလာပြီဖြစ်ပြီး လူဦးရေ ၃ ဒသမ ၆ သန်းကျော်သည် ရေဘေးဒုက္ခခံစားနေရကြောင်း ဒေသတွင်းမီဒီယာက ဩဂုတ် ၄ ရက်တွင် သတင်းထုတ်ပြန် ကြေညာသည်။

ပြည်နယ်ဝန်ကြီး မာမက်တာ ဘန်နာဂျီးက ရေလွှဲဆည်မှ ရေလွှတ်မှုကြောင့် ၄င်းပြည်နယ် ရေကြီးခြင်းကို ပြစ်တင်ဝေဖန်လျက်ရှိသည်။ လွန်ခဲ့သောသီတင်းပတ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၄င်းပြည်နယ် ရေကြီးရခြင်းဖြစ်ကြောင်း အင်ဒို-အာရှ သတင်းအေဂျင်စီက ဖော်ပြသည်။

သေဆုံးသူအများစုမှာ ဓာတ်လိုက်ခြင်း၊ ရေနစ်ခြင်း၊ မြွေကိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် နံရံပြိုကျခြင်း တို့ကြောင့်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။ ရေဘေးဒုက္ခ ခံစားနေရသူများအတွက် ရေဘေးခိုလှုံရန်အဆောက်အအုံ ၂၀၀၀ ကျော်ကို အစိုးရက စီစဉ်ပေးလျက်ရှိသည်။

လာမည့် ရက်များတွင်လည်း ပြည်နယ်အချို့တွင် မိုးကြီးနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ရေလွှမ်းမိုးနေသော ဒေသများတွင်လည်း ရေလွှမ်းမိုးမှုအခြေအနေများသည် ဩဂုတ် ၄ ရက်မှစ၍ လျော့နည်းလာနိုင်ကြောင်း ခန့်မှန်းထားသည်။

**(ဆင်ဟွာ)**

# သမုဒ္ဒရာနှစ်သွယ်ကို ကုန်းလမ်းဖြင့် ဆက်သွယ်ပေးမည့် ထားဝယ်အထူးစီးပွားရေးဇုန်

တွေ့ဆုံမေးမြန်း
နန္ဒာဝင်း
ဓာတ်ပုံ
ထိန်နန်နော်(သတင်းစဉ်)

ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ကုန်းလမ်းမှ ဆက်သွယ်ပေးမည့်အပြင် မဟာမဲခေါင်တောင်ဘက် စီးပွားရေးစင်္ကြံ၏ အနောက်တံခါးပေါက်အဖြစ် မဟာဗျူဟာကျစွာတည်ရှိနေသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန် ဖြစ်ပါသည်။ မဟာမဲခေါင်တောင်ဘက် စီးပွားရေးစင်္ကြံသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့ကို ဖြတ် ပြီး ထားဝယ်ဒေသအထိ ရောက်ရှိမည်ဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများအကြား ကူးလူးဆက်သွယ်မှုကို ပိုမိုလွယ်ကူလျင်မြန်စေမည့်အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိက ကျလျက်ရှိသည်။

ထို့ကြောင့် ထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးရန် မြန်မာ-ထိုင်း-ဂျပန်သုံးနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ-ထိုင်း အဆင့်မြင့်ကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးကို နေပြည်တော် Horizon Lake View Resort ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးအကြို ခြောက်ကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေးကို တက်ရောက်ခဲ့ကြသူများက ယခုလို ပြောကြားခဲ့သည်-



ဦးအေးမြင့် (ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)



ဦးမြတ်ကို
တနင်္သာရီတိုင်းဒေသကြီး
ဝန်ကြီးချုပ်

**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

ဒီနေ့အစည်းအဝေးက ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ဖွဲ့စည်းထားတဲ့ လုပ်ငန်းကော်မတီရဲ့ ခြောက်ကြိမ်မြောက် အစည်းအဝေးဖြစ်ပါတယ်။ မနက်ဖြန်မှာ အဆင့်မြင့်ကော်မတီရဲ့ လေးကြိမ်မြောက်အစည်းအဝေးကို ကျင်းပသွားမှာပါ။ ထားဝယ်အထူးစီးပွားရေးဇုန်ကို အခုလက်ရှိမှာ မြန်မာနဲ့ ထိုင်းအစိုးရတွေက ပူးပေါင်းပြီး အကောင်အထည်ဖော်နေပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်က လုပ်ငန်းပမာဏကြီးမားတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုလည်း အများကြီးလိုပါတယ်။ ဒါကြောင့် ကနဦးစီမံကိန်းနဲ့ မူလစီမံကိန်းဆိုပြီး နှစ်ပိုင်းခွဲ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကနဦးစီမံကိန်းမှာ မြန်မာ-ထိုင်း နှစ်လမ်းသွား ကားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖို့ရှိပါတယ်။ ဒ့ါအပြင် အထူးစီးပွားရေးဇုန်နဲ့ကပ်လျက်မှာ တန်ချိန်တစ်သောင်းငါးထောင်ရှိတဲ့ ဆိပ်ကမ်းငယ်တစ်ခုကို တည်ဆောက်ထားပြီး မြန်မာကြယ်ငါးပွင့်ပိုင် သင်္ဘောအားလုံးဆိုက်ကပ်နိုင်ပြီ ဖြစ်ပါတယ်။ ဒီဆိပ်ကမ်းကို အထူးစီးပွားရေးဇုန်ရဲ့ အဓိကရေနက်ဆိပ်ကမ်းကြီး မတည်ဆောက်နိုင်ခင်မှာ အခုဆိပ်ကမ်းငယ်ကို ကနဦးအနေနဲ့ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

အဓိကအနေနဲ့ စက်ရုံတွေ၊ အိမ်တွေစတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်မယ်ဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေကို ရေလမ်းကနေတစ်ဆင့် သယ်ယူနိုင်အောင် အခုလို ဆိပ်ကမ်းငယ်တစ်ခုကို တည်ဆောက်ရတာဖြစ်ပါတယ်။ ဒ့ါအပြင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပထမအဆင့်အနေဖြင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံတစ်ခုကို တည်ဆောက်နေပါတယ်။

ရေချိုလုံလောက်စွာ ရရှိဖို့အတွက်လည်း ပယင်းဖြူဆည် ရှိပြီးဖြစ်ပါတယ်။ ဒါအတွက်လည်း ပြင်ဆင်ထားပါတယ်။ လက်ရှိမှာတော့ လာရောက်ရင်းနှီးမြှုပ်နှံသူတွေ၊ အလုပ်လုပ်မယ့်သူတွေနဲ့ အလုပ်သမားတွေအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့ရှိပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်ကနေ ထိုင်းနိုင်ငံကို ဆက်သွယ်ပေးမယ့် နှစ်လမ်းသွားလမ်းတွေနဲ့ ဆိပ်ကမ်းငယ်တစ်ခုကို တည်ဆောက်နေတဲ့အပြင် ကနဦးစက်မှုဇုန်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ လူနေအိမ်တွေတည်ဆောက်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေပါဝင်ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ မဲခေါင်-ဂျပန် အစည်းအဝေးက မြန်မာ-ထိုင်း-ဂျပန် အထူးစီးပွားရေးဇုန် ပူးပေါင်းဆောင်ရွက်ဖို့ Memorandum of Intent ကို နိုင်ငံတော်သမ္မတကြီးရဲ့ ဂျပန်ခရီးစဉ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အခုလက်ရှိ မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်နေတဲ့ ကနဦးစီမံကိန်းကို လောလောဆယ် ပါဝင်ဆောင်ရွက်မှု မရှိသေးသော်လည်း အထူးစီးပွားရေးဇုန်ကနေ ထိုင်းနိုင်ငံ နယ်စပ်အထိ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီစီမံကိန်း စတင်ချိန်မှာ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မယ်ဆိုကတည်းက ထိုင်းနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ နှစ်နိုင်ငံ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ထားပါတယ်။ အခု ဂျပန်ပါဝင်လာမယ်ဆိုတော့ မြန်မာ-ထိုင်း-ဂျပန်သုံးပွင့်ဆိုင် ဖက်စပ်ကုမ္ပဏီတစ်ခု ထူထောင်ရမှာ ဖြစ်ပါတယ်။ ဒီလို ထူထောင်တဲ့နေရာမှာ မူလရှိပြီးသား ကုမ္ပဏီကို ဂျပန်ကရှယ်ယာထည့်သွင်းပြီး ပူးပေါင်းပါဝင်မယ့် သဘောဖြစ်ပါတယ်။ ဒီအတွက်ကိုလည်း အခုဆွေးနွေးနေကြပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ လက်ရှိမှာ ပါဝင်ခြင်းမရှိသော်လည်း အကြိုလေ့လာရေးတွေအများကြီးလုပ်ထားပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ပြီးစီးပါက မဲခေါင်ဒေသကြီးရဲ့ အဆက်အသွယ်လမ်းကြောင်းအဖြစ် ဗီယက်နမ်နိုင်ငံအထိ ရောက်ရှိပြီး အကျိုးသက်ရောက်မှု ရှိပါမယ်။ ထိုင်း-တရုတ်-အိန္ဒိယနိုင်ငံတွေနဲ့ ဆက်သွယ်သွားလာနိုင်မှာဖြစ်လို့ ထားဝယ်က အချက်အချာဒေသဖြစ်လာမှာဖြစ်ပါတယ်။ ထားဝယ်က ရေနက်ဆိပ်ကမ်းတည်ဆောက်ဖို့အတွက် မြေပြင် ရေပြင် အနေအထား အခြေအနေတွေ ပေးပါတယ်။

မနက်ဖြန် ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး အီတာလျံ ထိုင်း၊ သူ့ကုမ္ပဏီတွေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့အကြား သဘောတူစာချုပ်လက်မှတ်ရေးထိုးဖို့ ရှိပါတယ်။ လက်မှတ်ရေးထိုးပြီးရင် ကနဦးစီမံကိန်းတွေကို အများဆုံးရှစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရပါမယ်။ ဒီလုပ်ငန်းတွေကို တာဝန်ယူအကောင်အထည်ဖော်မယ့် ထိုင်းဘက်က စုပေါင်းကုမ္ပဏီတွေအနေနဲ့ ဘယ်အချိန်မှာ ဘာတွေအပြီးတည်ဆောက်ရမယ်။ မပြီးရင် ဘယ်လိုအလျော်အစားရှိတယ် ဆိုတာတွေပါတဲ့အတွက် အရင်လို လုပ်လို့မရတော့ပါဘူး။ အလားတူ စီမံခန့်ခွဲမှုကော်မတီဘက်ကလည်း ဘယ်အချိန်မှာ ဘာလုပ်ပေးရမယ်ဆိုပြီး နှစ်ဖက်တာဝန်တွေရှိပါတယ်။

ဒါကြောင့်စာချုပ်မှာ ပါတဲ့အတိုင်း ကိုယ့်တာဝန်ကိုယ်ယူပြီး အကောင်အထည်ဖော်မယ်။ အခုချုပ်ဆိုမယ့် စာချုပ်ကို ဂျာမနီနိုင်ငံက ပညာရှင်တွေ လေ့လာပြီး နိုင်ငံတကာအဆင့်စာချုပ်ဖြစ်အောင် လုပ်ထားပါတယ်။ အဲဒီစာချုပ်ကို လက်မှတ်ရေးထိုးပြီး ကနဦးလုပ်ငန်းတွေကို နှစ်နိုင်ငံအစိုးရက ကြီးကြပ်ကာ ဆက်လုပ်သွားမှာဖြစ်ပါတယ်။

**ဦးမြတ်ကို (တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်)**

လောလောဆယ်မှာ မြန်မာ-ထိုင်းဆက်သွယ်တဲ့ လမ်းဖောက်လုပ်ဖို့ ရှိပါတယ်။ သင်္ဘောဆိပ် အသေးလေးတစ်ခု လုပ်ဖို့ရှိတယ်။ ကနဦးလုပ်ငန်းအနေနဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေ လုပ်ဖို့ရှိပါတယ်။ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ဒေသခံတိုင်းရင်းသားတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးက အရေးကြီးပါတယ်။ အခုလက်ရှိမှာ ဒေသခံအတော်များများက တစ်ဖက်နိုင်ငံကိုသွားပြီး အလုပ်လုပ်ကိုင်နေတာတွေရှိပါတယ်။ အခုလို အသေးစား၊ အလတ်စားစက်ရုံတွေ ပေါ်ပေါက်လာရင် အလုပ်အကိုင် အခွင့်အလမ်းတွေ များလာမှာဖြစ်တဲ့အတွက် တိုက်ရိုက်သက်ရောက်မှာဖြစ်ပါတယ်။

နောက်တစ်ခုက နှစ်နိုင်ငံ လမ်းဖောက်လုပ်တဲ့ ကိစ္စဖြစ်ပါတယ်။ အခုလက်ရှိမှာ မြေသားလမ်း တစ်ဝက်၊ ကတ္တရာလမ်းတစ်ဝက် ဖောက်လုပ်ပြီး ခရီးသည်တွေသွားလာနေကြပါတယ်။ ဒီနှစ်နိုင်ငံလမ်းမကြီး ပြီးစီးသွားမယ်ဆိုရင် တစ်ဖက်နိုင်ငံကို သွားရောက်လုပ်ကိုင်နေကြသူတွေအတွက်လည်း အထောက်အကူဖြစ်စေမှာဖြစ်သလို ကုန်စည်စီးဆင်းမှုကလည်း လွယ်ကူအဆင်ပြေလာမှာ ဖြစ်ပါတယ်။

အခုလက်ရှိ အထူးစီးပွားရေးဇုန်အတွင်းမှာ အသေးစား၊ အလတ်စား စက်ရုံတွေတည်ဆောက်မှာ ဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို အခက်အခဲ မရှိနိုင်ပါဘူး၊ နောက်ပိုင်းပေါ်ပေါက်လာမယ့် အကြီးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းတွေအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**ဦးဟံစိန် ဒုတိယဝန်ကြီး (ပို့ဆောင်ရေးဝန်ကြီးဌာန)**
**ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ**

ထားဝယ်အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံမှာ ပထမဆုံး စတင်အကောင်အထည်ဖော်ဖို့လုပ်တဲ့ အထူးစီးပွားရေးဇုန် ဖြစ်ပါတယ်။ လုပ်ငန်းပမာဏကြီးမားတဲ့အတွက် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတည်းအနေနဲ့ ဆောင်ရွက်ရာမှာ ရှေ့သိပ်မတိုးနိုင်တဲ့ အနေအထားရှိလို့ မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရ ညှိနှိုင်းပြီး ၂၀၁၂ ခုနှစ်က ပုံစံသစ်နဲ့ စတင်အကောင်အထည်ဖော်လာခဲ့ပေမယ့် ယခုမှ ကနဦးစီမံကိန်းတွေကို စတင်ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။

စီမံကိန်းဧရိယာက ဧကငါးသောင်းလောက် ကျယ်ဝန်းတဲ့အတွက် တစ်ခုလုံး အကောင်အထည်ဖော်ဖို့ မလွယ်ကူတဲ့အတွက် ကနဦး လုပ်ငန်းနဲ့ ပင်မလုပ်ငန်းဆိုပြီး နှစ်ပိုင်းခွဲပြီး ကနဦးစီမံကိန်းကို အရင်အကောင်အထည်ဖော်တာ ဖြစ်ပါတယ်။ ကနဦး စီမံကိန်းအနေနဲ့ ဆိပ်ကမ်းငယ်တစ်ခုကို စတင်တည်ဆောက်ပြီး အခုလက်ရှိမှာ တန်ချိန်တစ်သောင်းခွဲလောက်ရှိတဲ့ သင်္ဘောတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းငယ်တစ်ခုကို တည်ဆောက်ပြီးဖြစ်နေပါပြီ။ ကုန်လှောင်ရုံတွေ၊ ဆိပ်ကမ်းအဝင်အထွက် သောင်တူးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ကျန်ပါသေးတယ်။

ဒီလုပ်ငန်းတွေပြီးစီးရင် သင်္ဘောတွေ ဆိုက်ကပ်နိုင်ပြီဖြစ်တဲ့အတွက် ကုန်စည်စီးဆင်းမှုကလည်း အများကြီးတိုးတက်လာမှာ ဖြစ်ပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းပြီးစီးသွားရင် မြန်မာနဲ့ ထိုင်း၊ မဲခေါင်ဒေသနိုင်ငံတွေသာမက အာဆီယံနိုင်ငံတွေနဲ့ ကမ္ဘာမှာရှိတဲ့ အခြားနိုင်ငံတွေပါ အကျိုးခံစားရမှာ ဖြစ်ပါ



ဦးဟံစိန်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန



ဦးဆက်အောင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

တယ်။

အထူးစီးပွားရေးဇုန်ကနေ မြန်မာ-ထိုင်းနယ်စပ်ကို ဆက်သွယ်မယ့် မိုင် ၉၀ လောက်ရှိတဲ့လမ်းကို နှစ်လမ်းသွား ကားလမ်းအနေနဲ့ စတင်ဆောင်ရွက်မယ်။ ပြီးရင် ကနဦးစက်မှုဇုန်ကို ဧက ၇၀၀၀ လောက် အပိုင်းလိုက် တည်ဆောက်သွားမှာဖြစ်ပါတယ်။ အထောက်အကူပြုလုပ်ငန်းတွေဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ မြို့ပြလုပ်ငန်း၊ တယ်လီဖုန်းလိုင်းတည်ဆောက်ရေးလုပ်ငန်းတွေကို ကနဦးစီမံကိန်းမှာ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဦးဆက်အောင် ဒုတိယဥက္ကဋ္ဌ(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

အထူးစီးပွားရေးဇုန်ဥပဒေအရ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူ၊ ပြည်ပက ရင်းနှီးမြှုပ်နှံသူဆိုပြီး ခွဲခြားထားတာမရှိပါဘူး။ နိုင်ငံတကာက ကျင့်သုံးတဲ့အတိုင်း အားလုံးဝင်ပြီး အလုပ်လုပ်ကိုင်နိုင်တဲ့ အထူးစီးပွားရေးဇုန်ဖြစ်ဖို့ ရည်ရွယ်ပါတယ်။

ထိုင်းနဲ့ မြန်မာက အစကတည်းကတွဲပြီး အလုပ်လုပ်ပြီးသားဖြစ်နေတယ်။ အခု ဂျပန်ကလည်း ပါဝင်လာမယ်ဆိုတော့ ဂျပန်ဘက်က ရလာမယ့် နည်းပညာအကူအညီတွေ၊ နည်းပညာပံ့ပိုးမှုတွေကလည်း အထူးစီးပွားရေးဇုန်အောင်မြင်ဖို့ အရေးပါတယ်လို့ မြင်ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က ချက်ချင်းကြီးတော့မဟုတ်ဘူး။ အချိန်ယူရမယ်။ ရေရှည်မှာ မြန်မာတစ်နိုင်ငံတည်းအတွက်မဟုတ်ဘဲ ဒေသတစ်ခုလုံးအတွက်ကို စီးပွားရေးအရ ချိတ်ဆက်ပေးမယ့် အရေးပါတဲ့ အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်လာမယ်။

ထားဝယ် အထူးစီးပွားရေးဇုန်ကြီး တည်ထောင်ပြီးရင် ဒေသတွင်းမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေထဲမှာ အကြီးဆုံး အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်လာနိုင်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာကို ဆက်သွယ်ပေးမယ့် အဓိက အရေးပါတဲ့နေရာလည်း ဖြစ်ပါတယ်။

## နိုင်ငံတော်သမ္မတ၏ စီစဉ်ပေးမှုဖြင့် ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေသားများပေးအပ်

**ကလေး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသအတွင်း ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်သမ္မတ၏ ခရီးစဉ်တွင် ရှင်းလင်းမှာကြား၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၂၅၈၇ စုသို့ တစ်အိမ်ထောင်လျှင် ထောက်ပံ့ကြေးငွေကျပ် ၂၀၀၀၀ ကို ဩဂုတ် ၃ ရက် ညနေပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ကြေးငွေ ပေးအပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများက ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုရှိ ကယ်ဆယ်ရေးစခန်း တာဝန်ခံသူများသို့ ငွေကျပ် ၅၁၇၄၀၀၀၀ ကို ပေးအပ်ခြင်းဖြစ်သည်။


အဆိုပါ ကယ်ဆယ်ရေးစခန်း ရှစ်ခုတွင် ရေဘေးသင့်ပြည်သူ စုစုပေါင်း ၁၂၄၁၉ ဦးရှိပြီး ထောက်ပံ့ကြေးငွေ ကိုယ်စီရရှိပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# သဖန်းဆိပ်ရေလှောင်တမံ ရေသိုလှောင်မှုပမာဏနှင့် ရေအမှတ်ကျဆင်း


**နေပြည်တော် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ သဖန်းဆိပ်ရေလှောင်တမံမှာ သတ်မှတ်ရေလှောင်ပမာဏကျော်လွန်သဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်ခြင်း၊ ရေကျော်ခြင်းများဖြစ်ပေါ်ခဲ့သည့်အပြင် ပတ်ဝန်းကျင်ဒေသများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။


အဆိုပါအခြေအနေကို ဇူလိုင် ၂၂ ရက် ကောင်းကင်ဓာတ်ပုံမှတ်တမ်းများအရလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ မှတ်တမ်းများအရလည်းကောင်း နှိုင်းယှဉ်သိရှိရပြီး ယခုအခါ သဖန်းဆိပ်ရေလှောင်တမံမှ ရေသိုလှောင်မှုပမာဏနှင့် ရေအမှတ် ကျဆင်းမှုအခြေအနေကို ဇယားဂရပ်တို့ဖြင့် ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**




ယခင်က ၄၆၀၀၀ ကျူဆက်နှုန်းသာ ပင်မရေပိုလွှဲတံခါး ၁၂ ပေါက်မှ ထုတ်လွှတ်ထားရာမှ အထက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် လက်ရှိ ရေလွှတ်နှုန်း ၅၂၀၀၀ ကျူဆက်နှုန်းဖြင့် ရေများထုတ်လွှတ်ပေးခဲ့သောကြောင့် သဖန်းဆိပ်ဆည်၏ ရေများကျဆင်းသွားခဲ့ခြင်းဖြစ်ပါသည်။





သဖန်းဆိပ်ရေလှောင်တမံ အခြေအနေ
ကောင်းကင်ဓာတ်ပုံ




၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်က သဖန်းဆိပ်ရေလှောင်တမံမှ ရေကျော်လွန်မှုနှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေဝင်ရောက်နေမှုအခြေအနေ ကောင်းကင်ဓာတ်ပုံ




စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းအခြေအနေ ကောင်းကင်ဓာတ်ပုံ




၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်က ရွှေဘိုမြို့နယ်အတွင်းသို့ ရေဝင်ရောက်နေမှုအခြေအနေ ကောင်းကင်ဓာတ်ပုံ

# ရေဘေးသင့်ဒေသများသို့ နိုင်ငံတကာမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်နိုင်

**နေပြည်တော် ဩဂုတ် ၄**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှလေယာဉ်များဖြင့် ပေးပို့လာမည့် ကယ်ဆယ်ရေးပစ္စည်းများလက်ခံနိုင်ရန် ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး သယ်ယူဖြန့်ဖြူးပေးနိုင်မည့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်များကို ဦးစားပေးသတ်မှတ်ထားရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်လည်း ထပ်မံဖွဲ့စည်း၍ ကယ်ဆယ်ရေးပစ္စည်းများလက်ခံရန် စီမံဆောင်ရွက်ထားရှိသည်။

ထို့ပြင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် တိုက်ရိုက်ပို့ဆောင်လှူဒါန်းနိုင်ရန်အတွက်လည်း စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးလေဆိပ်နှင့် ရခိုင်ပြည်နယ်တွင် စစ်တွေလေဆိပ်တို့ကို လေယာဉ်ပြေးလမ်းဒီဇိုင်းအရ ဆင်းသက်ခွင့်ပြုနိုင်မည့်လေယာဉ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ တိုက်ရိုက်ဆင်းသက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမည့် လေယာဉ်များ ဆင်းသက်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဆက်သွယ်ဆောင်ရွက်နိုင်သည့် လူ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးအန္တရာယ် အသိပေးလုပ်ငန်းများလုပ်ဆောင်

**ဟင်္သာတ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သောအိမ်ထောင်စုများမှ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။

ဟင်္သာတမြို့နယ်၌ ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခုရှိရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ဩဂုတ် ၃ ရက် ညနေ ၅ နာရီခွဲက ပျဉ်းမချောင်းရပ်ကွက် ကျောက်ကုန်းလမ်း ကြာကန်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ရေဘေးအန္တရာယ်အသိပေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။ အလားတူ ဟင်္သာတခရိုင်အတွင်းရှိ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူမြို့နယ်များရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင်လည်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဇလွန်နှင့် လေးမျက်နှာမြို့များတွင်လည်း ရေဘေးအန္တရာယ်ကြုံတွေ့ပါက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

၂၀၁၅ ခုနှစ် ဩဂုတ်(၄)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၉၈၀ | ၂၇၆၅၆ | ၁၁၁၂၈ | ၉၀၅၉ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၀၄၇ | ၅၁၁ | - | - | ၅၀၀ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၀၆၆ | ၁၈၆၆ | ၁၈၆၆ | ၆၂၉ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၅၄၈၂ | ၈၆၄၄၈ | ၆၇၁၉၀ | ၄၁၅၄၂ | ၈၈၇ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၃၀၇၄၂၉ | ၈၄၄၀၂ | ၃၉၇၅ | ၂၁၈၄ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၈၆၃၇၁ | ၅၅၉၉၂ | ၈၅၅၇၂ | ၉၈၂၇ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၉၀၃၂ | - | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၃၉၄၁ | ၂၇၀၉၈၃ | ၁၄၄၀ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၄၀၁ | ၁၀၇၁၁ | ၁၀၇၉ | - | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၈၄၉၈ | ၁၂၆၂ | ၃၄၁ | ၇၄ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၃၀၁၃ | ၂၄၃၁၆ | ၂၂၆၄ | ၁၈၀ | - | ၃၀၁၀၀ | - | - | - |
| | စုစုပေါင်း | ၁၁၀၀၆၁၂ | ၃၁၇၂၉၀ | ၄၄၅၉၁၃ | ၆၅၂၁၁ | ၁၆၈၆ | ၁၇၂၈၇၇ | ၈၁၈၁၅ | ၆၁၀၀၀ | ၁၃၈၀ |

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ဆန်၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ထောက်ပံ့ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်ဦးစီး၍ ဩဂုတ် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ရေဘေးသင့်ဒေသများဖြစ်သည့် မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာ၊ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာနှင့် ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာသို့ ဆန်၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို တပ်မတော်ရဟတ်ယာဉ်ဖြင့် လှည့်လည် ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် ရဟတ်ယာဉ်ဆင်းသက်ရန် မလွယ်ကူသည့် မင်းပြားမြို့နယ်အတွင်းရှိ ငတံပျင်း၊ သက်န်းနက်၊ ကျပိတ်ကော၊ စေရိုင်းချောင်ကျေးရွာများတွင် ဝေဟင်မှ ထောက်ပံ့ပစ္စည်းများချပေးခဲ့သည်။ ထို့အပြင် စစ်တွေမြို့မှ အမြန်ရေယာဉ်များဖြင့် ထောက်ပံ့ပစ္စည်းများ ပေးပို့လျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများသို့ ဆန် ၁၁၁၇ အိတ် အပါအဝင် ခေါက်ဆွဲခြောက်ထုပ်၊ သောက်ရေသန့်၊ Family Kit၊ ကော်ဖီမစ်၊ ဘီစကစ်၊ ငါးသေတ္တာဘူး၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် အဝတ်အထည်မျိုးစုံ ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ပစ္စည်းများကို ဆက်လက်ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❀ *ကျောဖုံးမှ*

အလျား ၁၃ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၀ ပေခန့်ရှိ မြေပြိုမှုတစ်ခုဖြစ်ပွားပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သဖြင့် ဩဂုတ် ၄ ရက်နံနက်မှစ၍ ဘုရင့်နောင်တပ်နယ်မှစစ်သည်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုပေါင်းရှင်းလင်းခဲ့ရာ လမ်းပြန်လည်ပွင့်သွားခဲ့ကြောင်း သိရသည်။

အလားတူ သံတောင်ကြီးမြို့ အမှတ်(၁) ရပ်ကွက် ဦးစောဂျော်ရော်တော်၏နေအိမ်ဘေး၌ အမြင့်ပေ ၂၀ ခန့်ရှိ မြေသားနံရံပြိုကျမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍မိသားစုများအား အန္တရာယ်ကင်းရှင်းရန်အတွက် တာဝန်ရှိသူများက မြေမပြိုမီ ကြိုတင်ပြောင်းရွှေ့ပေးထားပြီး ဖြစ်ကြောင်း သိရသည်။ အထက်ပါ မြေပြိုမှု ဖြစ်စဉ်အားလုံးတွင် လူ၊ တိရစ္ဆာန်ထိခိုက်ခြင်း၊ အဆောက်အအုံပစ္စည်း ပျက်စီးဆုံးရှုံးခြင်းမရှိကြောင်း သိရသည်။

**စောမင်းသား(ပြန်/ဆက်)**

# မစ္စ ရန်ဟီလီ ငြိမ်းချမ်းရေးဖော်ဆောင်ရေး အထောက်အကူပြုအဖွဲ့နှင့်တွေ့ဆုံ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ်ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၄**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် အင်းစိန်အကျဉ်းထောင်သို့ သွားရောက်လေ့လာခဲ့သည်။

မစ္စ ရန်ဟီလီသည် အင်းစိန်အကျဉ်းထောင်မှ တာဝန်ရှိသူများအပြင် ယင်းထောင်၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသူ အကျဉ်းသားများနှင့်လည်းတွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ဆက်လက်၍ မစ္စ ရန်ဟီလီသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြခေါင်းဆောင်သည့်အဖွဲ့အား ယင်းအဖွဲ့တည်ရှိရာ အမှတ်(၂၇) ပြည်လမ်း လှိုင်မြို့နယ်၌ သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးနှင့် ပတ်သက်သည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။



ထို့နောက် မစ္စ ရန်ဟီလီသည် ညနေပိုင်းတွင် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ မြန်မာ့ငြိမ်းချမ်းရေးစင်တာ ( MPC) သို့ သွားရောက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ နည်းပညာအကြံပေးအထောက်အကူပြုအဖွဲ့နှင့်တွေ့ဆုံ၍ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ( သတင်းစဉ်)**

❒ *ကျောဖုံးမှ*

Destination of the Year ဆုအား မြန်မာနိုင်ငံက ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများ အကောင်းမွန်ဆုံးဆောင်ရွက်ခဲ့သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ခြင်းကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။




TTG Travel Awards ဆုများကို အာရှနှင့် ပစိဖိတ်ဒေသများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်အမြင့်ဆုံးအဖွဲ့အစည်းများနှင့် နိုင်ငံများအား ပေးအပ်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




# ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအစည်းအဝေးတက်ရန် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီစတုတ္ထအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ်ပရီဒယသွန်း ဒိဗကုလဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးဟံစိန်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် ကြိုတင်အသိပေးနိုင်ရေး အခမဲ့ SMS ဝန်ဆောင်မှုပေးပို့ဆောင်ရွက်နေကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူများသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး အရေးပေါ်တယ်လီဖုန်းအမှတ် ၁၈၈၃ မှတစ်ဆင့် ထုတ်ပြန်ဖြေကြားပေးလျက်ရှိပါသည်။ ယခုအခါ သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များအား ပြည်သူများ အချိန်နှင့် တစ်ပြေးညီ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး SMS ဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေးချက် အခမဲ့ဝန်ဆောင်မှုကို MPT၊ တယ်လီနောနှင့် အော်ရီဒူးလက်ကိုင်ဖုန်းများမှတစ်ဆင့် ဩဂုတ် ၄ ရက် နေ့လယ်ပိုင်းမှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစိတ် သတင်းအချက်အလက်များရရှိလိုပါက Call Center ၁၈၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကုလကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ မိုးကောင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ရိက္ခာထောက်ပံ့

**မိုးကောင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ဇူလိုင်လလယ်၌ ရေကြီးမှုဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် စေတနာရှင်အလှူရှင်များက ဆောင်ရွက်ခဲ့သည်။

ယခုအခါ ရေကျသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းမှ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့မိသားစု ၈၈၆ စု လူဦးရေ ၄၇၇၇ ဦး စားသုံးနိုင်ရန်အတွက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)က ဆန် ၆၄၄အိတ်၊ ပဲ ၈၆ အိတ်၊ ဆီတစ်လီတာ ၂၃၈၈ ဘူးနှင့် ဆားခုနစ်အိတ်စသည်ဖြင့် ရက်သတ္တနှစ်ပတ်စာထောက်ပံ့မှုကို ယနေ့နံနက် ၁၀ နာရီတွင် နန့်ကောင်းရိပ်သာ၌ကျင်းပရာ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးမင်းသိန်းကလက်ခံခဲ့ပြီး သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပြန်လည်လွှဲပြောင်းခဲ့သည်။

**သန်းလွင်ဦး(မိုးကောင်း ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇) ပါ ရခိုင်ပြည်နယ်အတွင်း လယ်မြေဧက ၆၀၀၀ ကျော် ရေနစ်မြုပ်ပျက်စီးခဲ့၍ မိုးစပါးများရရှိရေးကူညီသွားမည် သတင်းခေါင်းစဉ်အစား **ပြည်သူတို့၏ အသက်ဘေးအန္တရာယ် ကြုံတွေ့လာပါက ကူညီကာကွယ်စောင့်ရှောက်ရန် တပ်မတော်ကအသင့်ရှိ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**စာတည်းအဖွဲ့**

**နိုင်ငံအဝန်းသစ်တောစွမ်းပြင့် စိမ်းလန်းစေရမည်**

# စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များဆွေးနွေး



**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွှန့်ထွန်းသည် မလေးရှားနိုင်ငံအခြေစိုက် ပက်ထရိုနပ်စ်ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဒါတို့ဝန် ဇူကစ်လီ ဘင်ဝန်အာဖရင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးအောင်ထူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် မစ္စတာ ဒါတို့ ဝန်ဇူကစ်လီ ဘင်ဝန်အာဖရင်က ဒုတိယသမ္မတ ဦးညွှန့်ထွန်းထံ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ ပေးအပ်လှူဒါန်းသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညွှန့်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတက ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဆပ်ကော်မတီ အသီးသီးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း အသေးစိတ် သတ်မှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှု အမျိုးအစားနှင့် ပမာဏများကို တိကျစွာသိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် ပစ္စည်းနှင့် ငွေကြေး လိုအပ်ချက်ကို တိကျစွာ သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာကြသည့် ဆပ်ကော်မတီများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ ဦးညွှန့်ထွန်းက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**



# ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူလူထုများသို့ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူလူထုများသို့ အသိပေးကြေညာခြင်း**
**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄**

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့်သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီး အချို့သောမဲဆန္ဒရှင်ပြည်သူများ၌ ပစ္စည်းဥစ္စာများဆုံးရှုံးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းများ ပျက်စီး၊ ပျောက်ဆုံးခြင်းများရှိကြောင်း ကြားသိရသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တစ်နိုင်ငံလုံး၏ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရရှိထားပြီးဖြစ်၍ မဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းများ မှန်ကန်ရေးဆောင်ရွက်လျက်ရှိပါသည်။ အတည်ပြုမဲစာရင်းများကို ဩဂုတ်လကုန်ပိုင်းခန့်တွင် ကြိုတင်အသိပေးထုတ်ပြန်ကြေညာပေးမည်ဖြစ်ရာ မဲဆန္ဒရှင်များအနေဖြင့် သတ်မှတ်ထားသည့် ၁၄ ရက်အတွင်း ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ ပုံစံ(၄)ဖြင့် မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာတင်သွင်းခြင်း၊ ပုံစံ(၄-က)ဖြင့် မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို လုပ်ဆောင်နိုင်ခွင့်ရှိနေသည်။

၃။ ထို့အပြင် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်နှင့် မဲရုံသို့ လာရောက်ဆန္ဒမဲပေးရာတွင် လွယ်ကူစေရန်အလို့ငှာ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို မဲဆန္ဒရှင်များသို့ ရွေးကောက်ပွဲနေ့ရက်မတိုင်မီ တစ်ပတ်ခန့်အလိုတွင် ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ထားပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မှတ်ပုံတင်ကတ်ပြား၊ အိမ်ထောင်စုစာရင်းများပျောက်ဆုံးသော်လည်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများထံမှ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူပြီး ဆန္ဒမဲပေးနိုင်ကြမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းများ ပျက်စီး၊ ပျောက်ဆုံးသွားသော်လည်း ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး စီစဉ်ဆောင်ရွက်ထားပါကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေ

**နေပြည်တော် ဩဂုတ် ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# အလယ်ပိုင်းဒေသများ မိုးဆက်လက်လျော့နည်းမည်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

## ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသောသဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူသော ရဟန်းသံဃာတော်များအတွက် သင်္ကန်း၊ ထီး၊ ဖိနပ် စသောရဟန်းအသုံးအဆောင်ပစ္စည်းများ၊ သီလရှင်ကျောင်းများရှိ သီလရှင်များအတွက် သီလရှင်ဝတ်စုံစသော အသုံးအဆောင်များနှင့် အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

၁။ **ဦးထိန်လင်း**
**ညွှန်ကြားရေးမှူး(ဦးစီး)**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆၊ Fax: ၀၆၇-၄၀၆၁၆၂**

၂။ **ဦးဝင်းနိုင်**
**ညွှန်ကြားရေးမှူး**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**
**ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၆၁၂၇၅၊ ၀၉-၅၅၅၇၇၇၈၊ Fax: ၀၁-၆၆၁၄၁၆**

၃။ **ဦးခင်မောင်ဝင်း**
**ညွှန်ကြားရေးမှူး**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀၊ Fax: ၀၂-၆၆၉၀၃**

**သာသနာရေးဝန်ကြီးဌာန**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၄ ရက်တွင် နေပြည်တော်အလှူခံဌာန၌ အလှူငွေကျပ် ၅၄၈၀၀၀၀ နှင့် အဝတ်အထည်မျိုးစုံ နှစ်ထုပ်ကို အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၂၀၉၁၅၂၅၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိသည်။

ထို့အတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင်လည်း စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၉၂၀၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိထားရာ ယနေ့အထိ ရရှိအလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၇၆၀၀၂၅၀ ဖြစ်သည်။ လှူဒါန်းငွေများနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများလက်ဝယ် အမြန်ဆုံးရောက်ရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မိုးညိုမြို့နယ်အတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှု လှည့်လည်ကြည့်ရှု

**သာယာဝတီ ဩဂုတ် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧရာဝတီမြစ်ရေ ဝင်ရောက်သော မင်းလှမြို့နယ် ဘုရားငူအုပ်စု သရက်ကုန်းကျေးရွာမှ အိမ်ထောင်စုဝင်များအား တွေ့ဆုံ၍ လိုအပ်ချက်များကိုမေးမြန်းပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မိုးညိုမြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရေဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာ ကြိုတင်ဆောင်ရွက်နိုင်ရေး မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့နိုင်သည့် ဒေသများသို့ လာရောက်အကူအညီပေးကြသည့် လူမှုကူညီရေးအဖွဲ့ဝင်များအား ကျေးဇူးတင်ရှိပါကြောင်း၊ မိုးညိုမြို့နယ်အတွင်း ရေဘေးဒုက္ခကြုံတွေ့စေနိုင်သည့် ဧရာဝတီတာမကျိုးပေါက်စေရေး၊ ရေမကျော်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကြိုတင် ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။

ဧရာဝတီမြစ်ရေအခြေအနေနှင့် မိုးရွာသွန်းမှုအပေါ် မူတည်၍ တာပေါ်ရေမကျော်ရေး၊ တာမကျိုးပေါက်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရန်လိုကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံမဟုတ်သည့် လူမှုကူညီရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေမှုကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဧရာဝတီတာ၏ အခြေအနေ၊ တာတမံတစ်လျှောက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မိုးညို-ထိန်တောလမ်းဘေးရှိ ဧရာဝတီတာတမံတစ်လျှောက် ရေကင်းတဲများထားရှိမှု၊ ရေကျော်နိုင်သည့်နေရာများတွင် တာတမံခိုင်ခံ့စေရေး သဲအိတ်၊ မြေအိတ်များထားရှိမှုနှင့် ဧရာဝတီမြစ်ရေဝင်ရောက်မှု အခြေအနေတို့ကို ကြည့်ရှုပြီး ရေကင်းစောင့်သူများနှင့် တာတမံခိုင်ခံ့မှုရှိရေး ဆောင်ရွက်နေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြစ်ရေအခြေအနေနှင့် မိုးရွာသွန်းမှုတို့ကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်တွက်ချက်၍ တာမကျိုးပေါက်စေရေး၊ တာရေမကျော်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**(သတင်းစဉ်)**

## ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ထိုင်းပူးတွဲလုပ်ငန်းကော်မတီစည်းဝေး

**နေပြည်တော် ဩဂုတ် ၄**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာမြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးသို့ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ အထူးစီးပွားရေးဇုန်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်(SPV) ၏ မြန်မာ-ထိုင်း ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ (National Economic and Social Development Board-NESDB) အထွေထွေအတွင်းရေးမှူးH.E.Mr.Arkhom Termpittayapaisith ဦးဆောင်၍ ထိုင်းနိုင်ငံဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ NESDB မှ ကျွမ်းကျင်ပညာရှင်များ၊ ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Neighbouring Countries Economic Development Cooperation Agency-NEDA) မှ ပညာရှင်များ၊ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ကနဦးစီမံကိန်းလုပ်ငန်းများ အကြံပေးအဖွဲ့အဖြစ် ဆောင်ရွက်နေသော Roland Berger Strategy Consultants မှ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်း၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူညီချက်များ (Concession Agreements)နှင့် သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ၏ ဖြည့်စွက်ချက်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ကနဦးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီမှုဆိုင်ရာကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများအပေါ် အဆိုပြုချက်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်ရှည်ဆောင်ရွက်ရမည့် Master Plan အရ အဆိုပါ စီမံကိန်းတွင် ပါဝင်မည့် လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များနှင့် အဆိုပါစီမံကိန်းလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများတွင် ရေလှောင်ပမာဏ ပြည့်မီကျော်လွန် ဟင်္သာတမြို့တွင် ဇူလိုင် ၃၁ ရက်မှစ၍ စိုးရိမ်ရေအမှတ်ကျော်လွန်ပြီး နေ့စဉ်မြင့်တက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**


မြန်မာနိုင်ငံ တစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေများ မြင့်တက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတမြို့နယ်၏ စိုးရိမ်ရေအမှတ်မှာ ၄၄ ဒသမ ၀၂၉ ပေဖြစ်ပြီး ဇူလိုင် ၃၁ ရက်မှစ၍ စိုးရိမ်ရေအမှတ်ကို နေ့စဉ်ကျော်လွန်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နန်းကသူ၊ ကညင်၊ မမြနှင့် ကွန်ချောင်းရေလှောင်တမံများတွင်လည်း သတ်မှတ် ရေလှောင်ပမာဏပြည့်မီကျော်လွန်သဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်မှုနှင့် ရေကျော်ကျမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းကို ကောင်းကင်ဓာတ်ပုံ နှိုင်းယှဉ်ချက်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ မှတ်တမ်းများအရ သိရှိရသည်။


**(သတင်းစဉ်)**




၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီးအခြေအနေ ကောင်းကင်ဓာတ်ပုံ




၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဝင်ရောက်နေမှု အခြေအနေ
( ● ခရမ်းရောင်မှာ ရေစတင်ဝင်ရောက်မှု၊ ● အမည်းရောင်မှာ ရေဝင်ရောက်နေမှု )





၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်က ဟင်္သာတမြို့နယ်အတွင်းသို့ ရေဝင်ရောက်နေမှု အခြေအနေ ကောင်းကင်ဓာတ်ပုံ
( ● ခရမ်းရောင်မှာ ရေစတင်ဝင်ရောက်မှု၊ ● အမည်းရောင်မှာ ရေဝင်ရောက်နေမှု )





၂၀၁၅ ခုနှစ် မတ်လ ၂၂ ရက်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အခြေအနေ ကောင်းကင်ဓာတ်ပုံ


ဧရာဝတီမြစ်ရေ၏ ဟင်္သာတမြို့ရှိ စိုးရိမ်ရေအမှတ်မှာ ၄၄.၀၂၉ ပေဖြစ်ပြီး ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အတွင်း ရေမျက်နှာပြင်မြင့်တက်မှု အခြေအနေ





နန်းကသူရေလှောင်တမံ (ဟင်္သာတခရိုင်၊ အင်္ဂပူမြို့)





ကညင် ရေလှောင်တမံ (ဟင်္သာတခရိုင်၊ အင်္ဂပူမြို့)





ကွန်ချောင်းရေလှောင်တမံ (ဟင်္သာတခရိုင်၊ ကြံခင်းမြို့)




မမြရေလှောင်တမံ (ဟင်္သာတခရိုင်၊ မြန်အောင်မြို့)




ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဟင်္သာတ တာတမံရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



စာမျက်နှာ ၁၁ သို့

# ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းနှင့်တံတားများကို ယာယီအစီအစဉ်၊ အမြဲတမ်းအစီအစဉ်များဖြင့် ပြင်ဆင်သွားမည်ဖြစ်

**ကချင်ပြည်နယ်တွင် တံတားနှစ်စင်း၊ ကရင်ပြည်နယ်တွင် တံတားတစ်စင်း၊ ချင်းပြည်နယ်တွင် တံတားရှစ်စင်း၊ ရခိုင်ပြည်နယ်တွင် တံတား ၁၄ စင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တံတားနှစ်စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၂၇ စင်း၊ မကွေးတိုင်းဒေသကြီးတွင် တံတားတစ်စင်း၊ မန္တလေးတိုင်းဒေသကြီးတွင် တံတား ၁၄ စင်း စုစုပေါင်းတံတား အစင်း ၇၀၊ ယခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။**

မေး/ရေး- ညီညီထွန်း၊ ဟန်နီဝင်း
ဓာတ်ပုံ-ညီညီဟန်

ထိုသို့ တံတားများ ပျက်စီးမှုအခြေအနေနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးက "ပျက်စီးသွားတဲ့ တံတားတွေထဲမှာ မိုးရေချိန်များလို့ ရေစီးနှုန်းလည်း ပြင်းထန်တဲ့အတွက် ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးက တံတားတွေအများဆုံး ပျက်စီးသွားပါတယ်။ ပျက်စီးတဲ့အထဲမှာ ကလေး-ဂန့်ဂေါလမ်းမှာရှိတဲ့ ကမ်းပါးနီတံတားက ပျက်သွားတာမဟုတ်ပေမယ့် တိုင်တစ်တိုင် နိမ့်ကျသွားပါတယ်။ ကလေးဘက်က ပျက်စီးသွားတဲ့ လမ်းပိုင်းတွေအတွက်လည်း ရေလမ်းနဲ့ရော ကားလမ်းနဲ့ပါ သယ်လို့ရတဲ့ မုံရွာအထိပစ္စည်းတွေ ပို့ဆောင်ထားပြီးပါပြီ" ဟု ပြောသည်။

ဆက်လက်ပြီး တံတားများ ပြင်ဆင် ဆောင်ရွက်သွားမည့်အကြောင်းကို "ကားတွေသွားလာနိုင်အောင် ယာယီတံတားတွေ ဆောင်ရွက်ထားပါ့မယ်။ ပြီးတော့ အမြဲတမ်းသွားလာနိုင်အောင် ဆက်လက်ဆောင်ရွက်သွားပါ့မယ်။

"ကျွန်တော်တို့ တံတားဦးစီးဌာနအနေနဲ့ အခု ချင်းပြည်နယ် ဟားခါးခရိုင်အတွင်းက တံတားတွေနဲ့ ကလေးခရိုင်ထဲက တံတားတွေအတွက်လည်း ရေကျတာနဲ့ ဆောင်ရွက်သွားပါမယ်။ ရေကျနေပြီလို့လည်း ကြားသိရပါတယ်။ ပြည်သူတွေအတွက် တစ်ပတ်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်သွားပါ့မယ်။

"အခုလောလောဆယ်မှာ ရေကျသွားပေမယ့် လုပ်ငန်းဆောင်ရွက်လို့ မရသေးတဲ့ အခြေအနေဆိုတာ ပြည်သူတွေကို သိရှိစေချင်ပါတယ်။ လုပ်ငန်းဆောင်ရွက်လို့ရတာနဲ့ဆောင်ရွက်မယ်။ ဒီအတွက် လိုအပ်တာတွေကို အင်ဂျင်နီယာချုပ်တွေ အရင်သွားရောက်ပြီး လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် ချင်းပြည်နယ်အတွင်း ပျက်စီးသွားသည့် တံတားများပြင်ဆင်ရန် တောင်ပြိုပြီး လမ်းပိတ်နေသည့် အခြေအနေများလည်းရှိသည့်အတွက် ပျက်စီးမှုဖြစ်ပေါ်နေသည့် တံတားများကို ချက်ချင်း ပြင်ဆင်ဆောင်ရွက်ရန် အခက်အခဲရှိကြောင်းလည်း သိရသည်။

သို့သော် ချင်းပြည်နယ်တွင် ရှိသည့် တံတားအမျိုးအစားများသည် ပေ ၅၀၊ ပေ ၆၀ သာမန် တံတား အမျိုးအစားဖြစ်သည့်အတွက် လမ်းပိုင်းကောင်းမွန်သည်နှင့် တစ်ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

ထို့ပြင်ရခိုင်ပြည်နယ်၏ ရန်ကုန်-စစ်တွေ လမ်းပိုင်းရှိ တံတားတိုင်စင် ပြုတ်ကျပျက်စီးသွားသည့် တံတားသည် အဓိကဆက်သွယ်ရေးလမ်းပိုင်းတွင် ပါဝင်သည့်အတွက် ဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုအကြောင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ်က "ကျွန်တော်တို့ လက်ရှိအခြေအနေမှာ ရခိုင်ပြည်နယ် ရန်ကုန်-စစ်တွေ လမ်းကြောင်းက တိုင်စင်ပြုတ်သွားတဲ့ တံတားကြီးရှိပါတယ်။ ဒီတံတားကို ပြင်ဆင်ဖို့အတွက်လည်း မနက်ဖြန်ကစပြီး ဆောင်ရွက်သွားပါ့မယ်။ ယာယီအစီအစဉ်နဲ့ ကားလေးတွေ သွားလို့ရပေမယ့် ကားကြီးတွေက နှစ်ပတ်လောက်နေမှ သွားလို့ရမယ့် အခြေအနေပါ။ အခု ကုန်တွေကို သယ်ယူတဲ့အခါ လူနဲ့ကဲ့ပြီး ကားနဲ့ ဟိုဘက်သည်ဘက် ပြောင်းသယ်နေရတဲ့ အခြေအနေပါ"ဟု ပြောသည်။

"ရေဘေးသင့် တချို့ဒေသတွေမှာလည်း ပျက်စီးသွားတဲ့ တံတားတွေလည်းရှိပါတယ်။ ဥပမာ မကွေးတိုင်းဒေသကြီးအတွင်းက ပတန်း-ငဖဲ-စေတုတ္တရာလမ်းပေါ်က ပေ ၂၇၀ ရှည်တဲ့ မန်းချောင်းတံတားမှာ ပေ ၁၅၀ ရေတိုက်စားပြီး ပျက်စီးသွားပါတယ်။ ဒီတံတားတွေကို ရေမကျသေး၍ ဆောင်ရွက်လို့မရသေးတဲ့ အနေအထားမျိုးလည်း ဖြစ်ပါတယ်။ ရေကျတာနဲ့ အမြန်ဆုံးဆောင်ရွက်သွားပါ့မယ်"ဟုလည်း ပြောကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် လမ်းနှင့် တံတားများတွင် လမ်းပိုင်းများကို လမ်းဦးစီးဌာနမှ လည်းကောင်း၊ တံတားများကို တံတားဦးစီးဌာနမှ လည်းကောင်း ပိုင်းခြားဆောင်ရွက်လျက်ရှိရာ ယခုသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းများ၏ အခြေအနေကို လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက ပြောကြားခဲ့သည်။



လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ

"လက်ရှိ လမ်းဦးစီးဌာနအနေနဲ့ ကလေးနဲ့ ဟားခါးကြား လမ်းပိုင်းကို ပွင့်သွားအောင် ဆောင်ရွက်နေပါတယ်။ ကလေးနဲ့ ဂန့်ဂေါအပိုင်းကို ဒုတိယဦးစားပေး ဆောင်ရွက်မှာပါ။ အဲဒီမှာက ရေကမကျသေးတဲ့အတွက် ရေကျတာနဲ့ လမ်းပွင့်သွားအောင် ချက်ချင်း ဆောင်ရွက်သွားပါ့မယ်။ ဒီလမ်းပိုင်းမှာ ကားရော ရထားပါ သွားလို့ရတဲ့ ကမ်းပါးနီတံတားက နိမ့်ကျသွားတဲ့အတွက် ယာယီဘေလီတံတားထိုးပြီး အမြန်ဆုံးသွားနိုင်အောင် ဆောင်ရွက်သွားပါ့မယ်။ အမြဲတမ်းသွားလာနိုင်အောင် ပြင်ဆင်ရတဲ့ အပိုင်းအတွက်တော့ နည်းနည်းအချိန်ယူရပါ့မယ်။

"ကျွန်တော်တို့ လမ်းဦးစီးဌာနအနေနဲ့ လမ်းပိုင်းတွေအတွက် ဆောင်ရွက်တဲ့အခါ ယာယီသွားလို့ရအောင် ဆောင်ရွက်တာနဲ့ အမြဲတမ်းသွားလာနိုင်အောင် ဆောင်ရွက်တာ နှစ်ပိုင်းရှိပါတယ်။ ရေတိုလုပ်ငန်းလည်းဖြစ်တဲ့ အဆက်အသွယ်မပြတ်တောက် သွားအောင် ယာယီသွားလာလို့ရအောင် ဆောင်ရွက်သွားပါ့မယ်။ ပြီးတော့ ရေရှည်လုပ်ငန်းတွေအနေနဲ့ မူလအတိုင်းဖြစ်အောင် ဆောင်ရွက်သွားရပါမယ်"ဟု ပြောသည်။


သဘာဝ ဘေးအန္တရာယ်ကျရောက်ရာဒေသများရှိ လမ်းပိုင်းများပျက်စီးမှုများကို အမြန်ဆုံး ပြင်ဆင်နိုင်စေရန် အင်ဂျင်နီယာချုပ်နှင့် ဒုတိယ အင်ဂျင်နီယာချုပ်များကို အချိန်နှင့် တစ်ပြေးညီ သွားရောက်စေခဲ့ပြီး ပြည်သူများဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၁၂ ကော်လံ ၁





ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် ၇၁/၃-၇၁/၄ ကြား တံတားအမှတ်(၃/၇၂) (တွဲဗန်တံတား ပေ ၂၁၀)အား ချောင်းရေစတင်ရေတိုက်စားနေစဉ်။


စာမျက်နှာ ၁၀ မှ








# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၄ ရက်နေ့အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၄

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၄ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၄၅၅၀၂ မှ လူဦးရေ ၂၅၉၇၉၉ ဦး ရေဘေးသင့်ခဲ့ပြီး ၆၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၃၉၈၇၈၅၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၅၅၇၃၃၂၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၄၄၉၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၉၆၈၃၇၁၂၆ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၈၉၈၈၉၉၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့ထိ | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | - | ၁၈၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၆၀၀၀၀၀ | ၆၃၉၄၅၇၁၀ | |
| ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့ထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၁၁၉၁၁ | ၁၀၉၁၀၉ | ၇ | ၁၈၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၈၇၀၅၁၂၀ | ၆၀၀၀၀၀ | ၅၉၅၈၇၈၇၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၆ | ၂၆ | ၄၄၈၅ | ၅ | - | - | - | ၁၇၅၉၅၄၆ | - | ၁၇၅၉၅၄၆ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | ၁၄၄၃ | ၆၅၄၂ | ၈ | - | - | ၂၈၅၀၀၀၀ | ၃၄၀၄၀၈၂ | ၅၀၀၀၀၀ | ၆၇၅၄၀၈၂ | |
| ၅။ | ချင်းပြည်နယ် | ၂၄၉ | ၁၀၇၈ | ၃၇၈၀ | - | - | - | - | ၄၈၅၄၆၈ | - | ၄၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၅၂၀၄ | ၆၇၀၄ | ၃၂၃၆၁ | ၄၁ | - | - | - | ၅၅၁၆၅၀၀ | - | ၅၅၁၆၅၀၀ | |
| ၇။ | ကရင်ပြည်နယ် | - | ၃၆၁ | ၁၈၆၇ | - | ၅၀၉၅၂၀၀ | ၅၄၇၄၂၈၀ | - | - | - | ၁၀၅၆၉၄၈၀ | |
| ၈။ | မွန်ပြည်နယ် | - | ၄၈၂ | ၂၂၃၃ | - | - | ၆၃၀၆၂၆၀ | - | ၃၂၅၂၉၈၀ | - | ၉၅၅၉၂၄၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | - | ၉၇၉၁ | ၄၁၇၃၃ | - | - | - | - | ၁၂၁၂၉၉၆၀ | - | ၁၂၁၂၉၉၆၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂ | ၂၅၉၄ | ၂၈၉၉၆ | - | - | - | - | ၁၁၈၂၁၀၂၀ | - | ၁၁၈၂၁၀၂၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | - | ၁၄၉၄ | ၅၉၄၂ | - | - | - | - | ၈၂၉၂၆၀ | - | ၈၂၉၂၆၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၃၄၉ | ၁၆၇၇ | - | - | - | - | ၃၁၇၀၇၀ | - | ၃၁၇၀၇၀ | |
| | ပေါင်း | ၅၆၂၃ | ၃၇၃၂၈ | ၂၄၄၈၈၈ | ၆၂ | ၃၆၃၃၁၂၀၀ | ၁၁၇၈၀၅၄၀ | ၄၆၀၀၀၀၀ | ၈၁၁၃၁၅၄၆ | ၁၂၀၀၀၀၀ | ၁၃၅၀၄၃၂၈၆ | |
| | ဇွန်၊ ဇူလိုင်နှင့်ဩဂုတ်လစုစုပေါင်း | ၆၀၂၈ | ၃၉၄၇၄ | ၂၅၉၇၉၉ | ၆၉ | ၃၉၈၇၈၅၅၀ | ၁၅၅၇၃၃၂၀ | ၄၄၉၀၀၀၀၀ | ၉၆၈၃၇၁၂၆ | ၁၈၀၀၀၀၀ | ၁၉၈၉၈၈၉၉၆ | |

***စာမျက်နှာ ၁၁ မှ***

"ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ရေမကျသေးတဲ့အတွက် စောင့်ပြီး လုပ်ဆောင်ရတာမျိုး ရှိပါတယ်။ အဲဒီအချိန်မှာလည်း ဆောင်ရွက်စရာရှိတာမှန်သမျှကို ဆောင်ရွက်ထားသလို ရေကျတာနဲ့လည်း လုပ်ဆောင်လို့ ရသမျှကို အဆင့်ဆင့် လုပ်ဆောင်သွားပါတယ်။

"ကျွန်တော်တို့အနေနဲ့ သဘာဝဘေးအန္တရာယ်ကို တားဆီးလို့မရပေမယ့် မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်းဆုံး ဆောင်ရွက်သွားကြပါမယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန အနေနဲ့လည်း တာဝန်ယူထားတဲ့ လမ်းပိုင်းတွေ အမြန်ဆုံး သွားလာနိုင်ဖို့ ယာယီသွားလာနိုင်စေမယ့် နည်းလမ်းရော၊ အမြဲတမ်း သွားလာနိုင်မယ့် နည်းလမ်းအတွက်ပါ ဆောင်ရွက်သွားပါ့မယ်"ဟုလည်း ပြောကြားသည်။

ထိုသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် လမ်းနှင့် တံတားများ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ပြည်သူများသိရှိစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ website တွင် ဖော်ပြပေးလျက်ရှိကြောင်း သိရသည်။

ထိုအကြောင်းကို "ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ သတင်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန Website မှာ အချိန်နှင့်တစ်ပြေးညီ တင်ပေးနေပါတယ်။ အဲဒီကနေတစ်ဆင့် သတင်းအခြေအနေမှန်ကိုသိရှိနိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဌာနရဲ့ ဖုန်းတွေကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်က "အခုသဘာဝဘေးဖြစ်စဉ်မှာ လူမှုကွန်ရက်ကတစ်ဆင့် မန္တလေးက ရတနာပုံတံတား ဘာမှမဖြစ်ဘဲ တံတား စောင်းသွားတယ်ဆိုပြီး သတင်းတွေ ပျံ့နှံ့ခဲ့တာမျိုးရှိပါတယ်။ ဒီလို လူမှုကွန်ရက်ကသတင်းတွေ တက်လာတော့ကျွန်တော်တို့ အင်ဂျင်နီယာချုပ်တွေ ရတနာပုံတံတားကို ချက်ချင်း သွားရောက်စစ်ဆေးခဲ့ပါတယ်။ တံတားက ဘာမှမဖြစ်ပါဘူး။

"လူမှုကွန်ရက်ဆိုတာ သတင်းတွေ အကြောင်းအရာတွေကို အချိန်မြန်မြန်သိရတယ်။ လူမှုကွန်ရက်မှာ မှန်မှန်ကန်ကန်နဲ့ ပြည်သူတွေအတွက် အကျိုးရှိတာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ပြည်သူတွေအတွက် စိုးရိမ်ပူပန်မှုတွေ၊ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်စေနိုင်တဲ့ သတင်းမှားနေတာမျိုးတွေလည်း တွေ့ရှိရပါတယ်"ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။







# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၄

မြန်မာနိုင်ငံတစ်ဝန်း ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၅၀' |
| ၂။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၅. ၆၀' |
| ၃။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၃၀' |
| ၄။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၈၅' |
| ၆။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၄၅' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၅၅' |
| ၈။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၃၀' |
| ၉။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၆၀' |
| ၁၀။ | မြောက်ယမား ရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၇၀' |
| ၁၁။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၂။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၇၀' |
| ၁၃။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၀၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၄။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၅။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၆။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၅၀' |
| ၁၇။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၄၅' |
| ၁၈။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၆၀' |
| ၁၉။ | ဖလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၀။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၅၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၆၄' |
| ၂၂။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၈၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၁၀' |
| ၂၅။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၂. ၄၀' |
| ၂၆။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၂. ၇၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၇။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၆၀' |
| ၂၈။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၄. ၁၀' |
| ၂၉။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၀. ၅၀' |
| ၃၀။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၄၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၃၀' |
| ၃၂။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၀. ၅၀' |
| ၃၃။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၃၄။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၃၅။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၉၆' |
| ၃၆။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၉၇' |
| ၃၇။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၈၀' |
| ၃၈။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၆၀' |
| ၃၉။ | နန်ကသူရေလှောင်မံ | ၄၀၄၈၇ | ၀. ၈၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၂. ၃၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၆၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၄၅ | ၁. ၂၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆. ၀၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၇၄၀ | ၂၇. ၇၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၄၆၆၆ | ၆. ၃၀' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၂၇၅၀ | ၁၀. ၀၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၆၅၄ | ၉. ၂၀' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၀၃၈ | ၂၁. ၆၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၈၄ | ၄. ၉၅' |

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၁၅၁ | ၅. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၈၁၄၂၁၆ | ၀. ၆၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၅၇၆၄၂ | ၃၅. ၉၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၀၀၀၉ | ၁၃. ၃၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၄၇၈၄ | ၂၂. ၂၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၆၈၀ | ၁၂. ၃၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၁၂၂၀ | ၄. ၄၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၀၅၀၆ | ၈၉. ၉၄' |
| ၂၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၈၀၀၀၀ | ၀. ၀၀' |
| ၂၂။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၀၂၂ | ၆၀. ၃၀' |

(သတင်းစဉ်)

## ကလေး-ဟားခါး ကားလမ်း မကြာမီ ယာဉ်ငယ်များ သွားလာနိုင်မည်

နေပြည်တော် ဩဂုတ် ၄

ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကလေး-ဟားခါး-ကားလမ်းတစ်လျှောက် အချို့နေရာများတွင် တောင်ပြိုမှုများဖြစ်ပွားခဲ့ရာ ယာဉ်သွားလာမှုပြတ်တောက်ခဲ့သည်။

အဆိုပါနေရာများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကလေးမှဖလမ်းအထိ လမ်းပိုင်းကို ဩဂုတ် ၃ ရက်တွင် ဒေသရှိယာဉ်ငယ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ကလေးမှ ဟားခါးအထိ သွားလာနိုင်ရေးအတွက် ကျန်လမ်းပိုင်းပျက်စီးမှုများကို ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိရာ မကြာမီရက်ပိုင်းအတွင်း ကလေးမြို့မှ ဟားခါးမြို့အထိ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖွဲ့ လာအိုသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၄

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ် ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် 7th ASEAN-CHINA Young Entrepreneurs Forum သို့တက်ရောက်ရန်အတွက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ ဦးဝေဖြိုး ဦးဆောင်သော အဖွဲ့ဝင် ၃၀ တို့သည် ယမန်နေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (စွန့်ဦးတီထွင်အသင်း)


### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ကရင်ပြည်နယ်-စိုက်ပျိုးရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် စက်ပစ္စည်းများဝယ်ယူခြင်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တည်နေရာ | အကြောင်းအရာ | လုပ်ငန်း အရေအတွက် |
|---|---|---|---|
| ၁။ | ဗဟိုစိုက်ပျိုးရေးခြံဝင်း၊ ဘားအံမြို့ | စပါးမျိုးစေ့သန့်စင်စက် (Rice Seed Processing Machine) | 1. set |
| ၂။ | ဗဟိုစိုက်ပျိုးရေးခြံဝင်း၊ ဘားအံမြို့ | မျိုးစေ့သန့်စင်စက်ထားရှိမည့် အဆောက်အအုံ(၆၀×၄၀×၁၅)အရွယ် ဆောက်လုပ်ခြင်း | ၁ လုံး |
| ၃။ | ဗဟိုစိုက်ပျိုးရေးခြံဝင်း၊ ဘားအံမြို့ | သိုလှောင်ရုံ(၈၀×၃၀×၁၉)အရွယ် ဆောက်လုပ်ခြင်း | ၁ လုံး |
| ၄။ | ဗဟိုစိုက်ပျိုးရေးခြံဝင်း၊ ဘားအံမြို့ | စပါးအခြောက်ခံစက် (Flat Bed Batch Dryer) | ၁ လုံး |
| ၅။ | ဗဟိုစိုက်ပျိုးရေးခြံဝင်း၊ ဘားအံမြို့ | တလင်း(၈၀×၆၀×၁၅)အရွယ် ပြုလုပ်ခြင်း | ၁ လုံး |
| ၆။ | တင်ဒါပုံစံရောင်းချမည့်ရက် | ၁၀-၈-၂၀၁၅ရက် | |
| ၇။ | တင်ဒါတင်သွင်းရမည့်ရက် | ၂၇-၈-၂၀၁၅ ရက် ၉း၀၀ နာရီ | |
| ၈။ | တင်ဒါစိစစ်ရွေးချယ်မည့်ရက် | ၂၇-၈-၂၀၁၅ ရက် | |

တင်ဒါပုံစံများကို ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် ၁၀-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၂၂၀၆၅၊ ဖုန်း-၀၅၈-၂၃၄၄၂၊ ဖုန်း-၀၉-၈၇၃၀၆၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
ကရင်ပြည်နယ်-ဘားအံမြို့



### ဖခင်အမည်မှန်

သံဖြူဇရပ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဒွေးကိုကို၏ ဖခင်အမည်မှန်မှာ "ဦးသင့်တင့်" ၁၀/သဖရ(နိုင်)၁၃၉၉၄၂ ဖြစ်ပါကြောင်း။

ဦးသင့်တင့် ၁၀/သဖရ(နိုင်)၁၃၉၉၄၂



### စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်(အငြိမ်းစား)အရာရှိ/စစ်သည်များသို့

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်(အငြိမ်းစား)အရာရှိ/စစ်သည် မိသားစုများ၏(ဆဋ္ဌမ)အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၉-၈-၂၀၁၅ ရက် နံနက် ၉း၀၀နာရီတွင် လှည်းကူးမြို့နယ်၊ သရက်ကုန်းကျေးရွာ၊ စွန်းလွန်းတပ်ဦးကမ္မဋ္ဌာန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တပ်ဖွဲ့ဝင်(အငြိမ်းစား)အရာရှိ/စစ်သည်မိသားစုများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူရှင်များ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်-

(၁) ဗိုလ်ကြီးခင်ထွန်း(ငြိမ်း) ဖုန်း-၀၁-၆၂၈၀၃၁
(၂) ဗိုလ်ကြီးသိန်းသန်း(ငြိမ်း) ဖုန်း-၀၉-၇၈၈၆၆၉၆၈၅
(၃) ဗိုလ်ကြီးထွန်းမြင့်(ငြိမ်း) ဖုန်း-၀၁-၆၂၅၂၈၈
(၄) အရာခံဗိုလ်ကျော်ခင်(ငြိမ်း) ဖုန်း-၀၉-၅၀၅၈၃၄၇



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၄၆၈၊ Honda wave 125 သုံးဘီးယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်နေ ဦးမောင်ထွန်းကျော် ၁၁/စတန(နိုင်)၁၃၅၈၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ စစ်တွေ



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

| ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|
| Terrameter & Software | 1 Set | မြန်မာကျပ်ငွေ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၈-၂၀၁၅ ရက်
ပိတ်ရက်နှင့်အချိန် - ၁၀-၈-၂၀၁၅ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ် (၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈



### သွေးသည်အသက်



### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းဦး ၁၂/ကမတ(နိုင်)၀၁၄၉၅၇ အမှတ် ၁၁/၃၊ စံပါယ်လမ်း အလုံမြို့နယ်နေ၏ မတ်တူး JZX 110-6058275 ကားတင်သွင်းခွင့်ပါမစ် ISP 3 15-16-5264 - 22/6/15 နှင့် ကားထုတ်စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၄၃၀၈၃၃၆၈



### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်ဦး ၁၂/တကတ(နိုင်)၀၂၁၆၉၆ ၏ မင်္ဂလာသုခထရေးဒင်းကုမ္ပဏီမှ တင်သွင်းသည့် (1) 9J-3959 (S2 10P-0255890)၊ (2) 9J-3982 (S210P-2005130)၊ 7J-3276 (LY280-0005638) ကားသုံးစီးနှင့်ပတ်သက်သော Custom ကားထုတ်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၃၃၅၄၃



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၂၄၇)၊ အလျား(၆၀)×အနံ(၆၀) စတုရန်းပေ(၃၆၀၀) ပါမစ်မြေအား အမည်ပေါက်ဦးဆိုင်းဝါ(၉/မထလ(နိုင်)၀၉၁၂၆၀)မှ ပိုင်ဆိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေကွက်အား လက်ရောက်ရယူ၍ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆုမွန်သက်(LL.B)
အထက်တန်းရှေ့နေ
ဖုန်း ၀၉-၂၆၂၂၇၆၉၅၁

# (၄၈)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ စာပို့တံဆိပ်ခေါင်းအသစ်များ ရောင်းချမည်

**နေပြည်တော် ဩဂုတ် ၄**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကျရောက်သော (၄၈)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ Joint Stamp Issue of ASEAN Community အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်အဖြစ် ၁၀၀ ကျပ်တန်နှင့် ၅၀၀ ကျပ်တန် နှစ်မျိုးကို ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက် စနေနေ့ နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီး /ပြည်နယ်/ခရိုင်/မြို့နယ် စာတိုက်များတွင် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ စာပို့တံဆိပ်ခေါင်းသစ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာတိုက်လုပ်ငန်းများ၏ အာဆီယံစီးပွားရေးပူးပေါင်းမှုအဖွဲ့ (AEC-ASEAN Economic Community)နှင့် ပူးပေါင်း၍ အာဆီယံနိုင်ငံများအားလုံးတွင် ယခုတံဆိပ်ခေါင်းပါ ဒီဇိုင်းဖြင့် ထုတ်ဝေရောင်းချခြင်းဖြစ်ပြီး အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။







**(သတင်းစဉ်)**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

**၂၀၁၅ ခုနှစ် ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် မြစ်ရေကြီးမှုအခြေအနေမှာ-**

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၉ စင်တီမီတာ(၂-ပေခွဲခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၃၃ စင်တီမီတာ (၄-ပေခွဲခန့်)ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း(ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၈ စင်တီမီတာ(၂-ပေခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီ အတွင်း(ပေဝက်ခန့်)ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မကွေးမြို့၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄၈ စင်တီမီတာ(၁-ပေခွဲခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း(ပေဝက်ခန့်)ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် အောင်လံမြို့၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၈ စင်တီမီတာ(၂-ပေခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း(ပေဝက်ခန့်)ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ **(မိုး/ဇလ)**

## ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၂/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ နန်းတော်ကုန်း(၁)လမ်း၊ အမှတ် (၄၇၈) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုတောင်သူလယ်သမား အင်အားစုပါတီ**အား ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စု တောင်သူလယ်သမားအင်အားစုပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၉၉) ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရေဘေးသင့်ဒေသများသို့ အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများလေကြောင်းဖြင့်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့မှုအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် အစားအသောက်၊ ဆေးဝါးနှင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ယနေ့တွင် လေယာဉ် ၁၄ ခေါက်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ပို့ဆောင်ရာတွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေ Y8 လေယာဉ်ဖြင့် သုံးခေါက်၊ ကလေးလေဆိပ်သို့ ကမ္ဘောဇလေကြောင်းလိုင်း လေယာဉ်ဖြင့် နှစ်ခေါက်၊ ရွှေမြန်မာလေကြောင်းလိုင်း လေယာဉ်ဖြင့် နှစ်ခေါက်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း လေယာဉ်ဖြင့် သုံးခေါက်၊ တပ်မတော်လေယာဉ် Y8 ဖြင့် နှစ်ခေါက်၊ တပ်မတော်လေယာဉ် ATR ဖြင့် နှစ်ခေါက် စုစုပေါင်း ၁၄ ခေါက် ပို့ဆောင်ပေးခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ ***ရွှေဖုံးမှ***

သဘာဝရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ကြီးကြပ်ကာ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက် ၁၀ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်နေကြကြောင်း သိရသည်။

ရေကာတာရေပေါက်များ ကျိုးပေါက်မှုမရှိစေရေးနှင့် ရေစိမ့်ဝင်နေသောနေရာများကို စနစ်တကျ ပိတ်ဆို့ကာကွယ်ခြင်း၊ မြို့ပတ်တာနိမ့်သောနေရာများ၊ တာခြေရေစိမ့်ဝင်သောနေရာများ၌ သဲအိတ်များစီထပ်ကာခြင်း၊ ရေကတုတ်၊ရေခွေများ ဆောင်ရွက်ခြင်း၊ ပြည်သူများအား အသံချဲ့စက်များဖြင့် ရေဘေးကာကွယ်ရေး အသိပေးကြေညာခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အရေးပေါ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ယာယီရေဘေးလွတ်စခန်း ၁၁ ခုကို ဖွင့်လှစ်ထားကြောင်း၊ ယနေ့နံနက် ၉ နာရီက အိမ်ထောင်စု ၃၂၄ လူဦး ၁၀၈၂ ဦးတို့ကို ဘုန်းကြီးကျောင်း၊ ဓမ္မာရုံများ၊ ဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့ပေးခဲ့သည်။ ရေနစ်မြုပ်မှုတွင် ကွမ်းခြံ(၉၃)ခြံ၊ သီးနှံစိုက်ဧရိယာဧက ၇ ဒသမ ၅ ဧကပျက်စီးခဲ့ပြီး ရေနစ်မြုပ်သည့်ဒေသမှာ စက္ကော့ရေလယ်ဂုံမင်းဆိပ်ဖြစ်ကြောင်း သိရှိရသည်။

ယခုအခါ ညောင်တုန်းမြို့အား လိမ္မော်ရောင်အဆင့်သတ်မှတ်ထားရှိပြီး ရေအမှတ်မှာ ၂၅ ဒသမ ၅တွင် ရပ်တန့်လျက်ရှိကြောင်း၊ အနီရောင်အဆင့်ရောက်ရှိမည်ဆိုပါက မီးသတ်မှ ဥသြဆွဲပြီး နှိုးဆော်မှုနှင့်အတူ ပြည်သူများဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ကြိုတင်သတိပေးခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ထွန်းကျော်(ညောင်တုန်း)၊ အောင်ခိုင်(ပြန်/ဆက်)**

**ဆရာဌေး** နှင့် ဆရာမဒေါ်ဌေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဩဂုတ်လ(၅/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**တရားစီရင်ရာတွင်လိုက်နာရမည့် ကျင့်စဉ်ဆိုင်ရာလမ်းညွှန်မှုများ**
**ဦးကျော်ဝေယျ**
စာအုပ်ထွက်ရှိပါပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
မော်တော်ဆိုင်ကယ်အမှတ် ၅ဟ/၅၄၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁၀/သထန(နိုင်)၀၅၇၂၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

**ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း**
မော်တော်ယာဉ်အမှတ် 2D/7590 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦးမောင် ၁၂/မရက(နိုင်)၀၃၈၃၁၂ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| စဉ် | မြို့နယ် | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁ | ဆောမြို့နယ် | ကျောက်ထုမြို့နယ်ခွဲ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း |
| ၂ | စေတုတ္တရာမြို့နယ် | စေတုတ္တရာပြည်သူ့ဆေးရုံ၊ ခွဲစိတ်ဆောင် (၄၂ပေ ×၄၃ ပေ)၊ ဆေးစတို (ပေ၄၀× ပေ ၃၀) နှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း |
| ၃ | သရက်ခရိုင် | တလပါးတိုက်နယ်ဆေးရုံ အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း |
| ၄ | စလင်းမြို့နယ် | စလင်းပြည်သူ့ဆေးရုံ၊ ဆေးစတိုဆောက်လုပ်ခြင်း |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်
**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊အချိန်** - ၂၁-၈-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးဝင်း၊ မကွေးမြို့

တင်ဒါတင်သွင်းရာတွင် သက်ဆိုင်ရာနေရာဒေသသို့ ကွင်းဆင်းသွားရောက် တိုင်းထွာတွက်ချက်ကြောင်း သက်ဆိုင်ရာမြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ထောက်ခံချက်ပူးတွဲတင်ပြရမည်။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးဝင်း၊ မကွေးမြို့ ဖုန်း-၀၆၃-၂၅၁၁၅ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ည/၈၅၆၀ Cargo M34 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေမန်း ၁၂/မဂဒ(နိုင်)၀၃၉၅၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယောနယ်အသင်း (ရန်ကုန်) နှိုးဆော်ခြင်း

ယောနယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင် ၊ ယောနယ်ဒေသ (ဂန့်ဂေါ၊ ကလေး၊ ထီးလင်း၊ ဆော)မြို့နယ်များနှင့် ကျေးရွာများတွင် ထူးထူးကဲကဲရေကြီးရေလျှံသဖြင့် ရေဘေးဒုက္ခကြုံတွေ့နေရသော ရပ်ကွက်နဲ့ရွာနှင့်လူများအတွက် ကူညီထောက်ပံ့လှူဒါန်းနိုင်ရန် ရန်ကုန်ရောက် ယောနယ်သူ/သားများနှင့် စေတနာရှင်များအနေဖြင့် တတ်စွမ်းသမျှ/ပူးပေါင်း၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**၁။ ဥက္ကဋ္ဌ-ဦးအေးမောင်** ဖုန်း-၀၁-၂၄၀၆၁၄၊ ၀၉-၇၃၀၂၆၃၆၆
**၂။ အတွင်းရေးမှူး ဦးသာလှ** ဖုန်း-၀၁-၃၈၀၄၄၈၊ ၀၉-၃၀၀၀၆၉၅၁
**၃။ ဦးကြီးအောင်** ဖုန်း-၀၉-၃၁၂၈၂၇၃၃
**၄။ ဦးဘဉာဏ်(အဖွဲ့ဝင်)** ဖုန်း-၀၁-၆၈၇၂၄၇

## ကလေးမြို့၊ ဟားခါးမြို့၊ ပွင့်ဖြူမြို့၊ စေတုတ္တရာမြို့နယ်၊ ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနား ဖိတ်ကြားခြင်း

ပါမောက္ခခင်မောင်ဝင်း(အသည်း) ဦးစီးသော ကလေးမြို့၊ ဟားခါးမြို့၊ ပွင့်ဖြူမြို့၊ စေတုတ္တရာမြို့နယ်၊ ရခိုင်ပြည်နယ်တို့မှ ရေဘေးသင့်ပြည်သူများအား အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ စေတနာရှင်မည်သူမဆို တက်ရောက်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **အလှူငွေပေးအပ်ပွဲ ကျင်းပရေးကော်မတီ**

**ကျင်းပမည့်နေရာ။** ။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း UMFCCI ခန်းမ၊ မင်းရဲကျော်စွာလမ်း၊ စိန်ဂျွန်းမှတ်တိုင်အနီး
**ကျင်းပမည့်ရက် -** ၇-၈-၂၀၁၅ ရက် (သောကြာနေ့)
**ကျင်းပမည့်အချိန် -** နံနက် ၁၀း၀၀ နာရီ

# လယ်ယာလုပ်သားရှားပါးလာသော်လည်း ထွန်စက်များအသုံးပြုကာ အချိန်တိုအတွင်း ထွန်ယက်စိုက်ပျိုး

**တောင်ငူ ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း လယ်ယာလုပ်သားရှားပါး၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်၌ အချိန်တိုကာလအတွင်းလုပ်ငန်းပြီးစီးနိုင်သော ထွန်စက်များကိုယ်ပိုင်ဝယ်ယူ၍ လုပ်ကိုင်လာကြသည်ကို တွေ့ရှိရသည်။ ကျေးလက်ဒေသများရှိ လယ်ယာလုပ်သားများသည် လုပ်အားခပိုမိုရရှိသည့် လုပ်ငန်းခွင်များ၊ ပြည်ပသို့ထွက်ခွာသွားလာသူပိုမို များပြားခြင်းတို့ကြောင့် တောင်သူများအတွက် လုပ်ငန်းခွင်၌ အလုပ်သမား ရှားပါးခြင်းအပြင် ကာလပေါက်စျေးထက်ပိုမိုတောင်းခံခြင်းများကြုံတွေ့နေရသည်ဟု တောင်သူတစ်ဦးက ပြောပြသည်။

ထွန်စက်များဖြင့်ထွန်ယက်ပါက တစ်ဧကလျှင် မိနစ်ပိုင်းသာကြာသည့်အတွက် လယ်ဧကများပြားသူများအတွက် များစွာအဆင်ပြေကြောင်း ကိုယ်တိုင်ထွန်စက်ဝယ်ယူထားသည့် တောင်သူတစ်ဦးကပြောသည်။

"ထွန်စက်က အရစ်ကျနဲ့ဝယ်ထားတာ၊ တွက်ခြေကိုက်ပါတယ်။ ကိုယ့်လယ်အတွက် သုံးပြီးရင် အခြားတောင်သူများကို တစ်ဧကနှစ်သောင်းနှုန်းနဲ့ လိုက်မောင်းတယ်။ တစ်ဧကမှာ မိနစ် ၂၀ ပဲကြာပြီး အပိုဝင်ငွေရတာရယ်၊ ကိုယ့်လယ်ကထွက်တာရယ် ပေါင်းရင် အကြွေးကိုကြာကြာ ဆပ်စရာမလိုပါဘူး"ဟု အထက်ပါ တောင်သူကပင်ဆက်၍ပြောသည်။ ရာသီဥတုကြောင့် ရေကြီးနစ်မြုပ် လယ်မြေများအတွက် ထွန်စက်များသည် အချိန်တိုအတွင်း ငွေကုန်ကြေးကျ သက်သာစွာ လုပ်ငန်းပြီးစီးသဖြင့် တောင်သူများအတွက် အားတက်စရာပင်ဖြစ်သည်။



**ကိုလွင်(ဆွာ)**

# အဆင့်မြင့်လယ်ယာဧက ၃၀၀၀ အတွင်း ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၁၀၀ စုပေါင်းမျိုးစေ့ချပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့် စက်မှုလယ်ယာဧက ၃၀၀၀ အတွင်း ယခုနှစ်မျိုးစပါး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်လုပ်ရန် GAP စနစ်ဖြင့် (R- လိုင်း) အဖိုလိုင်း (၁) စုပေါင်းမျိုးစေ့ချပွဲကို ဩဂုတ် ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းမျိုးစေ့ချပွဲကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ နေပြည်တော် ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦး၊ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်ဦးစီးမှူးများ၊ လယ်ဝေး၊ ပျဉ်းမနား၊ ဥတ္တရ၊ ပုဗ္ဗ၊ ဇမ္ဗူ၊ ဒက္ခိဏမြို့နယ်တို့မှ စိုက်ကွင်းတာဝန်ခံ ပညာရှင်ဝန်ထမ်း ၁၄၀ တို့နှင့်အတူ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ (နယူးဧရာ) မှ တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေး၍ ကိုယ်တိုင်စုပေါင်း မျိုးစေ့ချခဲ့ကြသည်။

အဆိုပါ အဆင့်မြင့် လယ်ယာဧက ၃၀၀၀ အတွင်း အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းကို ၂၀၁၄ခုနှစ် နွေစပါး၊ မိုးစပါးရာသီတွင် နှစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နွေစပါးနှင့် ယခုမိုးစပါးတို့ကို လေးကြိမ်၊ လေးရာသီထုတ်လုပ်ခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့် နွေစပါး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်ခဲ့မှုပမာဏမှာ ဧက ၁၀၀ လျှင် ကီလို ၁၈၀၀၀ ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲတီစိမ်းစိုက်တောင်သူအချို့ အရှုံးပေါ်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပဲတီစိမ်းစိုက် တောင်သူများ ပဲတီစိမ်းကောက်ချိန် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လယ်သာ၊ ဇလုပ်ကြီး၊ အင်ကြင်းစု၊ ဖြုတ်ကုန်းကြီး စသည့် ကျေးရွာများတွင် ပဲတီစိမ်းများရေဝင်ပြီး အသီးများ ပျက်စီးခြင်းနှင့် ကောက်ယူရရှိသည့်ပဲများသည် အရည်အသွေးမမီ စျေးကွက်မဝင် အရှုံးပေါ်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ယာထဲမှာစိုက်တဲ့ ပဲတီစိမ်းတွေကတော့ အသီးပျက်စီးမှု နည်းပါတယ်။ လယ်မြေတွေထဲမှာစိုက်ပျိုးတဲ့ ပဲတီစိမ်း တချို့က ခွသီးလောက်ပဲ ကောက်ရသေးတယ်။ နေ့စဉ် မိုးရွာနေတာကြောင့် ပဲကောက်ချိန်ရောက်မှ အသီးတွေ ပျက်စီးဆုံးရှုံးကုန်ကြတယ်"ဟု ဒေသခံ တောင်သူတစ်ဦးက ပြောပြသည်။

မိုးပဲတီစိမ်းများ ကောက်ချိန်တွင် နေ့စဉ် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကောက်ပြီးပဲတီစိမ်းများကို နေလှန်း အခြောက်ခံခြင်း မပြုလုပ်တော့ဘဲ အိမ်အောက်မှာပင် မိုးကာများခင်း လေသလပ်အောင် အထက်အောက် လှန်ပြီး အသီးခွံတွင်းမှ စက်ဖြင့်ခွဲ၍ အစေ့အဆန် ထုတ်ယူရကြောင်း လယ်သာ ကျေးရွာဒေသခံ ဦးမြသိန်း၏ပြောပြချက် အရသိရသည်။



မိုးပဲတီစိမ်း အစောပေါ်တောင်သူများသည် ပဲတစ်တင်းငွေကျပ် ၄၀၀၀၀ ကျော် ရောင်းချရသည်။ ပဲတီစိမ်းဖြိုင်ဖြိုင် ကောက်ချိန်နီးမှ မိုးအဆက်မပြတ်ရွာနေသဖြင့် အစေ့အဆန်များ အရည်အသွေးမမီ၍ ပဲတစ်တင်းငွေကျပ် ၁၅၀၀၀မှ ၁၈၀၀၀ အထိသာ ရောင်းချရကာ ပဲတီစိမ်းစိုက်တောင်သူများသည် သီးနှံအထွက်နှုန်းကျခြင်းနှင့်သီးနှံစျေးနှုန်း လျှော့ချရောင်းချရခြင်းတို့ ကြုံတွေ့ရပြီး ရင်းနှီးစရိတ်ပြန်လည်ရရှိရေးနှင့် လယ်စပါးစိုက်စရိတ်ရရှိအောင် ကြိုးစား ဆောင်ရွက်နေကြကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး/ ပုစွန် မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(၁) မွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော/ နိမ့်သောနေရာများတွင် သဲအိမ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊

(၂) အကယ်၍ ရေကြီး/ရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊

(၃) ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားရန်၊

(၄) လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများကို ဦးစားပေးရွှေ့ပြောင်းကြရန်၊

(၅) သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများကို ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊

(၆) ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊

(၇) မွေးမြူရေးကန်၏ ရေထွက်/ ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများကို အစဉ်ဂရုတစိုက်စစ်ဆေးနေရန်၊

(၈) ထူးခြားသည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများကို ကြိုတင်ပြင်ဆင်ထားရန်၊

(၉) အစိုးရပိုင် ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင်ရန်နှင့် ပြည်တွင်းထုတ်ဂျာနယ်များတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများကို အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြရန်၊

(၁၀) ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ် အကူအညီတောင်းခံကြရန်။

**မွေးမြူရေး၊ရေလုပ်ငန်းနှင့်**
**ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ




## အာဇာနည်အမှတ်တရစာစုများ

**ရေးသူ - မြင့်ဆွေဦး**
**ထုတ်ဝေသူ - နန်းဒေဝီစာပေ**
**ပုံနှိပ် - စာပေလောက**
**အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
**တန်ဖိုး-ကျပ် ၂၅၀၀ ။**




ဤစာအုပ်တွင် အာဇာနည်များ၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အမှတ်တရ မှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းများနှင့်ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဒဂုန်တာရာတို့၏ အာဇာနည်နေ့နှင့် ပတ်သက်၍ အမှတ်တရ ဆောင်းပါးများပါရှိသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ရသော အာဇာနည်ပုဂ္ဂိုလ်များ၏ အကြောင်းအရာများကို တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်ပါသည်။

## အရှက်မဟုတ်တဲ့ အစွမ်းထက် သိဒ္ဓိဝင်ဆေးမြင်းခွာ




**ရေးသူ - မျိုးတင့် (ညောင်လေးပင်)**
**ထုတ်ဝေသူ - နန်းဒေဝီစာပေ**
**ပုံနှိပ် - စာပေလောက**
**၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**တန်ဖိုး - ကျပ် ၂၅၀၀။**

အရှက်မဟုတ်သော ဆေးဖက်ဝင် အစွမ်းထက်သိဒ္ဓိဝင် ဆေးမြင်းခွာကြောင့် အရွယ်တင်နုပျိုစေသည်။ ဆံပင်ဖြူပြန်နက်စေသည်။ အသက် ၁၆၀ ရှည်စေနိုင်သည်ဟု ဗန်းမော်ဆရာတော်ကြီး၏ဟောကြားချက်ကို စာရေးသူက ကိုးကားဖော်ပြထားသည်။

ယင်းသည် အရိုးကျိုးပေါင်းတက်ရောဂါ၊ လေထိုး လေအောင့်၊ အကြောတက်ခြင်းနှင့် အခြားရောဂါမျိုးစုံနီးပါး သက်သာစေနိုင်သော အစွမ်းထက်ဆေးကောင်းတစ်လက်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် "ဆေးမြင်းခွာပင်ဆိုတာ မြင်းခွာရွက်ပင်မျိုး မဟုတ်ဘူး။ အပင်က လူတစ်ရပ်လောက်အထိ မြင့်တယ်။ မြင်းခွာနဲ့တူတဲ့ဥတွေ အပင်ရင်းမှာ အုံဖွဲ့ပြီးနေတယ်။ အဲဒီ ဥတက်တစ်ခုကိုဖွဲ့ပြီး ကြည့်လိုက်ရင် ပကတိမြင်းတစ်ကောင်ရဲ့ ခွာအတိုင်းရှိတဲ့ အပင်မျိုးကို ဆေးမြင်းခွာလို့ခေါ်တယ်" ဟု ဆေးမြင်းခွာပင်အကြောင်း သိကောင်းစရာများကို တင်ပြထားသည်။

## ဆရာကြီးမင်းသိခ်၏ မနောမယဂမ္ဘီရကျင့်စဉ်များ

**ရေးသူ - ဝင်းဇော်(သစ်တော)**
**ထုတ်ဝေသူ - အောင်မင်္ဂလာစာပေ**
**ဖြန့်ချိရေး - မရမ်းတလင်းစာပေ**
**အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်းကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၃၂၉၇၊ ၀၉-၇၃၀၀၂၉၆၅၊ တန်ဖိုး - ကျပ် ၃၀၀၀။**




ဤစာအုပ်တွင် ဆရာကြီး မင်းသိခ်၏ ဂမ္ဘီရကျင့်စဉ်နည်းပေါင်း ၂၄ ခုကို ဆရာကြီးနှင့် အမေးအဖြေပုံစံမျိုးဖြင့် ရေးသားတင်ပြထားသည်။ ခုနစ်ရက်သားသမီးများအတွက် အဓိဋ္ဌာန်ဝင်ပုတီးစိပ်နည်းများ၊ ဝါဆိုလ အဓိဋ္ဌာန် ကျင့်စဉ်များလည်းပါရှိသည်။

ဆရာကြီး၏ အဆိုအမိန့်များဖြစ်သော "သိဒ္ဓိဓာတ်ကို ရင့်ကျက်အောင်လုပ်တဲ့ နေရာမှာ အကောင်းဆုံးကတော့ အမြင့်ဆုံး သိဒ္ဓိဓာတ်ဟာ မေတ္တာဓာတ်ပဲ။ မေတ္တာဓာတ်ကြီးဟာ သိဒ္ဓိဓာတ်ကြီးဖြစ်တယ်" ဟုလည်းကောင်း အဆိုပါကျင့်စဉ်များသည် လောကီစိတ်ပညာ ကျင့်စဉ်များဖြစ်ပြီး ဘာသာရေးနှင့် မဆိုင်ကြောင်း ဖော်ပြပါရှိသည်။

# ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်း တည်ဆောက်မှု ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးနေ

**ရန်ကုန် ဩဂုတ် ၄**



အမေရိကန်အခြေစိုက် Star Wood Hotels and Resorts ကုမ္ပဏီနှင့် Family Business Group Hotel လီမိတက်တို့မှ အမေရိကန် Brand အနေဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အကျိုးတူ ပူးပေါင်းဆောင်ရွက်ကာ တည်ဆောက်လျက်ရှိသော ရန်ကုန်မြို့၏ ပုံရိပ်ကိုထင်ဟပ်စေမည့် ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်းမှာ ၄၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

Family Business Group Hotel လီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးကိုကိုလတ်က "နိုင်ငံတကာမှာ Brand ဖြစ်နေတဲ့ ဒီ Sheraton ဟိုတယ်ဟာ ရန်ကုန်မြို့ကို ဝင်ရောက်လာခြင်းအားဖြင့် နိုင်ငံတော်အတွက် အခြားနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်သလိုဖြစ်သွားပါပြီ၊ အမေရိကန်နိုင်ငံရဲ့ တကယ့်ကြီးမားတဲ့ ကုမ္ပဏီကြီးတစ်ခုကတောင်မှ မြန်မာနိုင်ငံကို လာရောက်ပြီး ချိတ်ဆက်နေပြီဆိုတော့ အခြားစီးပွားရေးကုမ္ပဏီငယ်များကလည်း အွန်လိုင်းကနေတွေ့ပြီး အချိန်မရွေးဝင်ရောက်ရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ ဆက်သွယ်လာနိုင်ပါတယ်။ နောက်ပြီး နိုင်ငံအတွင်းက ပြည်သူဦးရေ ၅၀၀ ကျော်ကို ဒီ Sheraton ဟိုတယ်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှာဖြစ်ပြီး အခြားဆက်စပ်ကုမ္ပဏီ ၂၀၀ ကျော်အတွက်လည်း အခွင့်အလမ်းတွေ ရရှိစေမှာဖြစ်ပါတယ်" ဟု ပြောသည်။

Sheraton Hotel Yangon စီမံကိန်းကို အကျယ် ၁ ဒသမ ၂၃ ဧကရှိ မြေပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ပြီး ဟိုတယ်အဆောက်အအုံ၏ Floor ဧရိယာမှာ ၃၉၆၉၇၈ ရှိကာ အလျား ၂၁၇ ပေနှင့် အနံ ၂၆၆ ပေရှိသည်။ အမေရိကန်ဒေါ်လာ သန်း ၃၀ အကုန်အကျခံ၍ အမေရိကန်နည်းပညာဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး လာမည့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးသတ် တည်ဆောက်ဖွင့်လှစ်တော့မည်ဖြစ်သည်။

ဟိုတယ်အတွင်း နိုင်ငံတကာအဆင့်မီ အခန်းပေါင်း ၃၇၅ ခန်း ပါဝင်မည်ဖြစ်ပြီး ယာဉ်အစီးရေ ၂၀၀ ခန့် ရပ်နားနိုင်သော Basement ကားပါကင်နှစ်ထပ် ပါဝင်မည်ဖြစ်သည်။ ဟိုတယ်အဆောက်အအုံမှာ နိုင်ငံတကာစံချိန်စံညွှန်းမီ ၁၄ ထပ်အဆောက်အအုံဖြစ်ပြီး ဓာတ်လှေကား ၁၂ စင်းနှင့် စက်လှေကားသုံးစင်း ပါဝင်မည်ဖြစ်သည်။ ပထမထပ်ရှိ Ballroom ၌ လူဦးရေ ၇၀၀ ဆံ့အခန်း ထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး အဝင်ဝ Lobby ၌ အဆင့်မြင့်စားသောက် ဆိုင် သုံးဆိုင်ပါဝင်မည်ဖြစ်ကာ အပေါ်ဆုံး ၁၂ လွှာရှိ Rooftop တွင်လည်း စားသောက်ဆိုင် သုံးဆိုင်ပါဝင်မည်ဟု သိရသည်။

ဟိုတယ်အဆောက်အအုံ ဒုတိယထပ်တွင် ရေကူးကန်၊ အားကစားလေ့ကျင့်ခန်း၊ နိုင်ငံတကာအဆင့်မီ Spa များ ပါဝင်ဆောက်လုပ်ထားပြီး တတိယလွှာမှ ၁၁ ထပ်ထိ အခန်းပေါင်း ၃၇၅ ခန်းပါဝင်ကြောင်းသိရသည်။ လက်ရှိအချိန်အထိ Basement နှစ်ထပ်အပါအဝင် ရှစ်လွှာထိ တည်ဆောက်ပြီးစီးနေပြီဖြစ်ကာ ဟိုတယ်အဆောက်အအုံ ဆောက်လုပ်မှုများအတွင်း ဥရောပ၊ စင်ကာပူ၊ တရုတ်နှင့် အမေရိကန်နိုင်ငံထုတ် ကုန်ပစ္စည်းများ အသုံးပြုဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"Sheraton Hotel Yangon ဖွင့်လှစ်ပြီဆိုရင်တော့ အခန်းငှားခက She-raton Brand ရဲ့ နိုင်ငံတကာသတ်မှတ်နှုန်းထားအတိုင်း သတ်မှတ်မှာပါ။ Seraton Hotel တွေက ကမ္ဘာမှာဟိုတယ်ပေါင်း ၄၀၀၀ ကျော်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဒါပထမဦးဆုံးဝင်ရောက်လာတာပါ။ ဟိုတယ်အခန်း ငှားရမ်းခများကတော့ နိုင်ငံတကာက Sheraton ဟိုတယ်များနဲ့ ချိတ်ဆက်ပြီး Star Wood Hotels and Resorts ကုမ္ပဏီက ဈေးကွက်ကိုရှာဖွေမှာပါ"ဟု တည်ဆောက်မှုပြီးစီးပါက လုပ်ငန်းလည်ပတ်မည့်ပုံစံကို ဦးကိုကိုလတ်က ရှင်းပြသည်။

Sheraton Hotel Yangon စီမံကိန်းဆောင်ရွက်နေမှုအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အား တင်ပြထားပြီးဖြစ်ကြောင်း၊ ဟိုတယ်ဖွင့်လှစ်ပြီးပါက ရန်ကုန်မြို့သို့ အကြောင်းကိစ္စအရပ်ရပ်ကြောင့် လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက် အကျိုးရှိစေမည်ဖြစ်သည့်အပြင် ရန်ကုန်မြို့မှ ပြည်သူအချို့အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေမည်ဖြစ် ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- တင်လှမောင်**

# လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇) မရရှိသေးသဖြင့် လက်ငုတ်တောင်သူများ အခက်အခဲဖြစ်ပေါ်နေ

**မြစ်သား ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဒိုင်းကျေးရွာအုပ်စုသည် ကိုးရွာရှိပြီး ဒေသခံကျေးလက်နေပြည်သူများမှာ တောင်ယာလုပ်ငန်းလုပ်ကိုင်ကြသည့်အခါ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇) မရှိခြင်းကြောင့် အခက်အခဲဖြစ်ပေါ်နေကြောင်း အဆိုပါ ဒေသခံများထံမှ သိရသည်။

အဆိုပါဒေသခံ ဦးလှသိန်းက "နေ့စဉ်ထုတ် သတင်းစာတွေမှာ တာဝန်ရှိသူတွေက ကျွန်တော်တို့လို တောင်သူတွေကို လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ (၇)တွေ အခြားမြို့နယ်တွေမှာ ထုတ်ပေးနေတာ ဖတ်ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကျေးရွာအုပ်စုက ကိုးရွာရှိပြီး လက်ငုတ် တောင်သူအများစုဟာ လယ်ယာမြေ လုပ်ကိုင်ခွင့် ပုံစံ (၇) မရရှိသေးပါဘူး။ ၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်ကတော့ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများကို ယာယီလုပ်ကိုင်ခွင့် ပုံစံ (၃) တွေ ပေးအပ်ခဲ့လို့ တောင်သူနှစ်ဦးက တက်ရောက်ယူခဲ့ပါတယ်။ ပြီးတော့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က လယ်ယာမြေ လုပ်ကိုင်ခွင့် ပုံစံ(၇) ကို တောင်သူတွေ လက်ဝယ်ရရှိအောင် အမြန်ဆုံးနှစ်လအတွင်း ဆောင်ရွက်ပေးရမယ်ဟု မြို့နယ်အဆင့် တာဝန်ရှိသူများကို မှာကြားခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်အထိ ကျွန်တော်တို့ ချမ်းငြိမ်းသာကျေးရွာရှိ တောင်သူတွေမှာ ပုံစံ (၇) မရရှိသေးပါဘူး" ဟု ပြောသည်။

ထို့ကြောင့် အဆိုပါ ဒေသခံ လက်ငုတ်တောင်သူများက လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)အမြန်ဆုံး ထုတ်ပေးရန် လိုလားနေကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများက ပြည်တွင်း ပြည်ပအလှူရှင်များအား ဖိတ်ခေါ်

**မဟာချိုင် ဩဂုတ် ၄**

မြန်မာနိုင်ငံ အနှံ့အပြားတွင် ရေဘေးအန္တရာယ်များ ကြုံတွေ့နေကြရသည့် ရေဘေးသင့်ပြည်သူများအား တတ်နိုင်သမျှ အကူအညီများပေးနိုင်ကြရန် Myanmar It Guys In Thailand အဖွဲ့က ရေဘေးသင့်ပြည်သူများကို ကူညီမှုပေးနိုင်ရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းလိုက်ကြောင်း ထိုင်းနိုင်ငံ သတင်းအရင်းအမြစ်များမှ သိရသည်။

ရေဘေးဒုက္ခသည်များအတွက် ပူးပေါင်းပါဝင်ကူညီလှူဒါန်းလိုပါက ထိုင်းနိုင်ငံရှိ Myanmar It Guys In Thailand အဖွဲ့မှ ဖုန်း ၀၈၃၇-၃၅၂၀၈၇ (ကိုစောမောင်)၊ ၀၈-၁၆၆၈၇၆၅၇ (ကိုဆန်းမင်း)၊ ၀၉-၉၅၀၉၄၁၇၉ (ကိုထူးလင်းထက်)၊ ၀၈၇၇၄၁၂၅၂၈ (မဒီမို) နှင့် ၀၉-၄၈၀၈၆၃၈၆ (ကောင်းကောင်း) တို့၏ ဖုန်းနံပါတ်များအား ဆက်သွယ်လှူဒါန်းကြပါရန် ပြည်တွင်းပြည်ပ မြန်မာနိုင်ငံသားများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

အလှူပစ္စည်းများ လှူဒါန်းလိုပါက မဟာချိုင်မြို့ရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းသို့ လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်းဖြင့် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# မူလတန်း ကျောင်းဆောင်သစ်နှင့် ကျောင်းမြေလှူဒါန်းပွဲ ကျင်းပ

**နတ်မောက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မှိုက်ပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းဆောင်သစ်နှင့် ကျောင်းမြေလှူဒါန်းပွဲကို ဩဂုတ် ၁ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်နှင့် မြေလှူဒါန်းပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်ပညာရေးမှူးဦးခင်မောင်ကျော်နှင့် ကျောင်းဆောင်သစ်အလှူရှင်ကိုယ်စား ဒေါ်စိမ့်စိမ့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့က ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ဆောင်ရွက်မှု များအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်အလှူရှင်မှ လှူဒါန်းထားသောကျောင်းအဆောက်အဦး၊ မြေနေရာနှင့် ပရိဘောဂများအတွက် စာရွက်စာတမ်းများကို အလှူရှင်ကိုယ်စားဒေါ်စိမ့်စိမ့်မှ မြို့နယ်ပညာရေးမှူးဦးခင်မောင်ကျော်ထံပေးအပ်ခဲ့သည်။ ကျောင်းဆောင်သစ်သည် အလျား ၁၀၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေရှိ ကိုးခန်းတွဲ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလှူရှင်စာရေးဆရာမင်းဒင်နှင့် စေတနာရှင်များက စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၄၅၀ ခန့်အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**လှဝင်း (ပြန် /ဆက်)**




# ရေဘေးသင့်အိမ်ထောင်စုများအား စားနပ်ရိက္ခာ၊ ငွေနှင့် ဆေးဝါးများထောက်ပံ့

**ရေဦး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း လေးရွာ၊ မုတ်စီ၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်အောင်ဇေယျရပ်ကွက်များမှ ရေဘေးကြောင့်ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စုများအား စားနပ်ရိက္ခာ၊ ထောက်ပံ့ငွေနှင့် ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများကို ရန်ကုန်မြို့အပါအဝင် အခြားမြို့များမှ အလှူရှင်များက ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

လေးရွာ၌ ကမ်းပါးပြိုရေတိုက်စားမှုကြောင့် အိမ်ထောင်စု ၂၀ မှာ နေအိမ်များမှ ရွှေ့ပြောင်းခဲ့ရာပြီး အိမ်ထောင်စုရှစ်စုကို စာသင်ကျောင်းတွင် ပြောင်းရွှေ့နေထိုင်စေ၍ ကျန်အိမ်ထောင်စု ၁၂ ခုမှာ နီးစပ်ရာဆွေမျိုးများအိမ်၌ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ အဆိုပါအိမ်ထောင်စုများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၂ ရက်တွင် အလှူရှင်များက ပေးအပ်ခဲ့သည်။

ရန်ကုန်မြို့ အင်းစိန်ဈေးသူဈေးသားများအဖွဲ့က ရေဘေးသင့်အိမ်ထောင်စုများအား အဝတ်အစားမျိုးစုံ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ လက်ဖက်နှင့် အကြော်စုံများ၊ သွားတိုက်ဆေးနှင့် သွားတိုက်တံ၊ စောင်၊ ဖိနပ်၊ စတီးဇလုံနှင့် ဇွန်းများအပြင် စာသင်ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စု ၈ စုအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းစီနှင့် ကျန်အိမ်ထောင်စု ၁၂ စုတို့အတွက် ထောက်ပံ့ငွေကျပ် နှစ်သောင်းစီကိုလည်းကောင်း၊ မုံရွာမြို့မှ ကမ်းလင့်ကြင်နာ မောင်နှမများအဖွဲ့ကလည်း ရေဘေးသင့်အိမ်ထောင်စုများ အတွက် ခေါက်ဆွဲခြောက်၊ မုန့်ကြွပ်ထုပ်၊ စားဆီတစ်ဘူးစီနှင့် ကျေးရွာနေပြည်သူများအတွက် ဂလူးကို့စ်၊ ဓာတ်ဆားထုပ်၊ ဘာမီတွန်၊ ပါရာစီတမော၊ အကိုက်အခဲပျောက်ဆေး၊ချောင်းဆိုးပျောက်ဆေးနှင့် အားဆေးများအပြင် အိမ်ထောင်စုရှစ်ခုအတွက် ငွေကျပ်သုံးသောင်းစီနှင့် အိမ်ထောင်စု ၁၂ ခုအတွက်ငွေကျပ်တစ်သောင်းစီကိုလည်းကောင်း ထောက်ပံ့လှူဒါန်းထားကြောင်းသိရသည်။

ညနေရေလှူအသင်းအဖွဲ့ခေါင်းဆောင် ဦးအာလူး၊ မြို့မိမြို့ဖ ဦးသောင်း(ဝင်းကိတ်)မိသားစုနှင့် အောင်ရတနာကားသင်းဥက္ကဋ္ဌ ဦးမြင့်ဦးမိသားစုတို့ကလည်း အောင်မင်္ဂလာတောင်ပိုင်း၊ အလယ်ပိုင်း၊ မြောက်ပိုင်း၊ ဗိုလ်အောင်ဇေယျအရှေ့ပိုင်းနှင့် မုတ်စီကျေးရွာများမှ ရေဝင်နစ်မြုပ်သော အိမ်ထောင်စုများအား နံနက်စာ၊ ညနေစာ ထမင်းထုပ်များ၊ စားနပ်ရိက္ခာများ အလှည့်ကျ ထောက်ပံ့ပေးလျက်ရှိသည်။ မြို့နယ်တာဝန်ရှိသူများကလည်း ကျန်ရှိသော ရေဘေးသင့်ရပ်ကွက်များနှင့် ကျေးရွာများသို့ လိုအပ်သည့်ထောက်ပံ့မှုများ ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သန်းထိုက်(ရေဦး)**



# မြင်းခြံ၌ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကူညီစောင့်ရှောက်လျက်ရှိ

**မြင်းခြံ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာများနှင့် ရပ်ကွက်အချို့တွင် ကြိုတင်ပြောင်းရွှေ့လာကြသူများကို မြင်းခြံခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနများက ဩဂုတ် ၂ရက် နံနက်ပိုင်းမှ စတင်ကာ ကူညီပြောင်းရွှေ့ပေးနေပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကူညီစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ စုစုပေါင်းလူဦးရေ ၁၉၆၇ ဦးနှင့် တိရိစ္ဆာန် ၃၅၁ ကောင်တို့ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင် နေကြရခြင်းဖြစ်သည်။ ပြောင်းရွှေ့နေထိုင်နေကြသူများမှာ သဘော်တင်ကျေးရွာမှ လူဦးရေ ၈၆ ဦးနှင့် တိရစ္ဆာန်ကောင်ရေ ၄၀၊ ပိုက်ကုန်းကျေးရွာမှ လူဦးရေ ၂၅၄ ဦးနှင့် တိရစ္ဆာန် ၃၅ ကောင်၊ ခေါင်းကွဲကျေးရွာမှ လူဦးရေ ၉၇ ဦး၊ လှိုင်းတက်ကျေးရွာမှ လူဦးရေ ၃၂ ဦးနှင့် တိရစ္ဆာန် ၁၀ ကောင်၊ ကြက်လျှာကျေးရွာမှ လူဦးရေ ၂၈ ဦးနှင့် တိရစ္ဆာန် ၁၅ ကောင်၊ ကျောင်းကုန်းကျေးရွာမှ လူဦးရေ ၁၅ ဦးနှင့် တိရစ္ဆာန် ၁၀ ကောင်၊ လေးအိမ်တန်းကျေးရွာမှ လူဦးရေ ၂၀၊ အင်ကြင်းပင်ကျေးရွာမှ လူဦးရေ ၃၀၆ ဦးနှင့် တိရစ္ဆာန်ကောင်ရေ ၂၀၊ ပြည်တော်သာကျေးရွာမှ လူဦးရေ ၁၆၄ ဦးနှင့် တိရစ္ဆာန် ၂၅ ကောင်၊ အေးရွာကျေးရွာမှ လူဦးရေ ၂၃၆ ဦးနှင့် တိရစ္ဆာန် ၂၁ ကောင်၊ တောင်ကျွန်းကျေးရွာမှ လူဦးရေ ၇၇ ဦးနှင့် တိရစ္ဆာန် ၁၇၅ ကောင်၊ အမှတ် (၂) ရပ်ကွက်မှ လူဦးရေ ရှစ်ဦး၊ အမှတ် (၆) ရပ်ကွက်မှ လူဦးရေ ၁၃၆ ဦး၊ အမှတ် (၁၁) ရပ်ကွက်မှ လူဦးရေ ၂၅၄ ဦး၊ အမှတ် (၁၂) ရပ်ကွက်မှ လူဦးရေ ၂၅၄ ဦးဖြစ်ကြောင်း သိရသည်။

ပြောင်းရွှေ့နေထိုင်သူများအား သတ်မှတ်ထားသည့် ကယ်ဆယ်ရေးစခန်းလေးခုသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များက ကူညီပြောင်းရွှေ့ပေးခဲ့သည်။ ကယ်ဆယ်ရေးစခန်းများတွင်လည်း ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဆေးပေးခန်းများပါ ဖွင့်လှစ်ပေးထားကြောင်းနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက်လည်း မြို့ပေါ်ရှိ သောက်ရေသန့်စက်ရုံများမှ လှူဒါန်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြစ်ရေမြင့်တက်မှု အခြေအနေပေါ်မူတည်၍ ထပ်မံပြောင်းရွှေ့မည့်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများပူးပေါင်းပြီး အဆက်အသွယ်မပြတ်စေဘဲ အခြေအနေစောင့်ကြည့်လျက်ရှိကြောင်းနှင့် ရေဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြားကျေးရွာ ၂၆ ရွာတွင်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီလုပ်ဆောင်နိုင်ရန် စက်လှေအစီး ၄၀ ကိုလည်း အသင့်ပြင်ဆင်ထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်များနှင့် ဒေသခံပြည်သူများက လှူဒါန်းသော အစားအသောက်များကို ဩဂုတ် ၂ ရက်တွင် တာဝန်ရှိသူများက လိုက်လံပေးဝေလှူဒါန်းနေစဉ်။** (ဧရာဝတီမြစ်ရေမြင့် တက်လာမှုကြောင့် ပြည်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၂၄၈၅ ဦးအား ကယ်ဆယ်ရေးစခန်းခြောက်ခု ဖွင့်လှစ်ကာ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။)

**(ခရိုင် ပြန်/ဆက်)**

# သောင်ရင်းမြစ်ကမ်းပါး မြေထိန်းနံရံများအား ကြည့်ရှုစစ်ဆေး

**မြဝတီ ဩဂုတ် ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းမြစ်ကမ်းပါး တစ်လျှောက်တွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများမရှိစေရေးအတွက် မြေထိန်းနံရံများ တည်ဆောက်ထားရာ မြေထိန်းနံရံများ အခြေအနေနှင့် ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂ ရက် က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးမြင့်ကျော်နှင့် တာဝန်ရှိသူများက ချစ်ကြည်ရေးတံတားအနီးမှစတင်၍ ရွှေကုက္ကိုမြိုင်ကျေးရွာအထိ သောင်ရင်းမြစ်ကမ်းပါးတစ်လျှောက်တွင် မြစ်ရေစီးဆင်းသည့် ရေလမ်းကြောင်းအခြေအနေများ၊ မြေထိန်းနံရံဆောင်ရွက်ထားမှု အခြေအနေများ၊ မြေထိန်းနံရံများ ဆက်လက်ဆောင်ရွက်ရမည့် နေရာများကို ရေလမ်းကြောင်းတစ်လျှောက် စက်လှေများဖြင့်လိုက်လံကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ရေဘေးအလှူငွေများ ပေးအပ်

**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် စားသောက်ကုန်လုပ်ငန်းရှင်များအသင်းတို့က မြန်မာနိုင်ငံ၌ လတ်တလောကြုံတွေ့နေရသည့် ရေဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်ပွဲကို မန္တလေးမြို့ အိုရီရင်တယ်ဟောက်စ် မင်္ဂလာခန်းမ၌ ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့ပြီး အလှူငွေကျပ်သိန်းငါးရာကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးပိုမြင့်၊ စားသောက်ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက ကျပ်သိန်းတစ်ရာ၊ ဦးမောင်မောင်မိသားစု(Yee Shin Holding ကုမ္ပဏီ)က ကျပ်သိန်းတစ်ရာ၊ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်းက ကျပ်သိန်းတစ်ရာ၊ စားသောက်ကုန်လုပ်ငန်းရှင်များအသင်းက ကျပ်သိန်းနှစ်ဆယ်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကျပ်သိန်း ၃၀၊ ဖူးကျင့်ဗုဒ္ဓဘာသာဘုရားကျောင်းက ကျပ်သိန်း ၃၀၊ ကွမ်တုံဗုဒ္ဓဘာသာဘုရားကျောင်းက ကျပ်သိန်း ၂၀၊ ဦးကာကမိသားစု(ဦးကာကလက်ဖက်ခြောက်)က ကျပ်သိန်း ၂၀၊ တရုတ်လူမျိုးစု ဗုဒ္ဓဘာသာဘုရားကျောင်းက ကျပ် ၁၀ သိန်း၊ စိန်ဝင်းနှင့်ညီများ စက်ပစ္စည်းရောင်းဝယ်ရေးက ကျပ် ၁၀ သိန်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းမိသားစုက ကျပ် ၁၀ သိန်း၊ ဦးသန်းထိုက်မိသားစုက ကျပ် ၁၀ သိန်း၊ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း အမျိုးသမီးပရဟိတအဖွဲ့က ကျပ် ၁၀ သိန်း၊ ဦးခင်မောင်ချိုမိသားစု(KMC ပညာရေး)က ကျပ်ငါးသိန်း၊ ဦးမြဝင်းမိသားစုက ကျပ်ငါးသိန်း၊ ဒေါက်တာသုမ္မောဦးကျော်ဝင်းမိသားစုက ကျပ်ငါးသိန်း၊ ဦးထွန်းမောင်မိသားစုက ကျပ်ငါးသိန်း၊ ဦးစိုးလွင်မိသားစု(ဇင်ယော်ပလတ်စတစ်)က ကျပ်သုံးသိန်း၊ ဦးမောင်ခင်မိသားစုက ကျပ်သုံးသိန်း၊ ဦးအုန်းဗဟာဒူးမိသားစုက ကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ စုစုပေါင်းအလှူငွေ ကျပ် ၅၁၅ သိန်းဖြစ်ပြီး အလှူငွေများအား ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။



အလှူငွေပေးအပ်ပွဲကျင်းပစဉ်။

ဆက်လက်၍ လှူဒါန်းလိုသူများအနေဖြင့်လည်း ဒေါက်တာသုမ္မော ဦးကျော်ဝင်း(မန်းမြေရာဇာကုမ္ပဏီလီမိတက်)ဖုန်း-၀၉-၂၀၀၁၀၀၇ နှင့် ဒေါ်ခင်စောဦး (အိုရီရင်တယ်ဟောက်စ် မင်္ဂလာခန်းမ) ဖုန်း-၀၉-၂၀၀၇၂၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရေစကြိုမြို့တွင် ရေဘေးသင့်ပြည်သူများအား အလှူရှင်များက စားသောက်ဖွယ်များလှူဒါန်း

**ရေစကြို ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့သည် ချင်းတွင်းမြစ်ကမ်းနဖူး၌ တည်ရှိပြီး နှစ် ၇၀ ကျော်ကာလအတွင်း မကြုံဖူးသည့် ရေကြီးမှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ရေစကြိုမြို့ကို ရပ်ကွက်ကြီး ရှစ်ခုဖြင့် ဖွဲ့စည်းထားပြီး ယခုအခါ အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇၊ ၈) ရပ်ကွက်များ၏ အနိမ့်ပိုင်းသို့ မြစ်ရေများဝင်ရောက်လျက်ရှိပြီး မြို့မဈေးအမှတ်(၂)အတွင်းပါ ရေများဝင်ရောက်လျက်ရှိကာ ယခုအခါ ရေစကြိုမြို့၌ ကယ်ဆယ်ရေးစခန်း ခုနစ်ခုတွင် အိမ်ထောင်စု ၆၀၂ စု၊ လူဦးရေ ၂၄၅၅ ဦးတို့အား ကူညီစောင့်ရှောက်ထားပြီး ဩဂုတ် ၂ ရက်က ပဲဆန်ကြော်လုပ်ငန်းရှင် ခုနစ်ဦးနှင့် ကံပွင့်ကုမ္ပဏီတို့က ဆန်နှင့် သောက်ရေသန့်များ ဝေငှလှူဒါန်းပေးကြသည်။

ဩဂုတ် ၃ ရက် နံနက်က ရေဘေးကယ်ဆယ်ရေးစခန်း ခုနစ်ခုမှ ပြည်သူများအား နယ်မြေခံတပ်ရင်းများမှ ပဲကုလားဟင်းများ ဝေငှပေးကြပြီး အမှတ်(၁)ရပ်ကွက် တောထဲလေးမျက်နှာဘုရား ကယ်ဆယ်ရေးစခန်းမှ ရေဘေးဒုက္ခခံစားနေကြရသော ပြည်သူ ၈၉၁ ဦးတို့အား ထမင်းဟင်းများ ကျွေးမွေးလှူဒါန်းရာ ရေစကြိုတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်းနှင့် တပ်ရင်းမှူးများ ကိုယ်တိုင်ကျွေးမွေး လှူဒါန်းခဲ့ကြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# အနုပညာရှင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီး

**မန္တလေး ဩဂုတ် ၄**

Myanmar Media 7 က ကြီးမှူး၍ Ve Ve Cup ရုပ်ရှင်၊ ဂီတ၊ မော်ဒယ်၊ လူရွှင်တော်စသည့် အနုပညာရှင်ပေါင်းစုံပါဝင်သော အနုပညာရှင်ပေါင်းစုံ လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၂ ရက် ညနေ ၅ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ မန္တလာ သီရိနိုင်ငံတကာအဆင့်မြင့် အားကစားကွင်း၌ ကျင်းပရာ ရုပ်ရှင်အသင်းနှင့် မော်ဒယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ရုပ်ရှင်အသင်းက ငါးဂိုး-လေးဂိုးဖြင့်အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးဆုများချီးမြှင့်ရာ ပွဲစဉ်အလိုက်နှင့် ဗိုလ်လုပွဲတွင် အကောင်းဆုံးကစားသမားဆု၊ ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆု၊ အကောင်းဆုံးဂိုးသွင်းဘုရင်ဆုကို Myanmar Media 7 ဥက္ကဋ္ဌ ဦးဝေမင်းမောင်က ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး၊ နှစ်သိမ့်ဆုရ ဂီတအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်း၊ တတိယဆုရ လူရွှင်တော်အသင်းအား အား/ကာသိပ္ပံကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က ဆုတံဆိပ်နှင့် ဆုငွေကျပ် သိန်း ၂၀၊ ဒုတိယဆုရမော်ဒယ်အသင်းအား Green Circle ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ဖြိုးကျော်က ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၃၀ နှင့် ချန်ပီယံဆုရ ရုပ်ရှင်အသင်းအား ဆုတံဆိပ်နှင့် ဆုငွေကျပ်သိန်း ၅၀ ကို ACE ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာဦးဖြိုးကိုကိုတင့်ဆန်းက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဗိုလ်စွဲသည့် ရုပ်ရှင်အသင်းအား မန္တလေးတိုင်းဒေသကြီးအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က VeVe Cup ပထမတံခွန် စိုက် ဆုဖလားကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မင်းပြားဆေးရုံ၌ ရေကြီးလွှမ်းမိုးနေခိုက် အမြွှာပူးကလေးမွေးဖွား

**မင်းပြား ဩဂုတ် ၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့လုံးနီးပါး ရေကြီးနစ်မြုပ်နေချိန် မင်းပြားဆေးရုံ၌ ရေသုံး ပေခွဲခန့် ဝင်ရောက်နေပြီး ဆေးရုံမှ လူနာများကို ဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့နေချိန်တွင် အမြွှာပူးကလေးနှစ်ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ပေါက်တောမြို့နယ် မိကျောင်းတက်ကျေးရွာမှ ဦးသိန်းထွန်း၏ဇနီး ဒေါ်မတင်သန်း (၃၅နှစ်) သည်ကလေးမွေးဖွားရန်အတွက် ဆေးရုံတက်ရောက်လာရာ ရေကြီးချိန်နှင့် ကြုံကြိုက်နေသည်။ ဒေါ်မတင်သန်းသည် ဗိုက်အလွန်နာလာပြီး ကလေးမွေးဖွားမည့် အခြေအနေဖြစ်လာ၍ ဆေးရုံတွင် တာဝန်ကျနေသော အထက်တန်းသူနာပြု ဦးအောင်စိန်ထွန်းက နံနက် ၈ နာရီ မိနစ် ၅၀ တွင် ယောက်ျားကလေးတစ်ဦးနှင့် နံနက် ၈ နာရီ ၅၄ မိနစ်တွင် မိန်းကလေးတစ်ဦးတို့ကို ဆေးရုံပေါ်တွင် အောင်မြင်စွာ မွေးဖွားပေးခဲ့ကြောင်း သိရသည်။

မိခင်နှင့်ကလေးများပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကာ ရေပြန်ကျပြီး အခြေအနေများတည်ငြိမ်မှသာ ဆေးရုံမှ ဆင်းမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးစော**

**ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ငဝန်ရပ်ကွက်၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီက ကြီးမှူး၍ နယ်မြေရဲစခန်း၊ စည်ပင်သာယာရေးကော်မတီ၊ မီးသတ်ဦးစီးဌာနများနှင့် မြို့ပေါ်ရပ်ကွက်ခြောက်ခုမှ ဒေသခံပြည်သူများပါဝင်ပြီး သဘာဝဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်စဉ်။**

စိုးမင်းဦး(ပြန်/ဆက်)



# ချန်ပီယံလိဂ် တတိယအဆင့်ခြေစစ်ပွဲ အဆုံးအဖြတ်ပွဲစဉ်တွေလာပြီ



ချန်ပီယံလိဂ်တတိယအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့တွေကို ဩဂုတ် ၆ရက်မှာ ဆက်လက်ကစားမည်ဖြစ်ရာ ပထမအကျော့မှာ သရေရလဒ်ထွက်ပေါ်ထားတဲ့ အသင်းတွေရဲ့ ပွဲစဉ်တွေဟာ အကြိတ်အနယ်ရှိလာမှာဖြစ်သလို အနိုင်ရလဒ်ထွက်ပေါ်ခဲ့တဲ့ အသင်းတွေဖြစ်တဲ့ ဘေဆယ်၊ မိုနာကိုတို့ကလည်း အဝေးကွင်းပွဲစဉ်အဖြစ် နွှဲရမှာမို့ ရေကုန်ရေခန်း ကစားပြမယ့်ပွဲတွေအဖြစ် မြင်တွေ့ကြရပါဦးမယ်။

**ရှက်တာဒိုးနက်နှင့်ဖီနာဘာချီ**

ပထမအကျော့ဂိုးမရှိသရေပွဲဖြစ်လို့ အခုပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို အပြိုင်ပုံဖော်ကြမှာဖြစ်ပါတယ်။ ရှက်တာဒိုးနက်တို့ဟာ အသင်းမှာ အားထားရတဲ့ ကော်စတာ ဘိုင်ယန်မြူးနစ်ကို ပေါင်သန်း ၃၀ နဲ့ ပြောင်းရွှေ့သွားပေမယ့် အသင်းရဲ့ခြေစွမ်းက ဟန်ချက်ပျက်မသွားပါဘူး။ ပိုလန်ကလပ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားထားတဲ့ ရှက်တာဒိုးနက်ဟာ အခုပွဲအဝေးကွင်းဖြစ်နေတာမို့ သောကအေးရမယ့် ပွဲတော့ မဟုတ်ပါဘူး။ ဖီနာဘာချီတို့ကတော့ ကေဂျာ၊ ဗန်ပါစီနဲ့ နာနီစတဲ့ကစားသမားသစ်တွေ ခေါ်ယူအား ဖြည့်ထားမှုကြောင့် နောက်ဆုံးသုံးပွဲမှာ ရှုံးပွဲ မရှိ ကစားထားနိုင်တာမို့ အခုပွဲမှာတော့ ဖီနာဘာချီတို့နိုင်ပွဲအဖြစ် သတ်မှတ်ရမှာပါ။

**မိုနာကိုနှင့် ယန်းဘွိုင်းစ်**

လိုင်လီအသင်းက ထရာအိုရီ၊ အေစီမီလန်က အယ်လ်ရှာရာဝီ၊ ဘင်ဖီကာအသင်းက ဟယ်ဒါကော်စကာတို့ကိုခေါ်ယူထားတဲ့ မိုနာကိုဟာ ပထမအကျော့ပွဲစဉ်မှာကတည်းက ယန်းဘွိုင်းစ်ကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားပါတယ်။ မိုနာကိုရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ပဲရစ်အသင်းကို ဂိုးမရှိသရေ၊ မိန့်ဇ်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပြီး မိုနာကိုတို့ အောင်ပွဲခံစိတ်ဓာတ်တွေ ဆူဝေနေပါတယ်။ ယန်းဘွိုင်းစ်တို့ကတော့ သရေပွဲ၊ ရှုံးပွဲတွေများနေတာမို့ အခုပွဲအိမ်ကွင်းဆိုပေမယ့် ချန်ပီယံလိဂ်နောက် တစ်ဆင့်အိပ်မက် ပျက်ပြယ်မယ့်ပွဲပါပဲ။

**ပါတီဇန်နှင့် စတူအာဘူခါရက်**

ပထမအကျော့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲကတော့ ပွဲကောင်းဖြစ်လာပါလိမ့်မယ်။ ပါတီဇန်တို့က အိမ်ကွင်းမှာ ခြေစွာပြီး တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းခြေမြူးကြတာမို့ စတူအာဘူခါရက်တို့ အခုပွဲမှာ ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။ ပါတီဇန်တို့ကတော့ အိမ်ကွင်းမှာ ဂိုးပြတ်သွင်းနိုင်တဲ့ ခြေစွမ်းရှိတာမို့ အိမ်ရှင်ဟာ ဒီပွဲရဲ့ အနိုင်ကို သိမ်းပိုက်ပြီး နောက်တစ်ဆင့် တက်လှမ်းပါလိမ့်မယ်။

**ဘေဆယ်နှင့် ပေါ့ဇ်နန်**

ပထမအကျော့ပွဲစဉ်မှာ ဘေဆယ်တို့ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားပါတယ်။ ဘေဆယ်တို့က လောလောဆယ်နိုင်ပွဲဆက်နေသလို ပေါ့ဇ်နန်တို့ အခုပွဲအဝေးကွင်းလည်းဖြစ်နေတာကြောင့် ပွဲကျပ်ဖြစ်နေပါတယ်။ ဘေဆယ်ဟာ ဒီနှစ်ဘောလုံးသမားအသစ်ဆိုလို့ အင်တာမီလန်က ကတ်မာနိုဗစ်ကိုပဲ ပေါင်နှစ်သန်းနဲ့ ခေါ်ယူ အားဖြည့်ထားပြီး လာမယ့်ရာသီကို ဖြတ်သန်းဖို့ ကြိုးစားနေတာမို့ လက်ရှိကစားသမားတွေနဲ့ပဲ အခုပွဲကိုလည်း အနိုင်ရလဒ်ရအောင် ဖော်ထုတ်ပါလိမ့်မယ်။

**ဘရုဂျက်နှင့် ပါနာသီနာကို့စ်**

ပထမအကျော့မှာ ပါနာသီနာကို့စ်တို့ဟာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ အဝင်အထွက်ရဲရဲနဲ့ ကစားတတ်တဲ့ ပါနာသီကို့စ်ရဲ့ ကစားဟန်ကြောင့် ဘရုဂျက်တို့ ကစားကွက်ပျက်သွားနိုင်သလို ဂိုးရရှိဖို့လည်း အခွင့်ရေးနည်းသွားနိုင်ပါတယ်။ ဒီပွဲမှာ အကြိုက်က ပါနာသီနာကို့ဇ်တို့ပါပဲ။ ။ **မိုးမြင့်လင်းလက်**

# ပီအက်စ်ဂျီနဲ့ စာချုပ်ဖို့ ကာတာကို ရောက်လာတဲ့ ဒီမာရီယာ



© sulaiti/Instagram

မန်ယူတောင်ပံတိုက်စစ်မှူး အိန်ဂျယ်ဒီမာရီယာဟာ ပီအက်စ်ဂျီနဲ့ စာချုပ်ဖို့ ကာတာလေဆိပ်သို့ ရောက်ရှိနေပါပြီ။ မန်ယူနဲ့ ပီအက်စ်ဂျီတို့ဟာ ဒီမာရီယာပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၄၄ ဒသမ ၄ သန်းနဲ့ စာချုပ်ဖို့ သဘောတူထားပါတယ်။ အာဂျင်တီးနားတောင်ပံတိုက်စစ်မှူး ဒီမာရီယာဟာ ဆော်ပေါ်လိုမြို့မှတစ်ဆင့် ကာတာနိုင်ငံကို ရောက်ရှိလာပါတယ်။ ပီအက်စ်ဂျီအသင်းပိုင်ရှင်များဟာ ကာတာနိုင်ငံမှာ အခြေစိုက်ပါတယ်။ ကာတာမှာ ဆေးစစ်မှုခံယူပြီး လေးနှစ်စာချုပ်ဖို့ သဘောတူထားတယ်လို့ ဆိုပါတယ်။ အသက် ၂၇ နှစ်ရွယ် ဒီမာရီယာဟာ ချီလီနိုင်ငံမှာကျင်းပတဲ့ ကိုပါအမေရိကဖလား ပြီးကတည်းက မန်ယူနဲ့အတူ ရာသီကြိုပြိုင်ပွဲတွေမှာ ပါဝင်ကစားခဲ့ခြင်းမရှိပါဘူး။ ပီအက်စ်ဂျီက သူ့ကိုလေးနှစ်စာချုပ်နဲ့ တစ်ပတ်လုပ်ခလစာပေါင် ၁၇၀၀၀၀ အထိ ရရှိမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ကစားသမားဟောင်း ဒီမာရီယာဟာ ၂၀၁၄ ခုနှစ်က ရီးရဲမက်ဒရစ်အသင်းကို ၁၀ လုံးမြောက် ဥရောပချန်ပီယံဆုဖလား ဆွတ်ခူးပေးခဲ့ပြီးနောက် ပြီးခဲ့တဲ့ဩဂုတ်လက မန်ယူသို့ ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေး ၅၉ ဒသမ ၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာပါ။ သို့ပေမယ့် ခြေစွမ်းထိုက်တန်တဲ့ ဂိုးတွေမသွင်းပေးနိုင်တဲ့အတွက် နည်းပြဗန်ဟားလ်က ပြန်လည်ရောင်းထုတ်ခဲ့ပါတယ်။

# ပရိသတ်အကြိုက်ဖြစ်လာမယ့် နယူးကာဆယ်တိုက်စစ်မှူး

နည်းပြစတိဗ်မက္ကလာရင်အနေနဲ့ တိုက်စစ်မှူး အလက်ဇန္ဒား မီထရိုဗစ်အတွက် ပရိသတ်အသစ်တွေတိုးလာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ နယူးကာဆယ်အသင်းအနေနဲ့ ရာသီသစ်မစတင်မီမှာ လေးပွဲဆက်တိုက် ရှုံးခဲ့ပေမယ့် လာမယ့်ရာသီမှာတော့ မကြာမီက ခေါ်ယူထားတဲ့အသက် ၂၀ အရွယ်သာရှိသေးတဲ့ မီထရိုဗစ်ဟာ နယူးကာဆယ်အသင်းပရိသတ်တွေ အကြိုက်ဖြစ်အောင် ကစားပြလိမ့်မယ်လို့ ဆိုပါတယ်။ ဆားဗီးယားနိုင်ငံသား မီထရိုဗစ်ကို အင်ဒါလက်ချ်ကလပ်မှ ပေါင် ၁၂ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့တာပါ။ အရပ် ၆ ပေနဲ့ ၃ လက်မရှိတဲ့ တိုက်စစ်မှူးမီထရိုဗစ်ဟာ လျင်မြန်ပြီး တိုက်စစ်အတွင်းမှာ ဂိုးတွေသွင်းယူနိုင်တဲ့ အရည်အချင်းပြည့်ဝတဲ့တိုက်စစ်မှူးကောင်းလို့ ဆိုပါတယ်။ ပရီမီယာလိဂ်မှာတော့ နာမည်ကြီး တိုက်စစ်မှူးဖြစ်လာဦးမယ်လို့ နည်းပြမက္ကလာရင်က ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်**




# ပရီမီယာလိဂ်ဖလားကာကွယ်ရေး လမ်းကြောင်းကို ထိခိုက်မှုမရှိဘူးလို့ဆိုတဲ့ ဂျွန်တယ်ရီ




ပရီမီယာလိဂ် ရာသီမစတင်မီ ယမန်နှစ်က ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးနဲ့ အက်ဖ်အေချန်ပီယံ အာဆင်နယ်အသင်းတို့ဟာ ကွန်မြူနတီဒိုင်းလုပွဲအဖြစ် ဩဂုတ် ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာမှာ ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီရှုံးနိမ့်မှုအတွက် ချယ်လ်ဆီးအသင်းအနေနဲ့ လာမယ့်ရာသီမှာ ပရီမီယာလိဂ်ဖလား ကာကွယ်ရေးလမ်းကြောင်းကို ထိခိုက်မှုရှိမှာ မဟုတ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် အာစင်ဝင်းဂါးကတော့ ကွန်မြူနတီဒိုင်းရလိုက်ခြင်းဟာ သူ့ကစားသမားတွေအတွက် စိတ်ပိုင်းဆိုင်ရာ အောင်ပွဲလို့ပြောဆိုလိုက်ပါတယ်။ လာမယ့်ရာသီမှာ ချယ်လ်ဆီးအသင်းကို အာဆင်နယ်က စိတ်ပိုင်းဆိုင်ရာ အသာစီးနဲ့ ကစားလိမ့်မယ်လို့ ပြောဆိုလိုက်ခြင်းဖြစ် ပါတယ်။ ဂျွန်တယ်ရီကတော့ ဒီရလဒ်အပေါ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိနိုင်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းအတွက် လှပတဲ့ တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ပွဲချိန် ၂၄ မိနစ်မှာ ချိန်ဘာလိန်းက သွင်းယူသွားခဲ့တာဖြစ်ပါတယ်။

# ဆင်လူးကျေးရွာရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထား၊အလှူရှင်များလှူဒါန်း

ဘုရားအမြတ်ဆုံးရတနာ၊ တရားအမြတ်ဆုံးရတနာ၊ သံဃာ အမြတ်ဆုံးရတနာဟု နှုတ်မှတတွတ်တွတ်ဖြင့် ဘုရားစာရွတ်ဆိုနေသည့်သူမှာ အသက် ၉၈ နှစ်အရွယ်ရှိ မျက်စိကွယ်နေသူ အဖွားဒေါ်ဥဖြစ်သည်။ အဘွားဒေါ်ဥသည်ပွင့်ဖြူမြို့နယ် အင်းကုန်းကျေးရွာတွင် နေထိုင်သူဖြစ် ပြီး ယခုအခါ ဆင်လူးကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရေဘေးရှောင်လာရင်း ရောက်ရှိနေသည်။

"အဘွားတစ်သက် ဒီလိုအဖြစ်မျိုး တစ်ခါမှမကြုံဖူးဘူး။ ဒါက သဘာဝရာသီဥတု ဘေးအန္တရာယ်ဆိုတော့ ကံတရားပဲ အပြစ်ပုံချရမလိုပေါ့။ အဘွားအသက် ၉၈ နှစ်အတွင်းမှာ ရာသီဥတုအန္တရာယ်ကို ဒါပထမဆုံး ခံစားဖူးတာပဲ။ ရွာထဲရေမဝင်မီကတည်းက အဘွားကို ဒီကယ်ဆယ်ရေးစခန်းက ကြိုတင်လာရှောင်ထားတာ။ ရေဝင်လာရင် ရွာထဲကနေအဖွားကို ပွေ့ချီပြီးထွက်ဖို့ အခက်အခဲဖြစ်မယ်လေ။အဘွားအပြင် ကလေးမွေးဖွားပြီး ၁၉ ရက်သားပဲရှိသေးတဲ့ ကလေးနဲ့ မိခင်လည်းပါတယ်။ ရေက ၂၉ ရက်နေ့ကတည်းက ရွာထဲကိုစဝင်တာ။ ခုဆို မြုပ်တဲ့အိမ်က မြုပ်နေပြီ။ တစ်ချို့ ကုန်းမြင့်ပိုင်းမှာရှိတဲ့အိမ်တွေမှာ ရေကလည်ပင်းထိရှိတယ်"ဟု သူနေထိုင်ခဲ့သည့် အင်းကုန်းကျေးရွာ အခြေအနေကို ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိနေသည့် အဘွားဒေါ်ဥက အသံကတုန်ကရင်ဖြင့် ပြောပြသည်။

အင်းကုန်းကျေးရွာသည် အိမ်ထောင်စုပေါင်း ၂၅၀ ခန့်ရှိပြီး တစ်ရွာလုံးရေလွှမ်းနေသည်ဟု သိရသည်။ အင်းကုန်းကျေးရွာရှိ အိမ်အချို့မှာ ရေထဲမျောပါသွားပြီး လူအသေအပျောက်မရှိကြောင်း သိရသည်။ အင်းကုန်းကျေးရွာမှ ဒေသခံအချို့မှာ ကယ်ဆယ်ရေးစခန်းသို့မလာဘဲ နီးစပ်ရာတောထဲတွင် ရှောင်နေကြောင်းလည်း သိရသည်။

၂၉ ရက်သားကလေးလေးကိုပွေ့၍ စိုးရိမ်ပူပန်မှုများနှင့် ပြည့်နေသော ကလေးမိခင်တစ်ဦးကိုလည်း ဆင်လူးကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းတွင် တွေ့ခဲ့ရသည်။ ညောင်ပင်ဝိုင်းကျေးရွာမှ ရေဘေးရှောင်လာသည့် မိခင်တစ်ဦးဖြစ်သည်။ ညောင်ပင်ဝိုင်းကျေးရွာတွင် အိမ်ခြေ ၁၈၀ ကျော်ရှိပြီး တစ်ရွာလုံးရေလွှမ်းသွားသောကြောင့် ဆင်လူးကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် လာရောက်ရှောင်နေရခြင်းဖြစ်ကြောင်း သိရသည်။

"ရေကျသွားပြီး ရွာကိုပြန်ရောက်ရင် လုပ်စားစရာမရှိတော့ စားဝတ်နေရေးအတွက် စိုးရိမ်မိတယ်။ အခုက လူတွေပဲ မနည်းလွတ်အောင် ပြေးလာရတာ။ ပစ္စည်းဆို ဘာမှပါမလာဘူး။ ဆင်လူးရွာက ရေလွတ်တော့ ဆင်လူးရွာမှာ ဒေသခံတွေက ကယ်ဆယ်ရေးစခန်းလေး လုပ်ပေးထားပြီး ရွာကတတ်နိုင်သလောက် ထမင်းဟင်းတွေ လာပို့ကြတယ်။ အခြား ကယ်ဆယ်ရေးတွေတော့ ရောက်မလာသေးဘူး။ ဒီနေ့မှ မကွေးမြို့မှ K & I ကုမ္ပဏီ ဝန်ထမ်းမိသားစုက ဖုန်းအဆက်အသွယ်ရပြီး ဆန်၊ ရေသန့်ဘူးနဲ့အခြားလို အပ်တာလေးတွေ လာရောက်လှူဒါန်းပါတယ်"ဟု ညောင်ပင်ဝိုင်းကျေးရွာမှ ရေဘေးရှောင်လာသူ ဒေါ်ချိုလေးထံမှ သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီက ဝန်ထမ်းတွေက ရေဘေးသင့်ပြည်သူတွေကို လှူချင်လို့ဆိုပြီးပြောတော့ အသိတစ်ယောက်က ဆင်လူးဘက်မှာ ကယ်ဆယ်ရေးမရောက်သေးဘူး။ အဲဒီမှာ တကယ်လိုအပ်နေတယ်ဆိုတာ သိရတော့ သွားလှူမယ်ဆိုပြီး အခုလို လာရောက်လှူဖြစ်တာပါ။ မင်းဘူးဘက်မှာ မုံရွာဘက်ကလာတဲ့ မေတ္တာရေစင် စေတနာရှင်အဖွဲ့နဲ့ တွေ့ပြီး သူတို့အဖွဲ့လည်း လိုက်လာခဲ့တယ်"ဟု အလှူရှင်တစ်ဦးက ပြောသည်။

မေတ္တာရေစင် စေတနာရှင်အဖွဲ့သည် ရေဘေးသင့်ပြည်သူများကို ရေဦးတွင် နှစ်နေရာ၊ ဘုတလင်တွင် ခြောက်နေရာနှင့် ယခုပွင့်ဖြူမြို့နယ်တွင် ဆင်လူးကျေးရွာကယ် ဆယ်ရေးစခန်း၌ လိုက်လံလှူဒါန်းခဲ့ကြောင်း၊ ဆင်လူး ကယ်ဆယ်ရေးစခန်းတွင် မေတ္တာရေစင်စေတနာရှင်အဖွဲ့က ဆန် ၁၅ တင်း၊ အဝတ်အထည်အိတ် (ဆာလာအိတ်ဖြင့်) သုံးအိတ်၊ ယမ်းခေါက်ဆွဲခြောက် ၂၃ ဖာ၊ ရေသန့်များ၊ မုန့်မျိုးစုံတစ်ဖာနှင့် အခြားပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း မေတ္တာရေစင် စေတနာရှင်အဖွဲ့ဝင် ဦးစိန်ဝင်းထံမှ သိရသည်။

ဆင်လူးကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် ရေဘေးလာရောက်တိမ်းရှောင်နေသော ကျေးရွာများမှာ လယ်မ၊ ကျွဲခြံ၊ မဲဇလီ၊ ထန်းတော၊ ညောင်ပင်ဝိုင်း၊ ထူးပေါက်၊ ဇီးကုန်း၊ ကနီ၊ အင်းကုန်း စသည့် ကျေးရွာ ကိုးရွာဖြစ်ပြီး စုစုပေါင်းလူဦးရေ ငါးရာနီးပါး ရေဘေးရှောင်ရောက်ရှိနေကြောင်း သိရသည်။ ဆင်လူးကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် ကယ်ဆယ်ရေးများ လာရောက်မှုမရှိသေးသောကြောင့် ထောက်ပံ့ပစ္စည်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာများမှ ဒေသခံအချို့မှာ နီးစပ်ရာ ရေလွတ်သည့်ဆွေမျိုးများနှင့် တောများထဲတွင် သွားရောက်ရှောင်နေကြကြောင်း သိရသည်။

မဲဇလီ ကျေးရွာတွင်လည်း အိမ်ခြေ ၃၀၀ ကျော်ရှိပြီး ရေနစ်မြုပ်အိမ်မှာ စုစုပေါင်း ၄၃ အိမ်ခန့်ရှိကြောင်း၊ လေးအိမ်မှာ ရေထဲမျောပါသွားကြောင်း သိရသည်။ အဆိုပါကျေးရွာတွင် လူအသေအပျောက်မရှိသော်လည်း တိရစ္ဆာန်များ အနည်းငယ်ထိခိုက်ဒဏ်ရာရမှုများရှိကြောင်း သိရသည်။

"အိမ်က ရေထဲမျောပါသွားတယ်။ ဘာပစ္စည်းမှလည်း မယူနိုင်ခဲ့ဘူး။ ကလေးလည်းပါတော့ လူတွေပဲလွတ်အောင်ပြေးလာခဲ့တယ်။ ရွာကရေဘေးရှောင်လာတဲ့အထဲမှာ သက်ကြီးရွယ်အိုတွေရော ကိုယ်ဝန်သည်တွေရော၊ ကျောင်းသားတွေလည်းပါတယ်။ အခု အိမ်ကရေထဲမျောပါသွားတော့ ဘာနဲ့ပြန်ဆောက်ရမယ်ဆိုတာ တွေးလို့မရပါဘူး"ဟု မဲဇလီရွာမှ ရေဘေးရှောင်လာသည့် ဒေါ်မာမာဝင်းက မျက်ရည်ဝဲ၍ ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဇူလိုင် ၂၄ ရက်မှ စတင်ကာ မိုးများရွာသွန်းခဲ့သောကြောင့် ဇူလိုင် ၂၉ ရက်တွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရေနစ်မြုပ်မှု၊ ရေဝိုင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ရေကြီးသည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းအဖွဲ့အစည်းများ၊ ပြင်ပ ပရဟိတအဖွဲ့များက ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိသည်။

**သတင်းဆောင်းပါး–**
**စူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ–ဇေယျာတု(မကွေး)**



**ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာများသို့ သွားရောက်ကူညီရန်ပြင်ဆင်နေသော စက်လှေများ**

## ကလေးခရိုင်သို့ ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ထပ်မံပေးပို့

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်ရေ မြင့်တက်လာပြီး မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံး ၁၆ ရုံး၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းနှင့် ကျေးရွာအတော်များများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ကာ တံတားငယ် အချို့လည်း ရေစီးဖြင့်မျောပါပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။



**သွားရောက်ပေးပို့မည့် ထောက်ပံ့ရေးပစ္စည်းများကို တွေ့ရစဉ်။**

ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် စေတနာရှင် အလှူရှင်များက ကလေးဒေသသို့ အရေးပေါ်ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ၊ ဆန်နှင့် အသင့်စားသောက်ကုန်များ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်အတွက် ရေသန့်ဘူးများနှင့် အခြားပစ္စည်းများကို ဩဂုတ် ၁ ရက်မှစ၍ တပ်မတော်ရဟတ်ယာဉ်များ၊ လေယာဉ်များဖြင့် ပေးပို့ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ကလေးခရိုင်အတွင်းမှ ရေဘေးသင့်ဒေသများအတွက် တက်လမ်းကုမ္ပဏီက ၄၅ ပေအရှည်ရှိ မော်တော်ဘုတ်နှစ်စင်း၊ အသက်ကယ်အင်္ကျီ အထည် ၁၀၀ ကိုလည်းကောင်း၊ မုံရွာ ကြက်၊ ငုံးမွေးမြူရေးဇုန်မှ လုပ်ငန်းရှင်များက အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ အသီးသီးပေးအပ် လှူဒါန်းထားကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား အစားအသောက်များလှူဒါန်း

**သရက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ မအူခုံရပ်ကွက်နှင့် လေးတိုင်စင်ရပ်ကွက်များတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရသော ပြည်သူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အစားအသောက်များနှင့် ထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

သရက်မြို့ပေါ်ရှိ ရွှေမုဌေ္ဌာဓမ္မာရုံ၊ သဲတောကျေးရွာဓမ္မာရုံများနှင့် စမုတ်ကျောင်း၊ စံပုံတင်၊ ရွှေသက်လွတ်၊ ဆုတောင်းပြည့်၊ လေးထပ်ကျောင်း၊ ရိပ်သာ၊ ဒက္ခိတ၊ လယ်တီ၊ ပစ်တိုင်းထောင်၊ အောင်စေတီ၊ ရတနာမာန်အောင်၊ ပုညကုသလ၊ မင်္ဂလာယွန်းဘုန်းတော်ကြီးကျောင်းများတွင် ပြောင်းရွှေ့နေထိုင်နေရသူများအား ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက်စသည့် အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ ကျပ်ငါးထောင်စီကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ သရက်လူငယ်အဖွဲ့၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက ဩဂုတ် ၁ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သထုံ ဩဂုတ် ၄**

သထုံမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ ကျင်းပသည့် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂ ရက်က သထုံမြို့မ အားကစားကွင်းတွင် ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် လိပ်အင်းရပ်ကွက်ကိုယ်စားပြု လဲ့လဲ့ (FC)နှင့် သုဝဏ္ဏဝတီမြို့ကိုယ်စားပြု သုဝဏ္ဏဝတီ(FC) အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ သုဝဏ္ဏဝတီ(FC) အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ပထမဆုရအသင်းအား ဆုဖလားနှင့် ဆုတံဆိပ်များကို သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းတို့ကလည်းကောင်း၊ ဒုတိယဆုရရှိသောအသင်းအား ဆုတံဆိပ်များကို ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင့်နိုင်ကလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစား သမားဆုများကို ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ယခုကျင်းပသည့် အလွတ်တန်း ဘောလုံးပြိုင်ပွဲသို့ သထုံမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# မိုးရေတက်ရေတဖွေးဖွေး၊ လေပြင်းကပ့်ပိုးပေး ရခိုင်ပြည်နယ်ရေဘေး

ဇွန်လနှောင်းပိုင်းနှင့် ဇူလိုင်လဆန်းပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်တောင်ပိုင်းမြို့နယ်များတွင် ပျက်စီးဆုံးရှုံးမှုများပြားခဲ့ပြီး ရခိုင်ပြည်နယ်အနှံ့ပျက်စီးမှုများရှိခဲ့သည်။

ထို့နောက်တစ်ဖန် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၁ရက်အထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော "ကိုမန်" ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းများ တိုက်ခတ်ခြင်း၊ ဒီရေကြီးချိန်နှင့် တိုက်ဆိုင်ကာ တက်ရေများခြင်းတို့ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မြို့နယ်များဖြစ်သော မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် မြေပုံမြို့များတွင် ရေကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည်။

**ငြိမ်းမာန်ဖွဲ့ကာရွာချလေသလား**

ဇူလိုင်မိုးသည် လဆန်းပိုင်းတွင်သည်းထန်စွာ ရွာသွန်းခဲ့ပြီး လလယ်ခန့်အနည်းငယ် တန့်နေခဲ့ကာ ဇူလိုင် ၂၄ ရက်ခန့်မှစ၍ သည်းထန်စွာ ရွာချတော့သည်။ ဤအချိန် လေပြင်းများပါ တစ်ခါတစ်ခါတိုက်ခတ်ခဲ့သည်။ ဤအတောအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေရာ ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိကြသော ပြည်သူများ စိုးရိမ်သောက ရောက်နေခဲ့ရသည်။ မိုးသည်တစ်ရက်ထက်တစ်ရက် ရွာသွန်းမှုတိုးလာရာလမ်းများတွင် ရေဖွေးဖွေးတက်လာသည်အထိ ဖြစ်လာခဲ့သည်။ ထို့နောက် မြေနိမ့်ဒေသများ ရေလွှမ်းစပြုလာကာ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် ပေါက်တောမြို့နယ်များရှိ မြေနိမ့်ဒေသမှ လယ်ကွင်းများ၌ ဇူလိုင် ၂၆ ရက်မှစ၍ လယ်ထွန်ယက်နေမှုများ ရပ်တန့်ထားခဲ့ရကြောင်း ယင်းဒေသများရှိ လယ်သမားများအား ဆက်သွယ်ချက်အရ သိရသည်။

ယခုလရခိုင်ပြည်နယ်မြို့နယ်များ၌ ရေလွှမ်းမိုးပြီး ရေကြီးခြင်းဘေးအန္တရာယ်များကြုံတွေ့ရခြင်းမှာ မိုးသည်းထန်စွာ ရက်ရှည်ရွာသွန်းခြင်း၊ လဆန်းဖြစ်သော ဒီရေတိုးသောရေတက်ရက်များနှင့် ကြုံတွေ့နေခြင်း၊ ဘင်္ဂလားပင်လယ်တွင်ဖြစ်ပေါ်နေသော "ကိုမန်" ဆိုင်ကလုန်းမုန်တိုင်းကြောင့်ဒီရေမကျနိုင်ခြင်း၊ ယင်းမုန်တိုင်းအရှိန်ကြောင့် လေပြင်းတိုက်ခတ်မှုများရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။



သတင်းဆောင်းပါး - လေးဝတီထွန်းစောခိုင်

**ရေရှစ်တောင်မှာ မိုးသည်းထန်၊ လေပြင်းတိုက်ပါလို့**

လေးမြို့မြစ်ကမ်းဘေးနှင့် နီးသော မင်းပြားမြို့နယ်ရှိ ကျေးရွာများ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းမှစ၍ ရေလွှမ်းမိုးသွားကြောင်း သိရသည်။ မင်းပြားမြို့တစ်မြို့လုံးနီးပါး ရေဝင်သွားပြီး အမြင့်ပိုင်းနေရာအချို့သာ ကျန်ရှိတော့သည်။ မင်းပြားမြို့ကို ရပ်ကွက်သုံးခုဖြင့်တည်ဆောက်ထားရာသုံးရပ်ကွက်စလုံး ရေဝင်ခံနေရသည်။ အမြင့်ပိုင်းတွင် အနည်းဆုံး သုံးပေခန့်၊ အနိမ့်ဆုံးအပိုင်းတွင် ၁၂ ပေခန့် ရေလွှမ်းနေကြောင်း သိရသည်။

"အခုလို ရေကြီးတာ တစ်ခါမှ မကြုံဖူးပါဘူးဆရာ။ ကျွန်တော့်အသက် ၅၀ ကျော်ပါပြီ။ အရင်ကလည်း မင်းပြားမှာရေကြီးပါတယ်။ ခုလိုတစ်ခါမှ ရေမတက်ပါဘူး။ မြစ်နားပိုင်းဆိုရှစ်တောင်လောက်ထိရေတက်နေပါပြီ"ဟု မင်းပြားမြို့က ဦးအေးချမ်းမောင်က ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။

ကျောက်တော်မြို့နယ်တွင် ကုလားတန်မြစ်ကြောင်းတစ်လျှောက်ကျေးရွာများရေလွှမ်းခံရသည်။ ပေါက်လယ်၊ ရောင်စုံ၊ ဗိုလ်မင်းရွာ၊ ဒုက္ခန်ချောင်းနှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာသုံးဆယ်ကျော်တို့ ရေလွှမ်းခံရသည်။ ယင်းကျေးရွာများမှ လူများအား နီးစပ်ရာကျေးရွာများသို့ ပြောင်းရွှေ့ကာ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း၊ ဆေးပေးခန်းများလည်းဖွင့်ပေးထားကြောင်း သိရသည်။

"ကျွန်တော်တို့မြို့မှာတော့ နှစ်ပေခန့် ရေတက်ခဲ့ပါတယ်။ အောက်ပိုင်းရွာတွေ သုံးဆယ်ကျော်ရေလွှမ်းခံခဲ့ရပါတယ်။ မြို့ပေါ်မှာကယ်ဆယ်ရေးစခန်း ရှစ်ခုရှိပါတယ်။ စုစုပေါင်းလူဦးရေကတော့ ၄၀၀၀ ကျော်လောက်ရှိပါတယ်။ ဆေးဝါးကအစ ကူညီပေးထားပါတယ်"ဟု ကျောက်တော်မြို့မှမြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးဦးစောသိန်းက ဆက်သွယ်ပြောကြားပေးသည်။

ပုဏ္ဏားကျွန်းမြို့နယ်တွင် ကုလားတန်နှင့် ယိုးချောင်းမြစ်ကမ်းဘေးကျေးရွာများရေလွှမ်းခံရပြီး ကုန်းမြင့်ကျေးရွာများသို့ ပြောင်းရွှေ့နေရကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှအစားအသောက်များထောက်ပံ့ပေးထားကြောင်း သိရသည်။

ပေါက်တောမြို့နယ်တွင် ပင်လယ်နှင့်နီးသော ကျေးရွာများ၊ မြေနိမ့်ပိုင်းမှကျေးရွာအချို့သာ ရေအနည်းငယ်လွှမ်းခဲ့ကြောင်း၊ လူအသေအပျောက်မရှိကြောင်း သိရသည်။ ယခုကဲ့သို့ ဒုက္ခခံစားရခြင်းများမှာ ရေကြီးမှုတစ်ခုတည်းနှင့် မသက်ဆိုင်ဘဲ ဒီရေတိုးနေခြင်း၊ လေပြင်းတိုက်ခတ်နေခြင်းများနှင့်ဆိုင်ကြောင်း သိရသည်။ ဤရေကြီးမှုသည်မကြုံစဖူးသော ရေကြီးမှုတစ်ခုဖြစ်ကြောင်း ဒေသခံများက ပြောကြသည်။ လေပြင်းတိုက်၊ ဓာတ်တိုင်ကျိုး၊ လျှပ်စစ်မီးပြတ်တောက် လေပြင်းတိုက်ခတ်မှုများကြောင့် ဓာတ်မီးတိုင်များကျိုးကျကာ ဇူလိုင် ၃၀ ရက်နံနက်ပိုင်းမှစ၍ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်မြို့များတွင် လျှပ်စစ်မီးပြတ်တောက်သွားခဲ့သည်။

ဇူလိုင် ၃၀ ရက်ညနှင့် ၃၁ ရက်နံနက်ပိုင်းတို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် အဆောက်အအုံများ ခေါင်မိုးကွာကျခြင်း၊ အချို့ပြိုလဲခြင်း၊ သစ်ပင်များ ကျိုးကျခြင်း၊ အမြစ်ကျွတ်လဲခြင်း၊ ဓာတ်မီးတိုင်များလဲကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေ**

ရခိုင်ပြည်နယ်တွင် ဇူလိုင် ၂၆ ရက်မှဩဂုတ် ၁ ရက်အထိ ရေဘေး၊ လေဘေးအတွင်းသေဆုံးသူအမျိုးသား ၁၇ ဦး၊ အမျိုး သမီး ၁၈ ဦးစုစုပေါင်း ၃၅ ဦး၊ ပျောက်ဆုံးနေသူအမျိုးသား လေးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ခြောက်ဦးနှင့် ဒဏ်ရာရအမျိုးသားတစ်ဦးရှိကြောင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန် ၈၈၁ကောင်သေဆုံးကြောင်း၊ လူနေအိမ် ၅၉၇၉ လုံး၊ စာသင်ကျောင်း ၆၃ ကျောင်း၊ ဘုန်းကြီးကျောင်း ၂၇ ကျောင်း၊ လမ်းပိုင်းတစ်ခု၊ တံတားလေးစင်း၊ ဆည်ပေါင်း ၄၀ပျက်စီးကြောင်း၊ လယ်ယာမြေ ဧက ၇၄၉၄၂ ဧက ပျက်စီးကြောင်း၊ ရေဘေးသင့်အိမ်ထောင်စု ၆၇၈၂ စု၊ လူဦးရေစုစုပေါင်း ၃၃၃၄၄ကို မြို့နယ် ၁၀ ခုတွင် ကယ်ဆယ်ရေးစခန်းပေါင်း ၁၄၁ ခုဖွင့်လှစ်ကာ စောင့်ရှောက်ထားကြောင်း၊ အခြားပျက်စီးမှုပေါင်း ၂၇၃၆ ခုရှိကြောင်း စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၄၇၅၃၄ သိန်း ကျော်ရှိကြောင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရသိရသည်။ သို့သော် စာရင်းများသည် နာရီနှင့်အမျှပြောင်းလဲနိုင်သည်။

"ကျွန်တော်တို့ကို နယ်မြို့တွေက ရေကြီးစပြုစဉ်ကပင်ဆက်သွယ်ထားပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း သက်ဆိုင်ရာမြို့နယ် စီမံခန့်ခွဲရေးကော်မတီတွေကို ရေကြီးတာနဲ့ကယ်ဆယ်ရေးစခန်းတွေဖွင့်ပြီးဆန်တွေ စီစဉ်ပေးထားဖို့၊ ဆေးဝါးတွေ၊ ရေတွေစီစဉ်ပေးထားဖို့ ညွှန်ကြားပြီးသားပါ။ ဝန်ကြီးတွေကလည်း ကွင်းဆင်းဖို့ စီစဉ်ကြပါတယ်။ ဒါပေမယ့် အဆက်အသွယ်ကတော်တော်အခက်အခဲဖြစ်သွားရပါတယ်။ ကုန်းလမ်း၊ ရေလမ်းအကုန်လုံးပျက်သွားတော့ လုပ်ရကိုင်ရတာ အခက်အခဲရှိခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လိုအခက်အခဲရှိပါစေ အစိုးရအဖွဲ့အနေနဲ့ ကူညီဆောင်ရွက်သွားမှာပါ။ ဝန်ကြီးချုပ်ကိုယ်တိုင်ရဟတ်ယာဉ်နဲ့ရေကြီးတဲ့ နေရာအနှံ့လိုက်ကြည့်နေပါတယ်"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ရေးဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ်ဦးလှသိန်းက ပြောကြားသည်။

ရခိုင်ပြည်နယ်၏ ယခုရေဘေးသည် အလွန်ဆိုးရွားသဖြင့် မြန်မာပြည်အနှံ့တိုင်းရင်းသားတို့ သိရှိကြစေရန် ဆက်သွယ်ရရှိသမျှ စေ့ငုစွာတင်ပြရေးသားလိုက်ရပေသည်။

# မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၆ ရွာ၌ စီမံကိန်းကော်မတီများဖွဲ့စည်း

**ပန်းတနော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်အတွင်း ကျေးရွာ ၁၆ ရွာ၌ မြစိမ်းရောင်စီမံကိန်းများကို ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါကျေးရွာများ၌ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများကို ဩဂုတ် ၂ ရက်မှ စတင်ဖွဲ့စည်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျုံတုံးကလေးကျေးရွာအုပ်စုရှိ ကွက်နီကုန်းအစုကြီးကျေးရွာသို့ ကွင်းဆင်း၍ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို အများဆန္ဒနှင့်အညီ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ပန်းတနော်မြို့နယ်တွင် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ မြစိမ်းရောင်စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်လည်ပတ်ငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးရွာ ၁၈ ရွာအတွက် ကျပ်သိန်း ၅၄၀၀ ကို မတည်ပေး၍ လည်ပတ်သုံးစွဲခဲ့ရာ အရင်းနှင့်အတိုးများရရှိပြီး စီမံကိန်းကျေးရွာတိုင်း မတည်ငွေများတိုးပွားနေပြီဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း မြစိမ်းရောင်စီမံကိန်းကို ကျေးရွာ ၁၆ ရွာတွင် ထပ်မံတိုးချဲ့၍ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၄၈၀၀ ကို နိုင်ငံတော်မှ မတည်ပေးပြီးဖြစ်သည်။ စီမံကိန်းကို ယခုနှစ်တွင် ကွက်နီကုန်းအစုကြီးကျေးရွာ၊ ဘုရားကြီးဒေါင့်၊ တလုပ်ထော်ကျေးရွာ၊ ရေလည်ချောင်းကျေးရွာ၊ ပြန့်ကြီးကျေးရွာ၊ တော်တရလေးကျေးရွာ၊ငါးကြင်းချောင်းကျေးရွာ၊ သုံးထပ်ကျောင်းကျေးရွာ၊ အထက်ကဇင်းတောကျေးရွာ၊ တူချောင်းကျေးရွာ၊ ရေလဲအောက်စုကျေးရွာ၊ ပိုက်တဲကျေးရွာ၊ နွဲကောကျေးရွာ၊ ရေလဲကြီး၊ နွဲဟတုံးကျေးရွာ၊ ကျုံလမ်းကျေးရွာ၊ အိုးဘိုကျေးရွာနှင့် ကျောင်းစုကျေးရွာများတွင် တိုးချဲ့ဆောင်ရွက်မည်ဖြစ်ရာ ကျေးရွာအလိုက် စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများနှင့် ဘဏ္ဍာရေးကော်မတီများကို ကွင်းဆင်းဖွဲ့စည်းပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၈ ရက်အတွင်း အပြီးသတ်ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်၏ ပြောကြားချက်အရ သိရသည်။

**ခင်မောင်ဇော်မြင့်**

# မိုးနဲမြို့နယ်၌ နမ့်ခုံးရှမ်းများပရဟိတအသင်းက အခမဲ့ဆေးဝါးကုသပေး

**မိုးနဲ ဩဂုတ် ၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ လင်းခေးမြို့နယ်နှင့် မိုးနဲမြို့နယ်များမှ နမ့်ခုံးရှမ်းများပရဟိတအသင်း၏ စီစဉ်မှုဖြင့် မိုးနဲမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကျန်းမာရေးစစ်ဆေးကုသခြင်းကို ပေါ့မိုင်းရပ်ကွက်ရှိ ချမ်းသာကြီး ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဩဂုတ် ၁ ရက်နှင့် ၂ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် နမ့်ခုံးရှမ်းများပရဟိတအသင်း(တောင်ကြီးမြို့)မှ ဒေါက်တာမေဇွန်ပွင့်က အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆောင်ရွက်နေသော ပရဟိတလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ဒေါက်တာစိုင်းရှိန်ပြည့်က မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့သည်။




ထို့နောက် အသင်းမှ ဆရာဝန်များက အထွေထွေရောဂါဝေဒနာရှင်များ၊ သွားရောဂါနှင့် မျက်စိရောဂါဝေဒနာရှင်များအား ကျန်းမာရေးစစ်ဆေးကုသပေးခဲ့ရာ စုစုပေါင်းဒေသခံပြည်သူ ၁၂၀၀ ကို စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်းနှင့် လိုအပ်သောဆေးဝါးများကိုလည်းကောင်း၊ မျက်စိဝေဒနာရှင်များအတွက်မျက်မှန်များကိုလည်းကောင်း အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# တနင်္သာရီမြို့နယ် လက်ဝှေ့အားကစားအဖွဲ့ ပြိုင်ပွဲယှဉ်ပြိုင်ရန်ထွက်ခွာ

**တနင်္သာရီ ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လူသစ်တန်း အမျိုးသားအမျိုးသမီးလက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် တနင်္သာရီမြို့နယ် လက်ဝှေ့အားကစားအဖွဲ့သည် တနင်္သာရီမြို့မှ မြိတ်မြို့သို့ ဩဂုတ် ၂ ရက်က ထွက်ခွာခဲ့သည်။ တနင်္သာရီမြို့နယ် လက်ဝှေ့အားကစားအဖွဲ့တွင် အား/ကာမှူး ဦးဝင်းဇော် ဦးဆောင်၍ အသက် ၁၄ နှစ်မှ ၁၈ နှစ်အတွင်း အမျိုးသားသုံးဦး၊ အသက် ၁၄ နှစ်မှ ၂၅ နှစ်အတွင်း အမျိုးသမီးခြောက်ဦးနှင့် အုပ်ချုပ်သူနည်းပြလေးဦးတို့ပါဝင်ပြီး ပြိုင်ပွဲကို ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ မြိတ်ခရိုင် မိုးလုံလေလုံအားကစားရုံ၌ ယှဉ်ပြိုင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် ' The Straight Lines of Mandalay ' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေးမျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ပန်းတော်ဆက် သိပ္ပံလမ်း

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

တောင်ဘက်မြောင်းပေါင်မှာ ကောက်ရိုးလှည်းတစ်စီး တအိအိဖြတ်မောင်းသွား၏။ အနောက်နားစိုက်ပျိုးရေးသိပ္ပံရုံးရှေ့က မြောင်းပေါင်မှာတော့ စက္ကူပန်းပင်အုပ်အုပ်လေးနှင့် သစ်သားထိုင်ခုံလှလှလေး ရှိသည်။ သည်နေရာက အစောကြီးကတည်းက ဦးထားမှရသည်။ ချစ်သူစုံတွဲတွေ အများဆုံးထိုင်ကြတာပါ။ သူတို့ရှိနေမှတော့ တော်တော်နှင့်ထမှာမဟုတ်။ တစ်ခါတစ်ရံ သည်ထိုင်ခုံမှာ စစ်ကိုင်းက မြင့်မြင့်အေးတို့၊ ဝင်းဝင်းတို့၊ မချိုတို့ အုပ်စုထိုင်တတ်သည်။ သူတို့ကတော့ ခဏပါပဲ။

စုံတွဲလေးတွေထိုင်ပြီး 'ဖိုမမောင်နှံ သောင်ယံထက်က၊ လည်ချင်းယှက်'နေလျှင်ဖြင့် ဒေါင်းရိုးဟီးရားလားသည်. .

"ဒူးနဲ့မျက်ရည်သုတ်၊ ဒူးနဲ့မျက်ရည်သုတ်" ဟု အော်ဟစ်တတ်၏။

မိမိတို့ထိုင်ဖြစ်သည့် မြောက်ဘက်မြောင်းပေါင်ရိုးသည်နွားအုပ်ကြီးများဖြတ်သွားလို့ဖြစ်စေ၊ လယ်တောသွားလှည်းနွား၊ ထွန်ထယ်တွေဖြတ်သွားလို့ဖြစ်စေ၊ ရွှံ့စေးမြေမို့ မညီမညာ၊ ချိုင့်ခွက်၊ လှည်းဘီးရာ၊ နွားခြေရာခွက်တွေနှင့် ကချော်ကချွတ်နိုင်လှ၏။ ယာသမား၊ လယ်သမားကလွဲလျှင် အသွားအလာနည်းပါးသော လမ်းမို့ လူသူကင်းရှင်းတိတ်ဆိတ်သည်။ ထို့ကြောင့် ချစ်သူစုံတွဲတွေ စတည်းချ၏။ မိမိလို စာအုပ်တစ်အုပ်နှင့်အေးအေးလူလူနေချင်သော ခပ်ကြောင်ကြောင်ငနဲတွေ လာတတ်၏။

တကယ်တော့ ထိုရွှံ့လမ်း မြောင်းပေါင်လေးက နံနက် လင်းအားကြီး အချိန်တွင် လည်းကောင်း၊ ညနေနေဝင်ရီတရောအချိန်တွင် လည်းကောင်း၊ အစာရှာသည့် ငှက်အုပ်ကြီးလို၊ အိပ်တန်းပြန်ငှက်အုပ်ကြီးလို စက်ဘီးတပ်ကြီးချီကာ ဖြတ်သန်းသွားလာကြသည့် သိပ္ပံလမ်းမကြီးနေရာပဲ ဖြစ်ပါသည်။ ဆယ်စုနှစ်နှစ်ခုပင်မရောက်မီ ၁၈၀ ဒီဂရီ ပြောင်းလဲသွားသော မြင်ကွင်းကြီးဖြစ်၏။

မန္တလေးကြီး၊ မန္တလေးမွေးများက အောင်ပင်လယ်၊ ထွန်တုံး၊ ကန်သာယာ၊ မြို့သစ်များဆီမှ မန္တလေးမြို့ကြီးဆီ သံယောဇဉ်ကြီးစွာ နံနက်လင်းစကတည်းက စက်ဘီးအုပ်သင်းဖွဲ့၍လာကြရ၏။ နေဝင်ရီတရောမှာတော့ နွမ်းလျပင်ပန်းစွာ ကျောခင်းစရာ နေရာသို့ ညစာအမီ စက်ဘီးအုပ်သင်းကြီး မန္တလေးက ခွာကြတာ သိပ္ပံလမ်းမကြီးမှာ နိစ္စဓူဝမြင်ရပါသည်။

ထို့အတူ ပဝတ္တိသားတို့၏ ကားဖြူဖြူ ကားပြာပြာ၊ ကားဝါဝါ၊ ကားနီနီလေးတွေလည်း သိပ္ပံလမ်းတစ်လျှောက်မှတစ်ဆင့် ပေတစ်ရာပတ်လည်မြေကွက်၊ နံပါတ်သုံး အိမ်ဝင်း၊ နံပါတ်နှစ် တိုက်သစ်၊ နံပါတ်လေး စက်ရုံကြီးများဆီ ဥဒဟိုသွားလာနေကြတာလည်း သိပ္ပံလမ်းမကြီးပေါ်မှတစ်ဆင့် ဖြစ်ပါသည်။

အရင်က ရွှံ့စေးမြောင်းပေါင် တမာပင်ရိပ်အောက်မှမြင်ရသည့် လယ်ကွင်းတွေနေရာမှာ အုတ်တံတိုင်းမြင့်ခတ် ဝင်းကျယ်ကြီးများ ပြောင်းလဲသွား၏။ ဗိုလ်ရရွာနေရာမှာတော့ မန်ကျည်းပင်အုပ်အုပ်များအစား တိုက်လှလှအစုအဝေးတွေ ဘွားခနဲပေါ်လာသည်။ အရင်က လယ်ကွင်းကန်သင်းပေါ်က စာခြောက်မည့် အဝတ်ဖြူဖြူစည်းထားသည့် ဝါးရုံကိုင်းတွေ ထိုးထိုးထောင်ထောင်နေရာမှာ ဆိုဒီယမ်လမ်းမီးတိုင်ကြီးတွေ အစီအရီပေါ်လာတော့သည်။ ကော့လက်ဖုန်းတိုင်မြင့်မြင့်တွေ၊ ဂြိုဟ်တုစလောင်းတိုင်တွေ ပေါ်လာတော့၏။

အရင်ကကောက်ရိုးလှည်းတွေ ဗွက်နစ်ကာ နွားနှစ်ကောင် အမြီးထောင်အောင် ရုန်းရသည့်နေရာမှာ လေးလမ်းသွား သိပ္ပံလမ်းမကြီးပေါ်ပေါက်ခဲ့၏။ မိုးတွင်းမှာတော့ သိပ္ပံလမ်းမကြီးက တူးမြောင်းကြီးအသွင်ပြောင်းပြီး မော်တော်ကားတွေက တူးမြောင်းထဲက သင်္ဘောတွေ၊ မော်တော်ဘုတ်တွေ ဘဝပြောင်းသွားတတ်သည်။ ထို့အတူ သိပ္ပံလမ်းပေါ်က စက်ဘီးလမ်းကလည်း မကြာခဏ အနေအထားပြောင်းလဲတတ်၏။ မည်သို့ပင်ပြောင်းလဲစေ၊ သည်လမ်းမှာ အများဆုံးတွေ့ရသည်က စက်ဘီးများပဲဖြစ်နေပါသည်။

ရန်ကုန်-မန္တလေးလမ်းမကြီးကတစ်ဆင့် အရှေ့ဘက်ချိုးဝင်ကာ အုတ်တံတားလေးဖြတ်ပြီး ဖုန်တလုံးလုံးလမ်းလေးသည် ယခင်က ဆင်ဖြူကန်သုသာန်ဆီဝင်၏။ သည်လမ်းကလေးက နာရေးကိစ္စကြုံမှသာ သုံးကြသည်။ ယခုတော့ ထိုနေရာကား သိပ္ပံလမ်းမကြီး၏ အစွန်းတစ်ဖက်ဖြစ်ချေသည်။ ဆင်ဖြူကန်သုသာန်လည်း ဖျက်သိမ်းပြီးပြီ။ ထိုနေရာမှာ ကွင်းကျယ်ကြီးတစ်ခုအဖြစ် ပြုပြင်ထား၏။ အများနှင့်သက်ဆိုင်သော ပွဲလမ်းသဘင်များကျင်းပသည်။ ယခင်က မန်းရာပြည့်ကွင်း၌ ကျင်းပလေ့ရှိသော ပွဲတော်ကြီးများကို သည်နေရာမှာ ကျင်းပပါသည်။

ပွဲတော်မကျင်းပသောအချိန်တွင် ယာဉ်မောင်းသင်စခန်းအဖြစ် အသုံးပြုနေသော သိပ္ပံလမ်းမကြီးဘေး ဆင်ဖြူကန်ကွင်းနှင့် မျက်နှာချင်းဆိုင်တွင် က. ည. န ရုံးရှိသည်။ ထို့နောက် သိပ္ပံလမ်းသည် ရေနီမြောင်းတံတားကို မော့တက်လိုက်၏။

ထိုနေရာမှစ၍ မြောက်ဘက်သည် မန္တလေးတက္ကသိုလ်ဝင်း နယ်နိမိတ်ဖြစ်ပါသည်။ ယခင်က စိုက်ပျိုးရေးတက္ကသိုလ်၊ ပြီးတော့ စိုက်ပျိုးရေးသုတေသနသိပ္ပံ။ ယခု မန္တလေးတက္ကသိုလ်. . .။

တစ်ဖက်မှာတော့ အုတ်တံတိုင်းခတ် ဝင်းကျယ်ကြီးတွေ။ လေ့ကျင့်ရေးဘောလုံးကွင်းဖြစ်မှာလား။ အကွက်တွေပြန်ရိုက်ပြီး တိုက်သစ်တွေ ပေါ်လာဦးမှာလား၊ မပြောတတ်။ အရင်ကတော့ လယ်ကွင်းတွေပါ. . .။

ထို့အပြင် အဆင့်မြင့်ကြယ်ငါးပွင့်ဟိုတယ်ကြီး တည်ဆောက်ရန် မြေနေရာဟူသော ဝင်းကျယ်ကြီးလည်း သိပ္ပံလမ်းနံဘေး၌ တွေ့ရသည်။ အတွင်းမှာတော့ စတင်ဆောက်လုပ်နေသည့် လက္ခဏာမတွေ့ရ. .။ ဆိုင်းဘုတ်ကြီးကတော့ ဆေးများပင်ကွာကာ ဟောင်းအို . . .။ သူနှင့်မျက်စောင်းထိုးက ဝင်းကျယ်ကြီးတစ်ခုထဲမှာတော့ ခေတ်မီလှပသော အဆောက်အအုံကြီးတစ်လုံးရှိသည်။ စည်ပင်သာယာမှ အဆောက်အအုံကြီးဖြစ်၏။ ၁၉၉၂ ခုနှစ်တွင် ကျပ် ၅၈၂ သိန်းကုန်တည်ဆောက်ခဲ့သည်။ ထို့နောက် တရုတ်ပစ္စည်းများ အသားပေးရောင်းချသော အာသာဝတီကုန်တိုက်ကြီးအဖြစ် ဖွင့်လှစ်ခဲ့သည်။ ထိုစဉ်က တစ်လလျှင် ကိုးသိန်းနှင့် ငှားရမ်းခဲ့သည်ဟု သိရသည်။ ယခုတော့ အာသာဝတီကုန်တိုက်မဟုတ်တော့. . .။ အဆင့်မြင့်ဟိုတယ်တစ်ခုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် ပြင်ဆင်နေပေပြီ။

ထိုအဆောက်အအုံကြီး ဘေးတစ်ဖက်တစ်ချက်မှာ တိုက်ခန်းတွေက ဈေးဆိုင်တွေ၊ စတိုးဆိုင်တွေဖြစ်သည်။ သိပ္ပံလမ်းသည် ၁၉၈၈ ခုနှစ်မတိုင်မီက ရေးဆွဲသော မြို့ပြစီမံကိန်းတွင်ပါဝင်သည့် လမ်းဖြစ်သောကြောင့် ထိုလမ်းပေါ်မှ အဆောက်အအုံများ၊ ဝင်းများမှာ ထိုစဉ်က ဖင်မလီယာစီး၊ မာဇဒါစီးအရေးပါသူများ ပိုင်ဆိုင်ကြ ပါသည်။

သိပ္ပံလမ်းသည် တောင်ဘက်ခြမ်းတွင် အသွားအလာများပြားလှသော ၆၅၊ ၆၄၊ ၆၃ လမ်းများကို ခွဲထုတ်ခဲ့ပြီးနောက် မန္တလေးမြို့ လမ်းပုံစံများတွင် ထူးခြားရှားပါးလှသော အဝိုင်းပတ်စနစ်ကို ၆၂ လမ်းနှင့် ဆုံတွေ့သောအခါ တွေ့ရပါသည်။ ထိုနေရာကား အသွားအလာအများဆုံးနေရာ. . .၊ လူသိအများဆုံးနေရာ. . . .။ အဝိုင်းကြီးအရောက် မြောက်ဘက်ဘေးရှိ ဝင်းကျယ်ကြီးကတော့ ဈာမဝင်းကျယ်ကြီး၊ အဆောက်အအုံဘာမျှမရှိသေး။ ဝင်းကြီးကိုကာရံထားသော ခိုင်ခံ့လှပသည့် အုတ်တံတိုင်းကြီးတန်ဖိုးကပင် မတွေးဝံ့စရာ။



သိပ္ပံလမ်းသည် ၆၂ လမ်းကျော်သောအခါ အဆောက်အအုံများ ကျဲသွားတော့၏။ လမ်း ၆၀ ရောက်သောအခါ နဒီမြောင်းကို ဖြတ်သွားရတော့သည်။ နဒီမြောင်းတံတားလေးနားမှာ ဝတ္ထုတိုဆရာတစ်ဦး၏ ဇာတ်ကောင်များရှိသည်။ ညပိုင်း မိုးစုပ်စုပ်ချုပ်မှ အိမ်ပြန်ရသော ဝတ္ထုတိုဆရာသည် ထိုနေရာသို့ရောက်လျှင်. . .။

"ကတ္တီပါ ဖိနပ်လေးတောင်မှ မနိုင်. . .

ကိုယ်စောင့်နတ်၊ ရယ်စရာစတိုင်" ဟူသော သီချင်းကို အသံကျယ်ကျယ်ဆိုကာ ထိုတံတားလေးကို ဖြတ်သွားပြီး သူ့ဇာတ်ကောင်များကို အသိပေးရသည်။

***စာမျက်နှာ ၂၃ သို့***

စာမျက်နှာ ၂၃ သို့



# အိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်း စစ်ဆေးပညာပေး

**မြိုင် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး မြိုင်မြို့ စည်ပင်သာယာဈေးအတွင်းရှိ ရောင်းချနေသောဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်း စစ်ဆေးပညာပေးမှုကို ဩဂုတ်လဆန်းပိုင်းက ဆောင်ရွက်သည်။ အိမ်သုံးဆားအိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်း စစ်ဆေးပညာပေးရာတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ဈေးအတွင်းရောင်းချနေသော ဆိုင်ခန်းပေါင်း ၃၀ မှ ဆားရောင်းချသူဈေးသည်များအား အိုင်အိုဒင်းဓာတ်ပါဝင်မှုတို့ကို အဆင့်သုံးဆင့်ဖြင့်စစ်ဆေးသည်။ ထို့နောက် ဈေးသည်များအား ပညာပေးမှုကို ကျန်းမာရေးဌာန တာဝန်ခံဆရာမက "ဆားများထုပ်ပိုးရာတွင် မီးဖြင့်စနစ်တကျပိတ်ခြင်းနှင့် သားရေပျော့ကွင်းတို့ကို အသုံးပြုပါ"ဟု ကျန်းမာရေးဌာနမှ ဒေါ်အေးသူဇာဟန်က ပြောသည်။ အဆိုပါအိမ်သုံးဆား အိုင်အိုဒင်းဓာတ်ပါဝင်မှုကို စစ်ဆေးရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စုထွေးမာနှင့်အဖွဲ့၊ စည်ပင်သာယာဈေးတာဝန်ခံ ဦးဘိုဝင်းတို့က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**



# အင်းတော်အင်းရေပြန်ကျ လယ်ယာမြေအချို့ မိုးစပါးများပြန်စိုက်

**အင်းတော် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်အင်းဘေးရှိ လယ်ယာမြေကွက် အချို့တို့သည် မိုးရွာပြီး အင်းရေမြင့်တက်မှုများရှိလာသောကြောင့် စပါးစိုက်ပျိုးခြင်းကို ရပ်တန့်ထားခဲ့ရပြီး တချို့လယ်ယာမြေတို့ရှိ စပါးစိုက်ပင်များမှာလည်း ရေနစ်မြုပ်ခဲ့ရာ ကြန့်ကြာမှုရှိခဲ့ရာမှ ယခုအခါ အင်းရေကျသွားပြီ ဖြစ်သောကြောင့် လယ်ယာမြေအချို့သည် မိုးစပါးပင်များ ပြန်လည်စိုက်ပျိုးနေကြပြီ ဖြစ်ကြောင်း သိရသည်။

"အင်းရေက မိုးရွာတာစိပ်နေတော့ အင်းထဲကိုစီးဝင်နေတဲ့ အင်းတော်ချောင်း၊ ရွာဟောင်းချောင်း၊ နားခါချောင်း၊ နတ်ပေါက်ချောင်း၊ သက္ကယ်ချောင်းတွေနဲ့ အင်းဘေးမှာရှိတဲ့ အခြားချောင်းတွေဟာလည်း ရေကြီးရေလျှံမှုတွေ ဖြစ်လာတော့ အင်းမြင့်တက်တာ ရက် ၂၀ လောက်ကြာသွားတယ်။ ဒီလိုကြာသွားတော့ စိုက်ပြီးသူတွေလည်း စပါးပင်တွေ ပြန်ဖာဖို့ ပျိုးပင်တွေ ပြန်ရှာရတယ်"ဟု အင်းဘေးရှိ စပါးစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

အင်းတော်ရေ မြင့်တက်မှုသည် ရက်အတော်ကြာခဲ့ပြီး မိုးစပါးစိုက်ပြီး လယ်များ၊ စိုက်ဆဲလယ်များနှင့် စိုက်ပျိုးရန်လယ်များမှာ အင်းရေများ နစ်မြုပ်ခဲ့ရာမှ ယခုအခါ အချို့ အင်းရေကျလယ်များ စပါးစိုက်ပျိုးလာကြပြီဖြစ်သကဲ့သို့ အင်းရေမကျသေးသော လယ်များမှာလည်း ပျိုးပြန်ထောင်ရန် မျိုးစပါးများ ပြန်ရှာနေကြပြီဖြစ်သည်။

**သန်းမောင်လေး(ကချင်မြေ)**

## စေတနာရှင်များစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁) ဈေးကြီးအရှေ့ရှိ သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့မိမြို့ဖများဦးဆောင်ကာ ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ပျဉ်းမနားမြို့နှင့် ဝန်းကျင်နေစေတနာရှင်အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းမှုများကို စုစည်း၍ ဩဂုတ် ၃ ရက်နံနက်က ၁၀ ဘီးကားကြီးတစ်စီးဖြင့် ရေဘေးသင့်ဒေသ ပွင့်ဖြူမြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

သံဃာ့ဆေးရုံ ဗဟိုပြုရေဘေးသင့် အလှူခံဌာနသို့ ပျဉ်းမနားမြို့ပေါ်နှင့် ဝန်းကျင်နေစေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေမှာ ငွေကျပ်သိန်း ၉၀ ကျော်နှင့် ဆန်၊ ဆီ၊ အဝတ်အထည်၊ ဆေးဝါး၊ ရေသန့်ဘူး၊ စားကုန်များကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

**ကာရန်ခ**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**သရက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိသလိမ်းကျေးရွာ၌ ဧရာဝတီမြစ်ရေကြီးမြင့်လာမှုကြောင့် ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စုဝင်များကို ခေါက်ဆွဲခြောက်ထုပ်၊ ရေသန့်ဘူးများ၊ ငွေကြေးထောက်ပံ့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂ ရက်က ပြောင်းရွှေ့နေထိုင်သည့် ကျေးရွာအခြေခံအလယ်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ထောက်ပံ့ဆောင်ရွက်ခြင်းတွင် သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာ အလှူရှင်များ၊ အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်များက ရေဘေးသင့်ပြည်သူ ၂၄၂ ဦးကို ခေါက်ဆွဲ၊ ရေသန့်နှင့် အလှူငွေများ ပေးအပ်ခဲ့သည်။

ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုးနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



*စာမျက်နှာ ၂၂ မှ*

၅၉ လမ်းရောက်တော့ သိပ္ပံလမ်း၏ ညာဘက်မှာ ထန်းကိုးပင်ရိပ်သာဝင်းကြီးရှိ၏။ ကျယ်ဝန်းကာ အဆောက်အအုံများက သစ်လွင်လှပသည်။ ကမ္မဋ္ဌာန်းရိပ်သာလည်းဖြစ်၏။ ထိုကျောင်းဝင်းကြီးထဲတွင် မန္တလေးမြောက်ဘက် စကျင်ရွာမှ နာမည်ကျော် လျှောင်းတော်မူကျောက်ဆစ်ရုပ်ပွားတော်ကြီး ကိန်းဝပ်သည်။ ပြည်တွင်းစစ်ကာလများဆီက ထိုရုပ်ပွားတော်ကြီးသည်လည်း စကျင်တောင်ခြေတွင် စစ်ဒဏ်သင့်ခဲ့သည်။ ထိုသမိုင်းက စကျင်ရွာသို့ရောက်တော့မှ ကြားသိရသည်။ စစ်၏အနိဋ္ဌာရုံများ. . . ။

ထန်းကိုးပင်ကျောင်းတိုက် အနောက်ဘက်မှာ အဆင့်မြင့်မီးသတ်စခန်းရှိ၏။ မန္တလေးကဲ့သို့သော မြို့ပြမျိုးအတွက် လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ သို့သော် မီးသတ်စခန်းကို ယခုကဲ့သို့ လူသူအဆောက်အအုံနှင့်လှမ်းသောနေရာတွင် ထားခြင်းအပေါ် နားလည်လို့မရ. . .၊ ရေရှည်အတွက် မျှော်ကိုးတာလည်းဖြစ်မည်။

သိပ္ပံလမ်းသည် အဝိုင်းကြီးမှ အရှေ့ဘက်ခြမ်းက အောင်ပင်လယ်အထိ၊ အရင်ကတော့ အင်မတန်ဆိုးရွားလှသည်။ ယခုတော့ ပြုပြင်ပြီးပြီ။ ရန်ကုန်ဘက်မှလာသောကားများ ပြင်ဦးလွင်၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်တက်ရန်အတွက် သိပ္ပံလမ်းကို ဖြတ်လမ်းအဖြစ်သုံးကြ၏။ ရှုပ်ထွေးသော မန္တလေးမြို့တွင်းလမ်းများကို ရှောင်ရှားရန်အတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်၏။

ထို့ကြောင့် သိပ္ပံလမ်းသည် အရည်အသွေးမီကောင်းမွန်နေဖို့ လိုပါသည်။

တကယ်တော့ သိပ္ပံလမ်းကားအသစ်ဖြစ်၏။ အပြောင်းအလဲဖြစ်၏။ မန္တလေးမြို့ဟောင်းနှင့်မြို့သစ်၏ပေါင်းကူးဖြစ်၏။ မြို့ပြနှင့်ကျေးလက်၏ အဆက်အစပ်ဖြစ်၏။ ကတ္တရာလမ်းနှင့် ကန်သင်းရိုး၏ အကူးအပြောင်းဖြစ်၏။ တောင်ဘက်နဘဲပင်၊ မြောက်ဘက်ထန်းပင်ဟူသော နယ်သတ်မှတ်မှုမှ ပေ ၆၀၊ ပေ ၄၀ အကွက် အသွင်ပြောင်းမှုဖြစ်၏။ သုံးပင်နှစ်ခန်းမျှောတိုင်စိုက် ထန်းလက်မိုးတဲမှ ပတ်ကားသုံးထပ်တိုက်က တွန်းထိုးနေရာယူမှုဖြစ်၏။

သိပ္ပံလမ်းပေါ်မှာ ၁၉၉၇ မန္တလေး၏ ရုပ်ပုံလွှာများအားလုံးကို တွေ့ရသည်။ စတိုးရှိသည်။ ဟိုတယ်ရှိသည်။ ယာဉ်မောင်းလိုင်စင်ရှိသည်။ နာမည်ပြောင်းရှိသည်။ ကာရာအိုကေရှိသည်။ တောအရက်ဆိုင်ရှိသည်။ ခါတ်ဆီဆိုင်ရှိသည်။ နံပါတ်ဖိုးအရောင်းအဝယ်လုပ်၍ အဖမ်းအဆီးရှိဖူးသည်။ ပိတ်ထားသော တိုက်လှလှလေးများရှိသည်။ သောင်းဂဏန်းနှင့် လိုက်အိပ်သူရှိသည်။ မှောင်ရိပ်မှာ စက်ဘီးလက်ကိုင်ကိုဖမ်းဆွဲပြီး ငွေ ၅၀ ရှာသူရှိသည်။ ပေ ၁၀၀ ပတ်လည်ပတ်ကားနှစ်ထပ်တိုက်နှင့်တယ်လီဖုန်းအတွက် ဆာလာအိတ်နှင့် ငွေထည့်သွားသော ဆလွန်းကားလည်းရှိသည်။

လုပ်ခရမှ ဆန်နို့ဆီဘူးလေးလုံးဝယ်ကာ ကြွပ်ကြွပ်အိတ်နှင့်ထည့်ပြီး အိမ်ပြန်ရသော စက်ဘီးအိုများလည်းရှိသည်။ ဆိုက်ကားလည်းရှိသည်။ ဆယ်ဘီး UD ကားကြီးလည်းရှိသည်။ အထပ်မြင့်တိုက်ကြီးလည်းရှိသည်။ ဝင်းစောင့်တဲလေးလည်းရှိသည်။ မြောင်းထဲမှာ ငါးပက်သည့်ကလေးလည်းရှိသည်။ ဆယ်လူလာနှင့်မှ အပျင်းပြေကစားတတ်သော ကလေးလည်းရှိသည်။ တောအရက်မူး၍ ရိုက်ကြနှက်ကြသံလည်းရှိသည်။ မေတ္တာပို့အမျှဝေနေသည့် အလှူခံမဏ္ဍပ်လည်းရှိသည်။ ပုပ်ဟောင်နေသော ကဏန်းသေတ္တာအပြည့်နှင့် ကားလည်းမောင်းသည်။ သစ္စာပန်းအပြည့်နှင့် ကားလည်းဝင်သည်။

မည်သို့ပင်ဆိုစေကာမူ သိပ္ပံလမ်းမှသည် အောင်ပင်လယ်ကန်ပေါင်ရိုးရောက်သောအခါ အောင်ပင်လယ်နတ်ကွန်းတွင် ပန်းတော်ပန်းဆက်ပူဇော်ပသပြီးမှ လိုရာခရီးသွားကြသူချည်းဖြစ်၏။

ဒါကတော့ မပြောင်းလဲ. . . . မင်းရှင်စောခေတ်ကတည်းက နေမှာပေါ့။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

## ဓမ္မပါလဖောင်ဒေးရှင်း ဆရာဖြစ်သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၄**

နယ်လှည့်ဓမ္မကထိက၊ ဂုဏ်ထူးဆောင်ကိုးဘွဲ့ရ အရှင်ပါကဋ္ဌာ လင်္ကာရ (ဓမ္မပါလ) ဦးဆောင်နာယက ဆရာတော်အဖြစ် ဦးစီးသော ဓမ္မပါလဖောင်ဒေးရှင်း ပညာပါရမီအဖွဲ့သည် မျိုးဆက်သစ်လမ်းညွှန် ဆရာဖြစ်သင်တန်းအမှတ်စဉ်(၁)ကို ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ ဓမ္မပါလကျောင်းသာခုကျောင်းတိုက် နတ်စင်လမ်း ကြည့်မြင်တိုင်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဓမ္မပါလဖောင်ဒေးရှင်းသည် မျိုးဆက်သစ် လမ်းညွှန်ဆရာဖြစ်သင်တန်း၊ အင်္ဂလိပ်စာပညာဒါန၊ ကွန်ပျူတာပညာဒါနနှင့် တက္ကသိုလ်ဝင်တန်း ပညာဒါနလုပ်ငန်းများအပြင် ကျန်းမာရေးထောက်ပံ့မှု၊ မျက်စိအလင်း အလှူတော်အဖြစ် မျက်စိခွဲစိတ်လူနာ ၆၀၀ ကျော်နှင့် မျက်မှန် ၁၀၀၀ ကျော် ထောက်ပံ့ဆောင်ရွက် ပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအနှံ့အပြားမှ သံဃာတော်၊ သီလရှင်၊ သင်တန်းသား၊ သင်တန်းသူ ၅၈ ဦး တက်ရောက်ခဲ့ပြီး မျိုးဆက်သစ်လမ်းညွှန်ဆရာအဖြစ်သင်တန်း(ဒုတိယအကြိမ်)ဖွင့်လှစ်ရန် သင်တန်းသားများ ခေါ်ယူနေရာ ဓမ္မပါလဖောင်ဒေးရှင်းဗဟိုရုံး ဖုန်း ၀၉-၂၅၁၀၃၃၁၅၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

ဩဂုတ် ၁ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့များပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် ပညာပေးဟောပြောခြင်း၊ ရေကန်များ ပိုးလောက်လမ်းစား ဒေါင်းငါးများ လွှတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းတို့ လိုက်လံဆောင်ရွက်စဉ်။
မိုးမိုး(လှိုင်)



# ပခုက္ကူ ပေါက်၊ ကျောက်ထု၊ ထီးလင်း၊ ရေမျက်နီ၊ ဂန့်ဂေါလမ်း ပြန်လည်ပြုပြင်ထိန်းသိမ်း

**နေပြည်တော် ဩဂုတ် ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းက ဂန့်ဂေါ- ရေမျက်နီ- ထီးလင်း- ကျောက်ထု- ပေါက်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လည်းကောင်း၊ ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်တွင် ချောင်းရေ အဆမတန်မြင့်တက်၍ ရေမျောပျက်စီးသွားသော တံတားဟောင်းနေရာတွင် ချောင်းရေစီးဆင်းမှုဒဏ်ခံနိုင်သည့် တံတားဒီဇိုင်းဖြင့် အသစ်ပြန်လည် တည်ဆောက်ထားသည့် အရှည် ပေ ၃၅၄၀ အမှတ်(၁) ပေါက်တံတား (အုန်းတော)နှင့် မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျချောင်းရေစီးဆင်းမှု ရေလမ်းကြောင်းအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၃၈၀/ ၂) နှင့် (၃၈၁/ ၁) ကြားရှိ အရှည်ပေ ၂၉၉၀ အမှတ်(၂)ပေါက်တံတား (ရေပြာ)ကြံ့ခိုင်မှုအခြေအနေနှင့် ပေါက်-ပခုက္ကူ လမ်းအပိုင်းရှိ ချောင်းရေကျော်သည့်နေရာတွင် ကွန်ကရစ်ရေကျော်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**



Authentie Myanmar Travel Team နှင့် မန္တလေးတိုးရစ် Guide အဖွဲ့မှ ဦးဝင်းဇော်ဦးပါအဖွဲ့ ဩဂုတ် ၁ ရက်က မင်းကွန်းဒေသရှိ ပုထိုးတော်ကြီး၊ မြသိန်းတန်ဘုရား၊ ခြင်္သေ့ကြီးနှင့် ခေါင်းလောင်းကြီးပတ်ဝန်းကျင်များတွင် ပလတ်စတစ်အမှိုက်သရိုက်များ၊ ဘူးခွံ၊ အိတ်ခွံများကို လိုက်လံကောက်ယူကာ သန့်ရှင်းရေးဆောင်ရွက်စဉ်။
တင်မောင်(မန်းကိုယ်ပွား)



ဇူလိုင် ၃၁ ရက်က လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် လျှပ်စစ်သုံးစွဲသူပြည်သူများ သိရှိလိုက်နာရန် အသိပညာပေးဆိုင်းဘုတ်များကို သန်လျင်မြို့ ဘုရားလမ်း (နာရီစင်လမ်းဆုံ)နှင့် ကျိုက်ခေါက်ဘုရားလမ်းဆုံတို့၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက စိုက်ထူစဉ်။
တင်မောင်ငွေ(သန်လျင်)

## ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ကျောင်းကုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အိုးဘိုကျေးရွာအုပ်စု အိုးဘိုတောင်ပိုင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်စက်မှုစွမ်းအင်ဝန်ကြီး ဦးစောမြသိန်း၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် ရပ်မိရပ်ဖ ဦးအောင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းက စက်ခလုတ်နှိပ်၍ မီးဖွင့်ပေးခဲ့သည်။ အိမ်ခြေ ၂၉၅ အိမ်မှာ မီးလင်းအိမ်ခြေ ၃၂ အိမ်၊ ကျေးရွာထည့်ဝင်ငွေကျပ် သိန်း ၂၀၀ နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချေးငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းနိုင်စေခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းတွင် သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၄**

မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး တာတမံများ ကြံ့ခိုင်မှုရှိရေးနှင့်သဘာဝဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး ဆွေးနွေးပွဲများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာကြီးငါးရွာတွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၅ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါ သဘာဝဘေးကြိုတင်ကာကွယ်ရေးကွင်းဆင်းအသိပညာပေးဆွေးနွေးရာတွင် ဖိုးခမီဒေါင့်တာတမံ ၁၁ မိုင် ၄ဖာလုံ အတွင်းမှ ကျေးရွာများ၊ ပတ္တော်-ညောင်တုန်းစု တာတမံ ၁၁ မိုင်အတွင်းမှ ကျေးရွာများတွင် စုရပ်ကျေးရွာကြီးများ ဖြစ်သော ဖိုးခမီဒေါင့်၊ ကျွန်းဒိပ်၊ အေးရွာ၊ တံခွန်တိုင်ကျုံဝါးနှင့်ဝဲဒေါင့်ကျေးရွာများတွင် သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးကြရာတွင် တာတမံများကြံ့ခိုင်မှုရှိရေး၊ ရေစီးကြောင်းများ၊ ချုံနွယ်များနှင့် အခြားတွင်းပေါက်များမရှိစေရေး ကွပ်ကဲဆောင်ရွက်ရန်၊ ရေဘေးကာကွယ်ရေး တာတမံများတွင် လှိုင်းရိုက်တာပြိုခြင်း၊ တာမှရေစိမ့်ထွက်ခြင်း၊ သဲပွက်ထခြင်းများ ရှိ မရှိတို့ကို ဂရုပြုထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် စိုးရိမ်ရသော တာတမံအပိုင်းများကို အရေးပေါ်ကာကွယ်ရေးပစ္စည်းများကြိုတင် စုဆောင်းထားရှိကြရန် အသိပညာပေးဆွေးနွေးကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်၌ တည်ဆောက်ထားသော ဖိုးခမီဒေါင့် တာတမံနှင့် ပတ္တော်-ညောင်တုန်းစု တာတမံတို့မှာ လုံခြုံစိတ်ချရသော တာတမံများဖြစ်ပြီး တာတမံပတ်ဝန်းကျင်ဒေသနေပြည်သူများကို အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## မိုးရွာသွန်းမှုကြောင့် ရေလျှံမှုများဖြစ်

**ရန်ကုန် ဩဂုတ် ၄**

မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရဲစုတောင် ရန်ကုန်-ပဲခူးကားလမ်းဘေးရှိ သမိုင်းဝင်ဓမ္မသိဒ္ဓိကလိုင်တော် ဆုတောင်းပြည့်စေတီအဝင်လမ်းတစ်လျှောက် ရေများလျှံတက်လျက်ရှိရာ ဩဂုတ် ၁ ရက်က ကလိုင်တော်ဘုရားလမ်းအုပ်စုရှိ အိမ် ၁၅ လုံးမှာလည်း ရေများနစ်မြုပ်နေသည်။ ယခု ရေကြီးရေလျှံဖြစ်သည့် အဆိုပါ နေအိမ်များသို့ မင်္ဂလာဒုံမြို့နယ်ထောက်ကြံ့ကျေးလက် ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# မိုးရွာသွန်းမှုများပြား၍ ရေလုပ်ငန်းနှင့် ဘဲဥရောင်းဝယ်ရေး အဆင်မပြေ

**ဘိုကလေး ဩဂုတ် ၄**

ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ်တွင် ဇူလိုင်လအတွင်းက မိုးများဆက်တိုက်ရွာသွန်းခဲ့သည့်အတွက် ရေလုပ်ငန်းလုပ်သူများနှင့် မွေးမြူရေးလုပ်သူများ အဆင်မပြေ ဖြစ်နေကြကြောင်း သိရသည်။

ငါး၊ ပုစွန်များမှာ ဈေးကောင်းလျက်ရှိသော်လည်း ငါး၊ ပုစွန်ရှာသူများအနေဖြင့် အမိအရနည်းနေသည်။ ငါး၊ ပုစွန် ဈေးနှုန်းမှာ လက်လီရောင်းဈေး ပုစွန်ဖော့ချိတ်တစ်ပိဿာ ငွေကျပ် ၈၀၀၀၊ ပဲနပြားကျော့ဖြူ မှာ ငွေကျပ် ၅၀၀၀၊ ၆၀၀၀ ဖြစ်နေသည်။ ပုစွန်ဆိတ်ဈေး ငွေကျပ် ၃၀၀၀မှ ၄၀၀၀ ဖြစ်နေပြီး ဘဲဥဈေးမှာ လက်လီဈေးတစ်လုံး ငွေကျပ် ၁၃၀ ဖြစ်နေသည်ဟု သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းများက မိုးများပြီး ဝါဆိုဘဲများ အတောင်ချသော



လလည်းဖြစ်နေသဖြင့် ဥနှုန်းကျသောလဖြစ်ကာ ကောင်ရေ၏သုံးပုံတစ်ပုံသာဥကြောင်း အောင်သပြေဈေးတွင် ဘဲဥလုပ်ငန်း အနှစ် ၂၀ ကျော် လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ဘဲဥဈေးမှာ မဆိုစလောက်သာနည်းသည်ဟု ဆိုနိုင်သော်လည်း အစာဈေးမှာ ယခင်နှစ်ထက်မြင့်နေသဖြင့် နှိုင်းယှဉ်ပါက ယခုနှစ်အတွင်း မှန်းချက်မကိုက်ကြောင်း နှစ် ၃၀ ကျော် ဘဲမွေးမြူရေး လုပ်ကိုင်သူများထံမှ သိရသည်။

**ဌေးနိုင်(ဘိုကလေး)**

## ရေဘေးသင့် ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၄**

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရေဘေးအန္တရာယ်၊ မြေပြိုအန္တရာယ်များ ကြုံတွေ့ခံစားနေရသည့် ရဟန်း၊ သာမဏေ၊ သီလရှင်နှင့်ပြည်သူများအား အလှူငွေများ ထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၂ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အဆိုပါ လှူဒါန်းပွဲတွင် သန်လျင်မြို့နေ ဦးဇော်ဝင်း-ဒေါ်မိမိတင်(သမီး) မအိမွန်မွန် မိသားစုက အလှူငွေကျပ်သိန်း ၃၀၊ သန်လျင်မြို့ ဖို့မြေလမ်းဓမ္မစက္ကပဝတ္တကာရီ သာသနာ့အကျိုးဆောင်အဖွဲ့က အလှူငွေကျပ် ၁၃ သိန်းတို့ကို သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ကျောင်းကျန်းမာရေး သီတင်းပတ်အကြို အာဟာရကျွေးမွေး

**တပ်ကုန်း ဩဂုတ် ၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ် အကြိုဖြင့် ကျောင်းသား /ကျောင်းသူ ၉၂၃ ဦး အာဟာရကျွေးမွေးခြင်းကို ဇူလိုင်နောက်ဆုံးပတ်က အဆိုပါကျောင်း၌ အာဟာရဒါနဖြစ်အောင်တံခွန်အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံနှင့် မိုဘိုင်းဖုန်းဆိုင် မိသားစုတို့က ကျွေးမွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# မိုးကုတ်မြို့ ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မိုးကုတ် ဩဂုတ် ၄**

မိုးကုတ်မြို့နယ်အတွင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော အိမ်ထောင်စု ၅၈ စုမှ မိသားစုဝင်များအား မြို့နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များနှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် ထောက်ပံ့ငွေများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂ ရက်က မိုးကုတ်မြို့ မြို့မရပ်ရှိ ပတ္တမြားမြေ မိုးလုံလေလုံ အားကစားခန်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် ဘေးအန္တရာယ်ခံစားခဲ့ရသည့် အိမ်ထောင်စုများအား စောင်၊ ခြင်ထောင်၊ ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ လူသုံးကုန်များကို လည်းကောင်း စေတနာရှင်များ လှူဒါန်းပေးခဲ့သည့် ငွေကျပ် ၄၈၇ သိန်းကျော်ထဲမှ နေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် အိမ်ထောင်စု ၂၈ စုတို့အား တစ်အိမ်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ သေဆုံးသူ သုံးဦးအတွက် ငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ ဒဏ်ရာရရှိခဲ့သည့် သံဃာတစ်ပါးနှင့် လူငါးဦးအတွက် ငွေကျပ် သုံးသိန်းခွဲကို လည်းကောင်း စုစုပေါင်းငွေကျပ် ၆၂ သိန်း ၅ သောင်းကျပ်အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ငွေများဖြင့် နေအိမ်လုံးဝပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စု ၃၀ အား (၃ ×၂)ခန်း သွပ်မိုးအိမ်များဆောက်လုပ်၍ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**နေဝါ(မိုးကုတ်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များက ပဲခူးမြို့ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများလှူဒါန်း



**ပဲခူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ပဲခူးမြစ်ရေစိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ မရောက်ရှိမီ မြစ်ရေမှတ် စင်တီမီတာ ၉၀၀ အရောက် ဇူလိုင် ၃၀ ရက်မှစ၍ ရပ်ကွက်ကိုးခုနှင့် ကျေးရွာတစ်ရွာတို့တွင် ယာယီကယ်ဆယ်ရေးစခန်း ၁၆ ခု ဖွင့်လှစ်ဆောင်ရွက် ကူညီပေးထားနိုင်ကြောင်း သိရသည်။

ရေဘေးသင့် ပြည်သူ အိမ်ထောင်စု ၁၇၀၇၊ အမျိုးသား ၃၉၆၁ ဦး၊ အမျိုးသမီး ၄၃၁၂ ဦး စုစုပေါင်း ၈၂၇၃ ဦး၊ ဇူလိုင် ၃၁ ရက်က အိမ်ထောင်စု ၁၀၉၄ ဦး၊ အမျိုးသား ၂၁၅၂ ဦး၊ အမျိုး သမီး ၂၄၇၆ ဦး စုစုပေါင်း ၄၆၂၈ ဦးနှင့် ဩဂုတ် ၁ ရက်တွင် အိမ်ထောင်စု ၁၇၃ စု၊ အမျိုးသား ၇၆၄ ဦး၊ အမျိုးသမီး ၇၉၂ ဦး စုစုပေါင်း ၁၅၅၆ ဦး စုစုပေါင်းလူဦးရေ ၁၄၄၅၇ ဦးတို့ကို ပဲခူးတိုင်းဒေသကြီး အစိုးရ အဖွဲ့က ဩဂုတ် ၁ ရက်အထိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ဘဲဥ၊ သောက်ရေသန့် စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၀၀ ကျော်ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ စေတနာရှင်အလှူရှင်များကလည်း ကယ်ဆယ်ရေးစခန်းများ စဖွင့်သည့် ဇူလိုင် ၃၀ ရက်မှစကာ ထမင်းထုပ်များ၊ သောက်ရေသန့်ဘူးများ၊ အဝတ်အထည်များ၊ ဆေးဝါးများ အစရှိသည့် ပစ္စည်းများကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မီးရထားလမ်း၊ ကားလမ်းများ ပြုပြင်ဆောင်ရွက်

**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၆ ရက်မှစတင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ မုံရွာ၊ ရွှေဘို၊ ကန့်ဘလူ၊ ကသာခရိုင်တို့၌ ရေကြီးရေလျှံခြင်းတို့ကြောင့် မီးရထားလမ်း၊ ကားလမ်းများ ရေကျော်ပျက်စီးခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းတစ်ရပ်အနေဖြင့် ရထားလမ်း၊ ကားလမ်းပေါ်တွင် ပျက်စီးနေသော လမ်းပိုင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်း ဇူလိုင် ၁၆ ရက်မှစတင်၍ မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု၊ မြေပြိုမှု သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ကောလင်း-ကန့်ဘလူလမ်းပိုင်း၊ ကံကြီးနှင့် ဇော်ချောင်းကြားရှိ သံတံတားသည် ရေတိုက်စားသွားသဖြင့် ကောလင်း-ကန့်ဘလူလမ်းပိုင်း ရထားများပြေးဆွဲမှု ရပ်ဆိုင်းခဲ့ရပြီး ဒေသအသီးသီးမှ ခရီးသွားပြည်သူများအနေဖြင့် ဇူလိုင် ၂၉ ရက်မှစ၍ ကောလင်း-မြစ်ကြီးနားလမ်းပိုင်းကို ပြန်လည်ပြေးဆွဲပေးလျက်ရှိပြီး ကောလင်းဘူတာနှင့် ကန့်ဘလူဘူတာကြား သွားလာရေးအဆင်ပြေစေရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးက RTC မော်တော်ယာဉ်ငါးစီးဖြင့် ခရီးသည်တစ်ဦးလျှင် ငွေကျပ်တစ်ထောင်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထား တိုင်း(၂)နယ်မြေ ကံကြီး-ဇော်ချောင်းဘူတာလမ်းပိုင်းမှ တံတားနှင့် ကောလင်း-ကိုးထောင်ဘို့ဘူတာကြား ယာယီဘေလီတံတား အစားထိုးခြင်းနှင့် တံတားအမှတ် ၂၈၁ နှင့် ၂၈၂ ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ရာ မကြာမီပြန်လည်ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဘက်ခြမ်းတွင် အလျားပေ ၈၀၊ တာပေါင်အမြင့် ပေ ၂၀ ပြတ်တောက်သွားပြီး မြစ်ကြီးနားဘက်ခြမ်းတွင် အလျားပေ ၁၂၀၊ တာပေါင်အမြင့် ပေ ၂၀ ပြတ်တောက်သွားကြောင်း သိရသည်။ ဇူလိုင် ၂၈ ရက်က မော်လူး-နန့်စီးအောင်လမ်းပိုင်း၊ ပင်ဝယ်-မော်လူးဘူတာလမ်းပိုင်း ရထားလမ်းများ ပြန်လည်ကောင်းမွန်လာရေးအတွက် ကျောက်ချခြင်း၊ ဇလီဖားတုံးများ ဖြည့်တင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ကိုကိုညိမ်း(ကောလင်း)**


# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

**၂၀၁၅ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-**

၁။ ညွှန်ကြားရေးမှူး(စီမံဘဏ္ဍာဌာန)
၀၆၇-၄၀၄၃၁၆၊ ၀၉-၂၀၂၁၄၉၁
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊
ရုံးအမှတ် (၂၃) ၊ နေပြည်တော်

၂။ ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေးဌာန)
၀၆၇-၄၀၄၃၁၈၊ ၀၆၇-၄၀၄၄၂၀၊ ၀၉-၄၃၁၂၀၈၆၅၊
၀၉-၄၂၈၁၂၅၀၂၇
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊
ရုံးအမှတ်(၂၃) ၊နေပြည်တော်

၃။ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး)
၀၁-၅၂၂၇၂၆၊ ၀၉-၇၃၁၀၄၆၉၃
အမှတ်(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၄။ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းဒေသကြီးဦးစီးမှူး)
၀၂-၃၉၄၅၇၊ ၀၉-၄၃၁၂၀၈၆၇
၃၄×၃၅ ကြား ၊ ၆၄×၆၅ ကြား၊ ခရိုင်တရားရုံးအနီး၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၅။ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး)
၀၇၁-၂၃၂၂၁၊ ၀၉-၄၇၀၉၃၄၈၀
နန္ဒာဝန်ရပ်ကွက်၊ တိုင်းရုံးပေါင်းစုံ၊
မုံရွာတက္ကသိုလ်ရှေ့၊ မုံရွာမြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၆။ ဦးစီးအရာရှိ(မကွေးတိုင်းဒေသကြီးဦးစီးမှူး)
၀၆၃-၂၅၉၅၀၊၀၉-၂၅၈၃၀၆၉၄၀
အမှတ်(၉၄၈) ၊ ဘိုးရတနာရေသန့်စက်ရုံလမ်း၊
ဇက်ဆိပ်ကမ်းနှင့် (၁၆)လမ်းကြား၊
အောင်မေတ္တာ(က)ရပ်ကွက်၊ မကွေးမြို့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၇။ ညွှန်ကြားရေးမှူး(ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး)
၀၄၂-၂၁၀၆၁၊၀၉-၄၉၀၀၀၂၉၀
အမှတ်(၆) နယ်မြေ၊ ဘန့်ဘွေးကုန်းလမ်း၊ ပုသိမ်မြို့၊
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စစ်တောင်းမြစ်ရေပြန်လည်ကျဆင်း၊ မြစ်ထိန်းနံရံများ တည်ဆောက်ရန်လိုအပ်

**ရေတာရှည် ဩဂုတ် ၄**

မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၏ စိုးရိမ်ရေမှတ်အထိ ရောက်ရှိလာခဲ့သည်။ ယခုရက်ပိုင်းအတွင်း မိုးနည်းသွားခဲ့သောကြောင့် ရေပြန်လည်ကျဆင်းသွားခဲ့သော်လည်း မြစ်ကမ်းပါးများ တိုက်စားခြင်းမရှိစေရန် မြစ်ထိန်းနံရံများတည်းဆောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

မြို့လှကျေးရွာအုပ်စု သဲဖြူကျေးရွာတောင်ဘက်တွင် မြစ်အကွေ့ဖြစ်၍ ဝဲကြီးတစ်ခုလိုဖြစ်နေကာ ရေဦးတိုက်ကျသည့် အနောက်ဘက်ကမ်း၌ မြစ်ထိန်းနံရံ တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။ အဆိုပါနေရာမှာ မြစ်ရေတိုက်စားမှုကြောင့် ရန်ကုန်-မန္တလေးကားလမ်းနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိချိန် နေပြည်တော် ဆည်မြောင်းဦးစီးဌာနက မြစ်ထိန်းနံရံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကက္ကူကျေးရွာ၊ ရွှေကဇောင်းကျေးရွာ၊ ကွဲရိုင်းပြင်ကျေးရွာများသည် မြစ်ထိန်းနံရံများတည်ဆောက်နိုင်ခြင်း မရှိပါက ကမ်းပါးနှင့်ကပ်လျက်ရှိသော ဒေသခံပြည်သူများ၏နေအိမ်များ ဆက်လက်ရွှေ့ပြောင်းရဖွယ်ရှိကာ ရွှေကဇောင်းကျေးရွာနှင့် ကွဲရိုင်းပြင်ကျေးရွာများသည် လွန်ခဲ့သော သုံးနှစ်ခန့်ကစ၍ လူနေအိမ်အများအပြား ရွှေ့ပြောင်းခဲ့ကြရသည်။

**ကိုလွင်(ဆွာ)**





ဇူလိုင် ၃၁ ရက်က ကိုးထပ်ကြီးဘုရား နဝဂုဏ ဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်းနှင့် ခုနစ်ရက်သားသမီးများက ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့ဝင် ဦးအောင်သိန်းနှင့် ဦးတင်ဝင်းတို့ လက်ခံယူစဉ်။ ကိုကြီးတင်

# မိတ္ထီလာတွင် လမ်းနယ်အတွင်းပါဝင်သွားသော လယ်ယာမြေများကို နစ်နာကြေးပေးအပ်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၄**

မိတ္ထီလာမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်း ဖောက်လုပ်ရာ၌ လမ်းနယ်အတွင်းပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ပွဲကို ဩဂုတ် ၃ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ နစ်နာကြေးပေးအပ်ပွဲတွင် မြို့နယ်မြေစာရင်းဦးစီးမှူးက နစ်နာကြေးငွေထုတ်ယူရာတွင် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ငွေကြေးတစ်စုံတစ်ရာ ဖြတ်တောက်ခြင်း မပြုဘဲ စေတနာဖြင့် အကျိုးဆောင်ပေးရန်၊ ကာယကံရှင်တောင်သူများကိုယ်တိုင် နစ်နာကြေးငွေများထုတ်ယူရန်မှာကြားသည်။

ဆက်လက်၍ရေချို၊ ညောင်ဇောက်၊ ရွှေစစ်သည် ကျေးရွာအုပ်စု သုံးအုပ်စုမှ လယ်ယာမြေဆုံးရှုံး နစ်နာသူ တောင်သူ ၁၀၀ ခန့်ကို လယ်မြေတစ်ဧကငွေကျပ် ၁၂ သိန်း၊ ယာမြေ တစ်ဧက ငွေကျပ် ၁၀ သိန်းနှုန်းစီဖြင့် တာဝန်ရှိသူများက ပေးအပ်သည်။ ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ လယ်ယာမြေဆုံးရှုံး နစ်နာသူ တောင်သူများအား နစ်နာကြေးများကို ဩဂုတ် ၆ ရက်အထိ ပြီးစီးအောင်ပေးအပ်သွားမည် ဖြစ်သည်။

မိတ္ထီလာမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်ရာတွင် တောင်သူ ၇၅၇ ဦး၏ လယ်ယာမြေ စုစုပေါင်း ၉၁၄ ဧကအတွက် နစ်နာကြေးငွေ စုစုပေါင်း ငွေကျပ် ၉၅၅၇၉၂၀၀၀ ကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်းလေးခွဆုံက အချက်ပြမီးပွိုင့်လေး ပြင်ဆင်ပေးစေလို

**ရန်ကုန် ဩဂုတ် ၄**

မော်တော်ယာဉ်များ သွားလာမှု ထူထပ်များပြားလှသည့် မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်းနှင့် ဗိုလ်မင်းရောင်လမ်း လေးခွလမ်းဆုံတွင် ဇူလိုင် ဒုတိယပတ်က ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ လမ်းဆုံ မီးပွိုင့်လေးတိုင်စိုက်ထူတပ်ဆင်၍အချက်ပေးသဖြင့် အဆိုပါလမ်းဆုံတွင် ယာဉ်များ သွားလာ လွယ်ကူအဆင်ပြေချောမွေ့ခဲ့သည်။ ရက်သတ္တပတ်ခန့်အကြာတွင် ဝါ၊ စိမ်း၊ နီ အချက်ပြမီးပွိုင့်မှာ တိုင်သုံးခုစလုံးတွင် အဝါရောင် တစ်မျိုးတည်း (သတိပေးအနေအထား) လင်းချည်၊ မှိတ်ချည်ဖြင့်သာ အချက်ပြနေသည်။ ယာဉ်မောင်းသူတိုင်း အလျင်စလို အတင်းတိုးဝင်မောင်းနှင်မှုကြောင့် မည်သူမျှ သွားမရတော့ဘဲ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေသည်။



ဖြစ်စဉ်ကို သွားရောက်စုံစမ်းရာ အလိုအလျောက် အချက်ပြစက်အုံ (AUTO) ထားရှိရန် မီးပွိုင့်ထိန်းရုံ မတည်ဆောက်ရသေး၍ ဖြစ်ကြောင်း၊ မီးပွိုင့်ထိန်းရုံမရှိဘဲ ထားရှိပါက မိုးရေများဝင်ကာ စက်ပျက်စီးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ ယာဉ်ထိန်း အချက်ပြမီးတိုင်လေးတိုင်နှင့် အချက်ပြမီး အစုံတပ်ဆင်ပြီးသော်လည်း မီးပွိုင့်ထိန်းရုံ မတည်ဆောက်ရသေးသဖြင့် ယာဉ်မထိန်းနိုင်ဖြစ် နေရာလမ်းလေးခွဆုံယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် မီးပွိုင့်ထိန်းရုံ အမြန်တည်ဆောက်ပေးရန် ယာဉ်မောင်းသူတိုင်း ဆန္ဒရှိနေကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# သဘာဝဘေးအန္တရာယ်သင့်ပြည်သူများ ရွှေ့ပြောင်းလျက်ရှိ

**ဟားခါး ဩဂုတ် ၄**

ချင်းပြည်နယ် ဟားခါးမြို့ ရန်းတောင်ခြေရှိ မြေပြိုကျရန် အန္တရာယ်ရှိသော ဈေးဟောင်းရပ်ကွက် ကွက်သစ်နေပြည်သူများ ကျောဘုတ်ရပ်ကွက်ရှိ ချင်းမွေ့တက္ကသိုလ်သို့ ပြောင်းရွှေ့ရေးကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ချင်းမွေ့တက္ကသိုလ်သို့ ဩဂုတ် ၂ ရက်ထိ ရွှေ့ပြောင်းပေးသည့် သဘာဝဘေးသင့် အိမ်ထောင်စုများမှာ အိမ်ထောင်စု ၅၂ စု၊ လူဦးရေ ၃၀၀ ကျော်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာ လိန်ပင်ချောင်းတံတား အမြန်ပြုပြင်ပေးရန်လိုအပ်

**ညောင်လေးပင် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စုအတွင်းမှ ညောင်လေးပင်မြို့အတွင်းသို့ စီးဝင်လျက်ရှိသော လိန်ပင်ချောင်းကို ညောင်လေးပင်မြို့ ရေလွှမ်းခြင်းမှ ကင်းဝေးစေရန်နှင့်ချောင်းရေဖြောင့်တန်းစွာ စီးဆင်းနိုင်ရန် အဆိုပါ လိန်ပင်ချောင်းကို ချိန်းချောင်းအတွင်းသို့ တူးမြောင်းချောင်းသစ် ပေ ၅၀ နှစ်ဖက်မြေသားတင်ချောင်းသစ်ကို ၂၀၀၇ ခုနှစ်က စတင်၍ တူးဖော်ခဲ့သည်။

ထိုသို့ချောင်းသစ်တူးဖော်ခဲ့သဖြင့် လေဆိပ်ကျေးရွာအုပ်စု၊ ဂွေးကုန်းကျေးရွာအုပ်စုနှင့် ရေဖြူကန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် ညောင်လေးပင်မြို့ ပင်မဆက်သွယ်ရေးကုန်ထုတ်လမ်းမကြီး လိန်ပင်ချောင်းတံတား အလျား ပေ ၆၀၊ အနံ ၁၂ ပေကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် တာဝန်ယူဆောက်လုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ယိုယွင်းပျက်စီးသဖြင့် မြို့နယ်စည်ပင်က ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့သည်။ ၂၀၁၂ခုနှစ် မိုးရာသီတွင် ယင်းတံတားကြီး တောင်ဘက်အခြေမှ မြေပြိုကျပျက်စီးသဖြင့် ကျေးရွာ နေပြည်သူများက နှစ်စဉ်ပြန်လည်ပြုပြင် ဆောက်လုပ်ခဲ့သည်။

နေ့စဉ်သွားလာနေကြသော ခရီးသွားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အန္တရာယ် ကင်းဝေးစေရန် ယင်းတံတားကို ပြုပြင်ပေးပါရန် ဒေသခံများက ဆန္ဒရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပေးပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်**



# ခရီးသွားလုပ်ငန်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး တွေ့ဆုံမိတ်ဆက်ပွဲကျင်းပ



**မန္တလေး ဩဂုတ် ၄**

ထိုင်းနိုင်ငံ Lanna ဒေသအတွင်းရှိ မြို့နယ်လေးမြို့နယ်၏ ခရီးသွားလုပ်ငန်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်တစ်ရပ်အဖြစ် တွေ့ဆုံမိတ်ဆက်ပွဲကို ဩဂုတ် ၃ရက် နံနက် ၈နာရီက မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် ၇၈ လမ်းရှိ Wilson Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် MBCA ဥက္ကဋ္ဌဦးအောင်မြင့်ထွန်းနှင့် Nat ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး Nai Chailet Tale Santisu တို့က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှတ်တရလက်ဆောင်များအပြန်အလှန်ပေးအပ်ကာ စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ရခိုင်၊ “ဝ”၊ ချင်း၊လီဆူတိုင်းရင်းသူတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအကများဖြင့် လည်းကောင်း၊ Lanna ဒေသမှ ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက အကပဒေသာများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ခင်းကျင်းပြသထားသည့် ထိုင်းနိုင်ငံ Lanna ဒေသထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုဝယ်ယူအားပေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကံမမြို့နယ် ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများပေးအပ်

**ကံမ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၂ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများ၌ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်များနစ်မြုပ်သည့်အခြေအနေထိ ဖြစ်ပွားခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများနှင့်ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ ပစ္စည်းများကို ရေလွတ်ရာနေရာများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်အိမ်ထောင်စုများသို့ ရွှေသံလွင်ကုမ္ပဏီမိသားစုနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာရှင် အလှူရှင်များက ဆန် ၃၅၅ အိတ်၊ သောက်ရေသန့်ဘူး ၁၅၀၀၀၊ ခေါက်ဆွဲခြောက် ဖာ ၂၀၀ နှင့် အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများကို ၎င်းတို့နေထိုင်ရာ နေရာများသို့ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း (ပြန်/ဆက်)**

# ကောလင်းမြို့နယ်တွင် သဘာဝရေဘေးသင့်ပြည်သူများသို့ လူသားချင်းကူညီထောက်ထားစာနာမှုဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်

**ကောလင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် မိုးများအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ စက်ရုံလယ်ပြင်ရပ်ကွက် ဒက္ခိဏာရာမ အလယ်ကျောင်းတိုက်၊ နောက် ကျောင်းကြီးတိုက်၊ ရွာမကျေးရွာ စံတော်သာဘိုးဘွားရိပ်သာတို့တွင် မှီခိုနေထိုင်ကြသော ရေဘေးသင့်ပြည်သူများသို့ ဇူလိုင် ၃၁ ရက်မှစတင်၍ မိမိတို့နေရပ် ဒေသများသို့ ပြန်သွားကြပြီဖြစ်သော်လည်း ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဩဂုတ် ၁ ရက်မှစတင်၍ အလှူခံဌာနများထားရှိပြီး ဆက်လက်ထောက်ပံ့ရေးကို ဆောင်ရွက်လျက်ရှိသည်။

ကောလင်းမြို့နယ်တွင် ကျေးရွာပေါင်း ၆၈ ရွာ ရေကြီးနစ်မြုပ်ပြီး ရေဝင်ရောက်မှုများကြောင့် ဩဂုတ် ၁ ရက်တွင် ကောလင်းမြို့နယ်မှ စေတနာရှင် အလှူရှင်များနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များသည် နိုင်ငံတော်၏ စီမံဆောင်ရွက်မှုဖြင့် ဇူလိုင် ၁၈ ရက်မှ ၃၁ ရက်အထိ အလှူခံရရှိငွေကျပ် ၁၆၆၄၇၃၈၀၀ ရရှိပြီး နေ့စဉ်လှူဒါန်းငွေကျပ် ၂၉၅၂၁၀၀၀ ဖြစ်ရာ လက်ကျန်ငွေ ၁၃၆၉၄၅၈၀၀ ဖြစ်သည်။

ကောလင်းမြို့နယ် ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူသားချင်းစာနာထောက်ထားသောအားဖြင့် အနယ်နယ်အရပ်ရပ်မှလာရောက်လှူဒါန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့်လည်း ကိုယ်တိုင်သွားရောက်လှူဒါန်းနိုင်ပြီး ရေကြီးနစ်မြုပ် ရေလျှံမှုများကြောင့် လမ်းတံတားများ ပျက်စီးသောနေရာများတွင် လမ်းပြမော်တော်ယာဉ်၊ စက်လှေများဖြင့် အခမဲ့ကူညီနေသည်။ ယခုအခါ ရေဘေးသင့်ဒေသများသို့ မန္တလေး ပရဟိတကွန်ရက်မှ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အိုလမာအစ္စလာမ် သာသနာပညာရှင်များအဖွဲ့က ဦးဆောင်၍ ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၂ ရက်အထိ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ အဝတ်အထည်၊ အစားအသောက်၊ ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့သည်။

ရေဘေးသင့်ပြည်သူများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကလည်း ကောလင်း၊ ဝန်းသို၊ ကန့်ဘလူ၊ ကွန်းလှမြို့နယ်များရှိ ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ဆောင်နိုင်ရန် အိမ်ထောင်စုတစ်ထောင်အတွက် ငွေကျပ်သိန်း ၃၃၀တန်ဖိုးရှိ ခြင်ထောင်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဖိနပ်အစရှိသည့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိသည်။

**ကိုကိုညိမ်း(ကောလင်း)**

# သာသနာ့ဝင်၊ သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်(အထူး)စီမံချက် အောင်ပွဲအရ သာသနာ့ဝင်၊ သာသနာနွယ်ဝင်စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းနှင့်ဆက်ကပ်ခြင်းအခမ်းအနားကို ဗဟန်းမြို့နယ်ခြောက်ထပ်ကြီးရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ရင်ပြင်တော်၌ ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပသည်။

အဆိုပါအခမ်းအနား၌ ဟင်္သာတမြို့နယ် လဝကတာဝန်ရှိသူများကရဟန်း ၃၅၃ ပါး၊ သာမဏေ ၃၆၆ ပါး၊ သီလရှင် ၁၈၆ပါးတို့ဖြင့်စုစုပေါင်း ၉၀၅ ပါးအား သာသနာ့ဝင်၊ သာသနာနွယ်ဝင်စိစစ်ရေးကတ်ပြားများဆက်ကပ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် မိုးပွင့်(အထူး)စီမံချက်ကာလအတွင်းရဟန်း ၂၈၀၈ ပါး၊ သာမဏေ ၂၇၉၉ ပါး၊ သီလရှင် ၁၁၄၃ ပါးတို့ဖြင့် စုစုပေါင်းအပါး ၆၇၅၀ အား စိစစ်ရေးကတ်ပြားများဆက်ကပ်နိုင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ညောင်တုန်းမြို့ ရေဘေးအန္တရာယ်ကာကွယ်ရေး တက်ညီလက်ညီဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၄**

ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၂၂ ဒသမ ၅ ပေဖြစ်ပြီး ညောင်တုန်းမြို့၏ အန္တရာယ်ရေအမှတ်မှာ ၂၄ ဒသမ ၅ ပေဖြစ်ရာ ဩဂုတ် ၃ ရက်မွန်းလွဲပိုင်းတွင် စိုးရိမ်ရေမှတ်နှင့် အန္တရာယ်ရေအမှတ်များကျော်လွန်ကာ ၂၅ ဒသမ ၃ပေ သို့ ရောက်ရှိနေသဖြင့် ရေဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံနေရာ၌ တည်ရှိသော မြို့ဖြစ်သဖြင့် ပန်းလှိုင်မြစ်ရေကိုကာကွယ်ထားသော ညောင်တုန်းမြို့ပတ်ရေကာတာ မကျိုးပေါက်စေရေး၊ မြို့တွင်းသို့ရေမဝင်ရောက်နိုင်ရေး၊ ညောင်တုန်းမြို့ရေဘေးအန္တရာယ်မကျရောက်စေရေးတို့အတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့၊ ညောင်တုန်းမြို့အုပ်ချုပ်ရေးအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့မှ စေတနာ့ဝန်ထမ်းများလာရောက်လုပ်အားဒါနပြုသူများနှင့် ရပ်ကွက်ပြည်သူများက ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင်ရေစိမ့်သောရေကာတာအပေါက်ငယ်များကို စနစ်တကျပိတ်ဆို့ကာကွယ်ခြင်း၊ ရေလျှံနိုင်သောရေကာတာများပေါ်တွင် သဲအိတ်များ ထပ်ဆင့်ထားခြင်း၊ သဲအိတ်များအလုံအလောက်စုဆောင်းထားရှိခြင်း၊ ရေကာတာများကို နေ့ညရေကင်းများအချိန်ပြည့်စောင့်ကြပ်ခြင်းများအပါအဝင် ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီစုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုကြောက်လန့်မှုကို အခွင့်ကောင်းယူပြီး မမှန်သတင်းများ၊ ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်းတာဝန်ရှိသူများက ဒေသခံများအား အသိပေးထားကြောင်းသိရသည်။

**နေလင်း(ညောင်တုန်း)**

# မန္တလေး၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




**မန္တလေး ဩဂုတ် ၄**

ဩဂုတ် ၁ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မူးယစ်တပ်ဖွဲ့စု(၁၇)မှ ဒုရဲမှူးလှလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ပို့ဆောင်ရောင်းချမည် ဖြစ်ကြောင်း သတင်းအရ (၆၂)လမ်းနှင့် သိပ္ပံလမ်းထောင့်၌ စောင့်ဆိုင်းနေစဉ် တောင်မှမြောက်သို့သန်းထိုက်အောင် မောင်းနှင်ပြီး ရှေ့ခန်းတွင် နေလင်းအောင်၊ အလယ်တွင် မင်းမင်းတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်၏ထိုင်ခုံတန်းအောက်မှ စိတ်ကြွရူးသွပ် ဆေးပြား ၈၄၀၀၊ အလေးချိန် ၈၄၀ ဂရမ်ခန့်ကို တွေ့ရှိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများကို ဇူလိုင် ၃၀ ရက်က ရှမ်းပြည်နယ် မဘိမ်းမြို့နယ် မယ်ဇလီကျေးရွာနေ ဦးလွယ်ဂျာထံမှ ဝယ်ယူခဲ့ကြောင်း၊ ဆေးပြားဝယ်ယူရန် ငွေမလုံလောက်သဖြင့် အစ်ကိုဝမ်းကွဲတော်စပ်သူ မင်းအောင်ထံမှငွေကျပ် ၁၀ သိန်းကို ရှယ်ယာထည့်ဝင်၍ ရောင်းချပြီးပါက အချိုးကျခွဲဝေယူမည်ဖြစ်ကြောင်း သဘောတူခဲ့သည်။ ဆေးပြားများဝယ်ယူပြီး မန္တလေးမြို့တွင် ပြန်လည်ရောင်းချရန် ယောက်ဖတော်စပ်သူ မင်းမင်းက ဝယ်ယူမည့်သူအား မင်းအောင်၏စီစဉ်မှုဖြင့် ချိတ်ဆက်ပေးထားကြောင်း၊ ဆေးပြားများကို သယ်ဆောင်လာစဉ် မတ္တရာမြို့နယ် တံငါသည်ရွာထိပ်တွင် ညီဖြစ်သူ သန်းထိုက်အောင်က မော်တော်ကားဖြင့်လာရောက်ကြိုဆိုပြီး မန္တလေးသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲအုပ်ကျော်စိုးလင်း ဦးစီးအဖွဲ့သည် မင်းအောင်နေထိုင်သည့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် (စစရပ်ကွက်) ၅/စစ-၁၅၅ အောင်ဇေယျလမ်း ၅၅-၅၆ လမ်းကြားနေအိမ်ကို ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာမတွေ့ရှိရဘဲ မင်းအောင်ကို ဖမ်းဆီးရမိခဲ့ပြီး နေလင်းအောင်၊ မင်းမင်း၊ သန်းထိုက်အောင်၊ မင်းအောင်၊ ဦးလွယ်ဂျာ (ဖမ်းဆီးမမိသေး)တို့ကို အမှတ်(၁၁) နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

**ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)**
**နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ်(ငြိမ်း)၊ စစ်တက္ကသိုလ်အပတ်စဉ်(၁)**
**သူရဲကောင်းမှတ်တမ်းဝင်(နှစ်)ထပ်ကွမ်း**
**အသက်(၈၂)နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၂)လမ်းမကြီး၊ အမှတ် ၂၆၃နေ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးဝင်းကို-ဒေါ်မာလာလှိုင်၊ (ဦးပုညလှိုင်)-ဒေါ်ခင်မာရီ၊ (ဦးတေဇလှိုင်-ဒေါ်ကြည်ကြည်အေး)၊ ဦးထေရလှိုင်-ဒေါ်စန္ဒာမိုးတို့၏ဖခင်၊ မအေးမြတ်မွန်၊ မောင်ကောင်းဝေယံလှိုင်တို့၏အဘိုးသည် ၁-၈-၂၀၁၅ရက်(စနေနေ့)ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက်၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများသိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

---

# ဝမ်းနည်းကြေကွဲခြင်း
## ဦးငွေကြွယ်(ရွှေဘို)
**အသက်(၈၄)နှစ်**

ဒုတိယဗိုလ်မှူးကြီး ကိုကို(ငြိမ်း) [အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း]-ဒေါ်သန်းသန်းဆင့်တို့၏ ချစ်လှစွာသောဖခင်ကြီးဦးငွေကြွယ် သည် ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Asia General Electric Co.,Ltd.

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးစိုးမင်းအောင် (ခ) ဦးကောင်းမြတ်သူ**
**ဒုတိယဥက္ကဋ္ဌ - နဝရတ်ပညာရေး**
**အသက် (၄၀) နှစ်**

ဆရာမ ဒေါ်ဆွေနွယ်လတ် (Business Department, Victoria University College) ၏ ချစ်လှစွာသော ခင်ပွန်းဦးစိုးမင်းအောင်(ခ) ဦးကောင်းမြတ်သူသည် ၂.၈.၂၀၁၅ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

Victoria University College ကျောင်းသား၊ ကျောင်းသူများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးစိုးမင်းအောင် (ခ) ဦးကောင်းမြတ်သူ**
**ဒုတိယဥက္ကဋ္ဌ - နဝရတ်ပညာရေး**
**အသက် (၄၀) နှစ်**

ဆရာမ ဒေါ်ဆွေနွယ်လတ် (Business Department, Victoria University College) ၏ ချစ်လှစွာသော ခင်ပွန်းဦးစိုးမင်းအောင်(ခ) ဦးကောင်းမြတ်သူသည် ၂.၈.၂၀၁၅ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

နဝရတ်ပညာရေးမိသားစုဝန်ထမ်းများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးစိုးမင်းအောင် (ခ) ဦးကောင်းမြတ်သူ**
**ဒုတိယဥက္ကဋ္ဌ - နဝရတ်ပညာရေး**
**အသက် (၄၀) နှစ်**

ဆရာမ ဒေါ်ဆွေနွယ်လတ် (Business Department, Victoria University College) ၏ ချစ်လှစွာသော ခင်ပွန်းဦးစိုးမင်းအောင်(ခ) ဦးကောင်းမြတ်သူသည် ၂.၈.၂၀၁၅ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

Engineering Department မှ ဆရာ၊ ဆရာမများ

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမင်းအောင်(ခ)ဦးကောင်းမြတ်သူ
HND(Mechanical Manufacturing & Engineering)
**အသက်(၄၀)**

Barons Machinery & Engineering Construction Co.,Ltd၏ Managing Director ဦးအောင်ကျော်ဖြိုးနှင့် Barons and Fujikura EPC Co.,Ltd.၏ Managing Director ဒေါ်အိဖြူစင်ငွေးတို့၏ချစ်လှစွာသောအစ်ကို ဦးစိုးမင်းအောင်(ခ)ဦးကောင်းမြတ်သူသည် ၂-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဦးစိုးမင်းအောင်(ခ)ဦးကောင်းမြတ်သူသည် ကောင်းမွန်သော ဘုံဘဝသို့ ရောက်ပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဝမ်းနည်းစွာဖြင့်**
Barons Groups of Companies
Barons Machinery & Engineering Co.,Ltd.,
Barons Machinery & Engineering Construction Co.,Ltd.
Barons Industrial and Technology Co.,Ltd.
Barons Tele Link Co.,Ltd.
Barons and Fujikura EPC Co.,Ltd.

---

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/၃၀၁၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

# ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇စီ၊ မြေကွက်အမှတ် ၂၂၊ မြေကွက်တည်နေရာ ၁၀၊ မြခွာညိုလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဦးကြင်မှုံ ၁၂/ပဇတ(နိုင်)၀၀၈၂၉၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြင်မှုံ ကွယ်လွန်သဖြင့် ဒေါ်မေဝင်း ၁၂/ပဇတ(နိုင်)၀၀၇၈၂၅က ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

# ဘဝနတ်ထံပျံလွန်တော်မူခြင်း ဖိတ်ကြားလွှာ
## ဦးပညာဇောတ(ခ)ဦးဇင်းပြုံး
**သက်တော်(၆၀)၊ ဝါတော်(၁၅)ဝါ**

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးထွန်းမြိုင်-ဒေါ်အေးသင်)တို့၏သား မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊ ကျိုက္ခမီလမ်း၊ အမှတ် ၃၇နေ ဗိုလ်ကြီးဖေသိန်း(ငြိမ်း)-ဒေါ်သိန်းညွှန့်တို့၏ညီမောင်၊ (ဦးအောင်သက်ဦး)-ဒေါ်သန်းသန်းအေး၊ (ဦးကျော်မျိုးအောင်)-ဒေါ်ငွေငွေယုတို့၏ ဦးလေး၊ ဒေါ်နုနုအေး၏ခင်ပွန်း၊ ကိုကျော်စွာထွန်းမြင့်-မလင်းလင်းထက်၊ မသီရိထက်၊ ကိုကောင်းဇင်ထက်-မမေဟန်ခင်တို့၏ဖခင်၊ မဖူးရွှေရည်ထက်၊ မောင်ခန့်တေဇတို့၏အဘိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ ကျိုက်ဒေးယျုဘုရားဝင်း၊ သာသနာ့ပါလစံပြကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော ဦးပညာဇောတ(ခ)ဦးဇင်းပြုံး သက်တော်(၆၀)၊ ဝါတော်(၁၅)ဝါသည် ၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် (၂-၈-၂၀၁၅)ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ဖြစ်ပါးသော ရောဂါဝေဒနာဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၄-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူးလျက် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ၈-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါကျောင်းတိုက်သို့ တရားတော်နာ ကြွရောက်ပါရန် သံဝေဂစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်းစားကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်ဥ
**အသက် (၉၄)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ စဉ့်အိုးတန်း (အထက်လမ်း)၊ အမှတ် ၉၅နေ ဦးအေးမောင်၏ ဇနီး၊ ဦးအောင်မြင့်- (ဒေါ်မြဝင်း)၊ (ဦးသိန်းမြင့်)- ဒေါ်မြသင်း၊ ဦးအောင်စိုး-ဒေါ်မြသန်း၊ ဒေါ်မြသိန်း(U.S.A)၊ ဦးအေးကို-ဒေါ်မာလာဝင်း၊ ဦးအောင်ဆွေ-ဒေါ်ခင်မြအေးတို့၏ မိခင်၊ မြေး ၁၆ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၄း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သောင်းရီ(တောင်ငူ)
**အသက်(၈၈)နှစ်**

ဒေါ်ခင်သောင်းရီ(သူနာပြုအုပ်-ငြိမ်း)သည် ၃၀-၇-၂၀၁၅ရက် ညနေ ၄း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဆွေညွှန့်(ခ)ဦးညွှန့်မောင် (တောင်ငူ)
**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ သာသနာရေးဦးစီးဌာန**
**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ် ၂၅၄နေ (ဦးဘတူ-ဒေါ်စိမ်းမြ)တို့၏ သား၊ (ဦးဘအုန်း-ဒေါ်စောနု)တို့၏ သားသမက်၊ ဒေါ်ရီရီ၏ ခင်ပွန်း၊ ဒေါ်ချိုချိုမာ(လက်ထောက်ညွှန်ကြားရေးမှူး၊ သသန)၊ ဦးညွှန့်ရွှေ (လက်ထောက်ညွှန်ကြားရေးမှူး၊ ပထပ)-ဒေါ်မြင့်မြင့်ခိုင် (အင်/ယာဌာနအဆောက်အအုံ၊ မြို့တော်စည်ပင်)၊ ဦးဇော်ဝင်းတို့၏ ဖခင်၊ မောင်ကောင်းစည်သူ၏ အဘိုးသည် ၃-၈-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၉-၈-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန် ဒါယကာကြီး**
## Engr. ဦးသန်းမြင့်
**ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား**
M.D **အေးရိပ်မွန်ကုမ္ပဏီ**
F.MES.M.ASCE,F.AFEO.B.Sc(Civil Engg;)
M.A.Sc(Structural Engg:)Waterloo Canada
Past President,Myanmar Engineering Society(MES)
Ex.Chairman,Myanmar Earthquake Committee(MES)
Ex.Chairman,Committee For Quality Control of High-nise Building Projects(CQHP)
**အသက်(၇၆)နှစ်**

(ဦးမာဒင်-ဒေါ်ဒေါ်ပု)တို့၏သား၊ (သီရိပျံချီဦးအေးမောင်-ဒေါ်ရင်ပို)တို့၏သားသမက်၊ (ဦးအောင်ကြည်-ဒေါ်သန်းနွဲ့)၊ (ဦးချစ်ဆွေ)-ဒေါ်လှမြိုင်တို့၏မောင်/ညီ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ် (၂၈-E)နေ ဒေါ်ခင်သိန်းကြည်(အထက်တန်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မင်းထွန်း(Starlight Co.,Ltd)-ဒေါ်အေးအေးမြတ်၊ ဦးမြင့်ခိုင် (Executive Director,Aye Yeik Mon Construction,M.D,Nine Engineering Group)-ဒေါ်လှမိုးအေး(L.Geismar) တို့၏ချစ်လှစွာသောဖခင်၊ မောင်မိုးမြင့်မောင်၊ မောင်ဖြိုးမြင့်အေး (Monash University,Melbourne,Australia)၊ မမေခိုင်မိုးသက်၊ မခင်ချောသဇင်တို့၏ ဘိုးဘိုးသည် ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၃း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ**
**ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)**
**နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ်(ငြိမ်း)**
**စစ်တက္ကသိုလ်အပါတ်စဉ်(၁)**
**သူရဲကောင်းမှတ်တမ်းဝင်(၂)ထပ်ကွမ်း**
**အသက်(၈၂)နှစ်**

ဦးဝင်းကို-ဒေါ်မာလာလှိုင် တို့၏ဖခင်၊ မအေးမြတ်မွန်၏ အဘိုး ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) အသက်(၈၂)နှစ်သည် ၁-၈-၂၀၁၅ ရက် (စနေနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မြင့်-ဒေါ်ဖြိုးဖြိုးဝေ**
**သစ်ထုတ်ရေးဝန်ထမ်းများ**
**ဝင်းမာလာအောင်ကုမ္ပဏီ**

---

# ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ**
**ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)**
**နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ်(ငြိမ်း)**
**စစ်တက္ကသိုလ်အပါတ်စဉ်(၁)**
**သူရဲကောင်းမှတ်တမ်းဝင်(၂)ထပ်ကွမ်း**
**အသက်(၈၂)နှစ်**

ဦးဝင်းကို-ဒေါ်မာလာလှိုင် တို့၏ဖခင်၊ မအေးမြတ်မွန်၏ အဘိုး ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) အသက်(၈၂)နှစ်သည် ၁-၈-၂၀၁၅ ရက် (စနေနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းနိုင်-ဒေါ်သန်းသန်းနွယ်**
**သစ်အချောထည် စက်ရုံဝန်ထမ်းများ**
**ဝင်းမာလာအောင်ကုမ္ပဏီ(မန္တလေးမြို့)**

---

# ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ**
**ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)**
**နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ်(ငြိမ်း)**
**စစ်တက္ကသိုလ်အပါတ်စဉ်(၁)**
**သူရဲကောင်းမှတ်တမ်းဝင်(၂)ထပ်ကွမ်း**
**အသက်(၈၂)နှစ်**

ဦးဝင်းကို-ဒေါ်မာလာလှိုင် တို့၏ဖခင်၊ မအေးမြတ်မွန်၏ အဘိုး ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) အသက်(၈၂)နှစ်သည် ၁-၈-၂၀၁၅ ရက် (စနေနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝင်းမာလာအောင်ကုမ္ပဏီ**
**ဝန်ထမ်းများ(ရန်ကုန်မြို့)**

---

**ဖခင် အမည်မှန်**

အထက(၁)သင်္ဃန်းကျွန်း၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်ထွန်းဆောင်၏ ဖခင်အမည်မှန်မှာ မောင်ဆွေ ၁၃/နတရ(နိုင်)၀၀၅၃၃၁ ဖြစ်ပါသည်။



# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ ➤ ၈

## ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးခရီးစဉ်ဒေသဆုအား မြန်မာနိုင်ငံမှ ဆွတ်ခူးရရှိ

**နေပြည်တော်   ဩဂုတ်   ၄**

စင်ကာပူနိုင်ငံအခြေစိုက် ခရီးသွားလုပ်ငန်းမဂ္ဂဇင်း TTG Travel Trade Publishing က ရွေးချယ်သည့် ၂၀၁၅ အကောင်းဆုံးခရီးစဉ်ဒေသဆုကို မြန်မာနိုင်ငံအား ရွေးချယ်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆုကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် 26th Annual TTG Travel Awards 2015 အခမ်းအနားတွင် ပေးအပ်သွားမည်ဟု သိရှိရသည်။

TTG Annual Travel Awards ဆုများကို ၁၉၈၉ ခုနှစ်က စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်ခရီးသွားလုပ်ငန်းဆိုင်ရာဆုများကို အမျိုးအစား လေးမျိုးခွဲကာ ပေးအပ်လျက်ရှိပြီး ယခုနှစ်အတွက် Outstanding Achievement Awards အမျိုးအစား၌ စာမျက်နှာ ၇ ကော်လံ ၅



## သံတောင်ကြီးမြို့၌ မြေပြိုမှုနှစ်ကြိမ်ဖြစ်ပွား၊ ကားလမ်းပိတ်ဆို့မှုများ ရှင်းလင်း

**သံတောင်ကြီး   ဩဂုတ်   ၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ ဩဂုတ် ၃ ရက် ညနေ ၄ နာရီခွဲမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံတောင်ကြီးမြို့အဝင်လမ်းရှိ အမှတ် (၁၂၄) ခြေလျင်တပ်ရင်း၏ ကျောက်သားကွန်ကရစ် မြေထိန်းနံရံပြိုကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပိတ်ဆို့နေသောလမ်းအား ရှင်းလင်းရန်အတွက် ဩဂုတ် ၄ ရက် နံနက် ၆ နာရီမှစ၍ ဘုရင့်နောင်တပ်နယ်မှ အရာရှိစစ်သည်များ၊ ခလရ (၁၂၄)မှ တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း ဦးစီးသောဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများကစုပေါင်းရှင်းလင်းခြင်း၊ မီးသတ်ရေပိုက်ဖြင့် မြေထိုးချခြင်း၊ ကူဘိုတာထွန်စက်ဖြင့် မြေထိုးခြင်းများပြုလုပ်၍ လမ်းအမြန်ပွင့်စေရန်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လမ်းပွင့်၍ မော်တော်ယာဉ် ကောင်းစွာသွားလာနိုင်ခဲ့သည်။

ထိုနည်းတူ သံတောင်ကြီးမြို့ အမှတ်(၁)ရပ်ကွက် အလက(ခွဲ) ကျောင်းအဝင်လမ်း လူနေရပ်ကွက်တွင် စာမျက်နှာ ၇ ကော်လံ ၆

## ညောင်တုန်းမြို့နယ်အား သဘာဝဘေးအန္တရာယ်ကျရောက်ရန် စိုးရိမ်ရသော လိမ္မော်ရောင်အဆင့်သတ်မှတ်ပြီး ရွှေ့ပြောင်းမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော်   ဩဂုတ်   ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၏ ဧရာဝတီမြစ်ရေမှာ ယနေ့နံနက် ၆ နာရီတိုင်းထွာချက်အရ စိုးရိမ်ရေမှတ်ဖြစ်သော ပေ ၂၅ ဒသမ ၅၀သို့ ရောက်ရှိခဲ့ပြီး ရေဘေးကာကွယ်ရေးတာ၏ အထက်ကျော်လွန်ကာ မြို့မြေမျက်နှာပြင်ထက် ပျမ်းမျှ ငါးပေကျော်သို့ ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် ညောင်တုန်းမြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်ရန် စိုးရိမ်ရသောလိမ္မော်ရောင်အဆင့် သတ်မှတ်ထုတ်ပြန်၍ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးများအား အသက်အန္တရာယ်မဖြစ်ပေါ်စေရန်အတွက် သတ်မှတ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ စတင်ရွှေ့ပြောင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ချောက်မြို့အနိမ့်ပိုင်းနေသူများ သတိပြု

**နေပြည်တော်   ဩဂုတ်   ၄**

ယနေ့မြန်မာစံတော်ချိန် နံနက်၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၅ စင်တီမီတာ(ပေဝက်ခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

www.facebook.com/MYANMAALINNEWS mmalin.npt @ gmail.com,

